www.burmeseclassic.com

ခင်ဦးခင်ခင်
(ဆေးတက္ကသိုလ်)

# အမွေသား



www.burmeseclassic.com

www.burmeseclassic.com

# ခင်ဦးခင်ခင်(ဆေးတက္ကသိုလ်)

## အမေ့သား

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၆၄၀၆၀၃
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၅၁၁၀၆၀၅

၂၀၀၇ ခုနှစ် စက်တင်ဘာလ၊
ပထမအကြိမ်
တန်ဖိုး - ၁၀၀ိ/-
အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း ရန်ကုန်။

## နိုင်ငံတော်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







# ခင်ဦးခင်ခင်
(ဆေးတက္ကသိုလ်)



# အမေ့သား

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







ကျုပ်နာမည်က စိန်မြိုင်တဲ့တော့။

ငယ်ငယ်ကတော့ မိစိန်မြိုင်၊ အရွယ်လေး ရလာတော့ မစိန်မြိုင်၊ ခုလို သက်ကြီးအရွယ်နှောင်းပိုင်း ရောက်လာတော့ ဒေါ်စိန်မြိုင်ပေါ့။

ကျုပ်နာမည်က ကျက်သရေမရှိဘူးလား။ လူတကာ မက်မောသဘောကျရတဲ့ တန်ဖိုးအကြီးဆုံး စိန်တွေကိုမှ မြိုင်မြိုင် ဆိုင်ဆိုင်ကြီး ဝတ်ဆင်သုံးစွဲနိုင်မယ်ဆိုတဲ့ အဓိပ္ပာယ်လေ။

ကျုပ်နာမည် ဖြစ်ပေါ်လာရပုံကိုလည်း နည်းနည်း လောက် ရှင်းပြချင်သေးတယ်။ ကျုပ်တို့မှာက မောင်နှမသုံးယောက်။ အစ်မအကြီးဆုံး မွေးတုန်းက အငြိမ့်သမီး မြခြေကျင်း မငွေမြိုင်ကို



www.burmeseclassic.com

www.burmeseclassic.com



သဘောကျခဲ့တဲ့ အဘိုးက ငွေမြိုင်လို့ နာမည်ပေးလိုက်တယ်။ ပြည်တော်သွားရာ ခေတ်သက်ပါ ဆိုသလိုပဲ အစ်မကို မွေးပြီးမှ စီးပွားတွေတက်ပြီး ငွေတွေဝင်လိုက်တာတဲ့။

ဒီလိုနဲ့ အစ်ကိုကို မွေးတော့ အထူးစဉ်းစားစရာ မလိုဘဲ နာမည်မှည့်ချလိုက်တယ်။ ရွှေမြိုင်ပေါ့။

ဒါလည်း ပြည်တော်သွားရာပါပဲ။ အစ်ကိုမွေးပြီးတော့ မှိုပြီး စီးပွားဖြစ်လာတာများ ရွှေတွေတောင် တော်တော်စုမိသတဲ့။

ကဲ ... ဒီတော့ နောက်ဆုံးမွေးတဲ့ ကျုပ်ကိုကျ "စိန်မြိုင်"လို့ တညီတညွတ်တည်း ဝိုင်းမှည့်ကြတော့တာပေါ့။ စီးပွားလည်း ဒီထက်ဖြစ်ထွန်းပြီး ရွှေသာမက စိန်ပါစုမိမယ်လို့ မျှော်လင့်နေကြတာ။

ဒါပေမဲ့ ကံဆိုးချင်တော့ ကျုပ်လက်ထက်ကျမှ ပြည်တော်သွားရာ ခေတ်သက်က မပါရှာဘူး။ စိန်တွေစုမိဖို့နေနေ သာသာ စီးပွားပျက်ပြီး နဂိုစုဆောင်းထားတဲ့ ငွေလေးတွေတောင် ကုန်လို့ တိုက်ခံနှစ်ထပ်အိမ်ကြီးနဲ့ ကျယ်ဝန်းတဲ့ ခြံကြီးကိုရောင်း





ပြီး ခပ်ကျဉ်းကျဉ်း ခြံထဲမှာ ပျဉ်ထောင်အိမ်ကလေးနဲ့ နေကြရတဲ့ ဘဝ ရောက်ရော။

ဒါကြောင့် လူတွေက ကျုပ်ကို နိုက်သလေး ဘာလေး ပြောကြတာပေါ့။ မိဘတွေ ကိုယ်တိုင်က ဘေးပတ်ဝန်း ကျင်စကား နားယောင်ပြီး ကျုပ်ကို သိပ်မချစ်ကြတော့တာ။

ငယ်ငယ်တုန်းကဆိုရင် ကျုပ်နဲ့ အပေါင်းအသင်း လုပ်မိရင်ပဲ သူတို့တွေမှာ ထိခိုက်နစ်နာ ဆုံးရှုံးမှုတွေ ဖြစ်လာတော့ မလိုလို အဆက်ဆံခံရလို့ သက်တူရွယ်တူ ကလေးတွေကို ကျုပ်က မုန်းမှမုန်း။

သက်တူရွယ်တူတွေကိုမှ မဟုတ်ပါဘူး။ ကျုပ်ကို ရှောင်ရှားချင်တဲ့၊ ပစ်ပယ်ချင်တဲ့၊ ကြောက်ရွံ့တဲ့သူတွေ အားလုံး ကိုပဲ ကျုပ်က မုန်းတာပါ။

ကလေးဘဝကတည်းက ကျုပ်ဟာ တစ်နေ့မှာ ကောင်းဆိုးဝါး၊ အကုသိုလ်သတ္တဝါတစ်ကောင်လို အကြည့်ခံရ တဲ့ ဘဝကနေ လွတ်ကင်းရမယ်၊ လူတိုင်းက အထင်တကြီး မော့



www.burmeseclassic.com

www.burmeseclassic.com



ကြည့် အားကျရတဲ့ဘဝ ရောက်ရမယ်လို့ ရည်ရွယ်ချက်ကြီးကြီး ထားခဲ့တယ်။

ကျုပ်က စာဆို ရေးတတ်ဖတ်တတ်ရုံလောက်ပဲတတ်တာ။ ငယ်ငယ်တုန်းက ကျောင်းထားတဲ့ အရွယ်မှာ ဘယ်သူနဲ့မှ မတည့်၊ တစ်နေ့တစ်မျိုး ပြဿနာတွေ ရှာရှာလာတတ်လွန်းလို့ မိဘတွေက စိတ်ညစ်ပြီး နောက်ဆုံး ကျောင်းပါ ထုတ်လိုက်ရတာ။

စဉ်းစားကြည့်။ မိဘကလည်း မချမ်းသာ၊ ပညာလည်း လေးတန်းလောက်ပဲတတ်တဲ့ သာမန်မိန်းကလေးတစ်ယောက်ဟာ ကိုယ့်စွမ်းကိုယ်စ ဘယ်လောက်ရှိလို့ ချမ်းသာအောင် လုပ်နိုင်မှာလဲ။

ကိုယ်တိုင်က ချမ်းသာအောင် မလုပ်နိုင်တဲ့ မိန်းမတစ်ယောက်အတွက် ချမ်းသာဖို့ မျှော်လင့်ချက်ဟာ ချမ်းသာတဲ့ယောက်ျားတစ်ယောက်ကို လက်ထပ်နိုင်ဖို့ပဲဆိုတော့ ကျုပ်လည်း ဘယ်သူဌေးသားတစ်ယောက်ကများ မျက်စိလည် လမ်းမှားပြီး လာကြိုက်မလဲလို့ မျှော်လင့်ဖို့ပဲ ရှိတာလေ။





ကျုပ်လည်း မျှော်တော့ မျှော်လင့်ခဲ့မိသား။ ဒါပေမဲ့ တကယ့်လက်တွေ့ဘဝဟာ ရုပ်ရှင်တွေ ဝတ္ထုတွေနဲ့ မတူဘူးလေ။ ကျုပ်တို့လို အနေအထားမျိုးဟာ ဒိတ်ဒိတ်ကြဲ သူဌေးတစ်ယောက်နဲ့ တွေ့ဆုံဖို့ အခွင့်အလမ်းလည်း နည်းပါးလွန်းလှပါရဲ့။

ကျုပ်ကလည်း ဖွဲလည်းကောင်း၊ ခေါင်းကလည်း မာတော့ အသက်သုံးဆယ်ကျော် အရွယ်ရောက်တဲ့အထိ အိမ်ထောင်မပြုဘဲ ကျုပ်ရဲ့အိပ်မက်မင်းသားလေးကို စောင့်နေခဲ့သေးတယ်။

နောက်တော့ နည်းနည်း အသက်ကြီးလာကြပြီဖြစ်တဲ့ မိဘတွေက သမီးလေးနောင်ရေး စိတ်ပူလှချည်ရဲ့ဆိုပြီး သင့်တော်တဲ့ လူတစ်ယောက်နဲ့ အတင်း အိမ်ထောင်ချပေးကြပါလေရော။

အသက်သုံးဆယ်ကျော်၊ အရွယ်တော်တစ်ဆိတ်ပိုင်းလာပြီဖြစ်တဲ့ ကျုပ်ဟာ ကိုခန့်မောင် ဆိုတဲ့ ရိုးသားတဲ့ဂုဏ်ပုဒ်နဲ့ ရုံးအုပ်ကြီးဆိုတဲ့ ရာထူးကလွဲလို့ တခြား ဘာမှမပိုင်ဆိုင်တဲ့ ယောက်ျားတစ်ယောက်ရဲ့ မယား ဖြစ်လာရရောပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကိုခန့်မောင်က တော်ပါတယ်၊ ကျုပ်ကိုလည်း ချစ်ရှာတယ်။ ဘယ်လောက်ချစ်သလဲဆိုရင် ကျုပ်ကို အိမ်မှုကိစ္စ ဘာမှမလုပ်စေဘဲ အိမ်ကိစ္စတွေရော ကျုပ်ရဲ့ဝေယျာဝစ္စတွေပါ သူ တစ်ယောက်တည်း ဖိလုပ်တာ။ သူတစ်ယောက်တည်း မနိုင်တော့ တောက တူမလေးတစ်ယောက်ကို ခေါ်ထားတယ်လေ။

ကျုပ်ကတော့ မကြည်ဖြူဘဲ ယူခဲ့ရတဲ့ ယောကျ်ားကို (ကိုယ့်အပေါ် ကောင်းမှန်းသိပေမဲ့လည်း) မကျေချမ်းနိုင်ပဲ အမျိုးမျိုး နိုင်စားခဲ့တာပေါ့။

ကိုခန့်မောင် ဆုံးတော့ အသက်က လေးဆယ်ကျော်ရယ်။ ကျုပ်တို့အိမ်ထောင်ရေးလည်း ဆယ်နှစ်လောက်ပဲ ခံလိုက်တာပေါ့။

ကိုခန့်မောင် ဆုံးပြန်တော့လည်း လူတွေက ပြောကြပြန်ရော။ ကျုပ် နှိပ်စက်လို့ သူ့ခမျာ သေရတာပေါ့လေ။ တကယ်က မဆုံးခင်အထိ ကိုခန့်မောင်ဟာ ကျုပ်အတွက် စိတ်ပူတာကလွဲရင် ပျော်ပျော်ရွှင်ရွှင်ပါ။ သူ့အိမ်ထောင်ရေးကို သူ ကျေနပ်သွားခဲ့တာပါ။





မကျေနပ်ဘဲ ကျန်ခဲ့တာက ကျုပ်။

ဘယ်ကျေနပ်နိုင်ပါ့မလဲ။ ခွေးသေ သားရေမရ။ စာရေးသေ အမွေမရ ဆိုတဲ့ စကားပုံလိုပဲ ရိုးသားတဲ့ ရုံးအုပ်ကြီး ကိုခန့်မောင် သေတော့ သူသုံးနေကျ လက်နှိုက်စက်အဟောင်း တစ်လုံးရယ်၊ ခပ်ပေါပေါ နာရီတစ်လုံးရယ်၊ ကက်ဆက်လေးတစ်လုံးရယ်၊ ခပ်လတ်လတ် အဝတ်အစား ငါးစုံလောက်ရယ်၊ ဒါပဲ ကျန်ခဲ့တာ။

ကျုပ်မှာလည်း မလုပ်တတ် မကိုင်တတ်နဲ့။ နောက်တော့ မိဘတွေဆီက အမွေရတဲ့ ပစ္စည်းလေးတစ်ချို့ကို ရောင်းချပြီး ငွေတိုးချေးစားတဲ့ အလုပ်ကိုပဲ လုပ်ဖြစ်ရော။

ကဲ ... ကျုပ်အကြောင်းတွေ ပြောရတာ များပြီ။ သိပ်လည်း စိတ်ဝင်စားစရာ မကောင်းတော့ဘူး မဟုတ်လား။

အခု အရေးကြီးတဲ့ အကြောင်းကိုပဲ ပြောကြရအောင်။

ကျုပ်မှာ သားတစ်ယောက် ရှိတယ်။ သားကလေ ကျုပ်နဲ့လည်း မတူဘူး။ သူ့အဖေနဲ့ဆို ပိုလို့တောင် မတူဘူး။ တစ်မိပေါက် တစ်ယောက်ထွန်းဆိုတဲ့ သားမျိုး။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ကလည်း ချောလိုက်တာ။ ဘယ်သူ့တူလို့ ချောတာလဲလို့ ပြောလို့ကို မရဘူး။ အဖေရော အမေရောက သိသိသာသာ ချောတာ လှတာ မဟုတ်ဘဲ သားကျမှ (ဘဝက်အကျိုးပေးနဲ့မလိုက်) နှုတ္ထတ်မွှတ်ပြီး ချောမွေ့နေတာပဲ။

ချောတာတစ်ခုတည်းတင် မဟုတ်ပါဘူး။ သားက စာလည်းတော်လိုက်တာမှ တအားပါပဲ။ ပညာရေးမှာ ထူးချွန်တာကတော့ အမေဘက်၊ အဖေဘက် ဘယ်ဘက်မှာကမှ မျိုးရိုးအခြေခံမရှိဘဲ ထွန်းထွန်းပေါက်ပေါက်ကို တော်တာ။

ဆယ့်တန်းအောင်တော့ ဂုဏ်ထူးလေးခုတောင် ပါသလေ။ ကျူပ်သား တော်ချက်ကတော့ ပြောမပြတတ်လောက်အောင်ပါပဲ။

တစ်သက်လုံးက ကံဇာတာ ညှိုးမှိန်ပြီး လူပြောသူပြောခံ၊ လူအထင်သေးခံဘဝနဲ့ နေလာခဲ့ရတဲ့ စိန်မြိုင်တို့ သားလေး လူလားမြောက်ကတည်းက ကံဇာတာမြင့်တက်ပြီး မျက်နှာပွင့်လာခဲ့ရတာ။





သား ဆယ်တန်းအောင်တုန်းကဆို ဘာပြောကောင်းမလဲ။ တစ်ရပ်ကွက်လုံး အုန်းအုန်းကျွက်ကျွက်။ ကျူပ်တို့ရပ်ကွက်ထဲမှာ ကလေးအတော်များများဟာ ဆယ်တန်းအောင်ဖို့ မပြောနဲ့ အလယ်တန်းရောက်အောင်တောင် အနိုင်နိုင် တက်ကြရတာ။

တချို့က မိဘမတတ်နိုင်လို့ ခပ်စောစော ကျောင်းထုတ်ခံရတာ။ တချို့ကျတော့ ကိုယ်တိုင်က ဉာဏ်မမီလို့ တဖုံးဖုံးကျနေတာနဲ့ပဲ ကျောင်းထုတ်လိုက်ရတာ။ တချို့ကျတော့လည်း ဆိုးလွန်းလို့ ပြဿနာတွေ လုပ်လွန်းလို့ ကျောင်းထုတ်ခံရတာရှိသေး။

အဲ ... ဆယ်တန်းအထိ နေရတော့လည်း မထူးပါဘူး။ ဘယ်ကလေးမှ ဆယ်တန်းဆိုတဲ့ တောင်ကြီးကို လွတ်အောင် ကျော်လွှားနိုင်ကြတာ မဟုတ်ဘူး။

ကျတဲ့လူနဲ့ “ခ” စာရင်းကပဲ အောင်တဲ့လူနဲ့။ “က” စာရင်းက အောင်ရင်တောင် ဂုဏ်ထူး ဆိုတာကတော့ မှန်းမနေနဲ့။



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့တဲ့ သုံးနှစ်လောက်တုန်းကတော့ လမ်းထိပ်က ဆီးထုပ်လုပ်ငန်းပိုင်ရှင် (ကျုပ်တို့ရပ်ကွက်ထဲမှာတော့ အချမ်းသာဆုံး) ဦးအောင်ကြည်ရဲ့သမီး အကြီးမ ခင်သန္တာက ဂုဏ်ထူးနှစ်ခု ပါဖူးတယ်။ အဲဒီတုန်းကများ လမ်းထဲမှာ အထူးဆန်းဆုံးသတင်း ဖြစ်ခဲ့သေးတာပေါ့။ အကြွားသန်တဲ့ ဦးအောင်ကြည်ကြီးကလည်း ရပ်ကွက်ထဲမှာ အလှူကြီးပေးပြီး အကြီးအကျယ်ကို ကြွားပြခဲ့သေးတာ။

အဲဒီနောက်တော့ သုံးနှစ်လုံးလုံး ရပ်ကွက်ထဲက ဆယ်တန်းကျောင်းသားတွေကြားမှာ ဂုဏ်ထူးမိုးခေါင်ခဲ့ပြန်ပါလေရော။

ကျုပ်သားလက်ထက်ကျမှ ...။ ရတဲ့ဂုဏ်ထူးကလည်း အနှစ် နှစ်ဆယ်အတွင်း တစ်ကြိမ်ပဲ ရဖူးတာဆိုတော့ ဦးအောင်ကြည့်သမီးထက်တောင် ဂုဏ်ရှိသေးတာပေါ့။

ရပ်ကွက်ထဲမှာလည်း ကျုပ်က ချက်ချင်းပဲ မျက်နှာပွင့်လာတယ်။ ကျုပ်သားက ရှေ့အလားအလာ သိပ်ကောင်းတဲ့





အဖိုးတန်လေး ဖြစ်နေပြီကိုး။ အထူးသဖြင့် သားနဲ့ အသက်ရွယ်တူနီးပါးရှိမဲ့ သမီးရှင်တွေဆို ပိုဆိုးပေါ့။ ကျုပ်ကို မျက်နှာချိုသွေးပြီး သွားဖြဲပြပြနေရတာနဲ့တင် သွားအအေးပတ်ပြီး လမ်းထိပ်က ဆေးခန်းကို ရောက်ကြတာတောင် မနည်းဘူးဆိုပဲ။

ဘာပဲဖြစ်ဖြစ် ကျုပ်ကတော့ ဘုရင်ခေတ် မဟုတ်တာကိုပဲ အသည်းယားလှသတော့်။ ကျုပ်သားလို အဖိုးတန်ယောကျ်ားမျိုးဟာ ရှင်ဘုရင်သမီးနဲ့မှ ထိုက်တန်တယ်လို့ကို ထင်တာ။

ရပ်ကွက်ထဲက မွဲမွဲတေတေ၊ ညံ့ညံ့ဖျင်းဖျင်း၊ ရုပ်ပလာတာ မိန်းမတွေများတော့ ကျုပ်သားကို စေ့စေ့ကြည့်ဖို့တောင် မတန်ဘူးလို့ကို သတ်မှတ်ထားတာတော့။

သားကလည်း သားလိမ္မာလေးပါ။ အမေက ဒါလုပ်ဆို ဒါပဲလုပ်တဲ့၊ အမေက သေဆိုသေ၊ ရှင်ဆိုရှင်၊ သူဖြစ်ချင်တာကို ဦးစားမပေး၊ အမေ့ဆန္ဒကိုပဲ ဦးစားပေးတတ်တဲ့ သားလိမ္မာမျိုး။



www.burmeseclassic.com

www.burmeseclassic.com



လူကလည်း လူအေး။ တစ်နေ့ တစ်နေ့ အိမ်မှာပဲနေပြီး စာဖတ်၊ အားတဲ့အခါ အမေကိုကူ။ စကားကလည်းနည်း၊ အပေါင်းအသင်းလည်းနည်း၊ လူငယ်ယောကျ်ားလေး သဘာဝလမ်းများတာ၊ မိန်းကလေးတွေကို စိတ်ဝင်စားတာလည်း မရှိ။

စိန်မြိုင်ဆိုတဲ့ ကျုပ်ဘဝမှာ မွေးကတည်းက ကောင်းကွက်တစ်ခုမှ မပိုင်ဆိုင်ဘဲ နေခဲ့ရတာ။ ကျုပ်တစ်သက်လုံး အနှစ်နာခံခဲ့ရတာတွေအတွက်၊ အသိမ်ငယ်ခံခဲ့ရတာတွေအတွက်၊ အပြောအဆို ခံခဲ့ရတာတွေအတွက် ပြန်ရလိုက်တဲ့ ဆုလာဘ်ကတော့ "အလိမ္မာ"ဆိုတဲ့ ကျုပ်ရဲ့ အဖိုးတန်သားလေးပဲပေါ့။





စိတ်များ ညစ်တော်င ညစ်ပါရဲ့။

ဘယ်သူတွေကများ တမင်အစွဲ့တိုက်ပြီး လူကို "ခင်ချမ်းသာ"ဆိုတဲ့ နာမည်ပေးသွားကြသလဲ မသိပေါင်။

ကြည့်ရတာတော့ သိပ်ပြီး ချမ်းသာချင်ရှာသည့် အဖေက လူကိုယ်တိုင် မချမ်းသာရတော့ အာသာပြေသဘောနဲ့ ကိုယ့်သမီးကိုပဲ နာမည်အဖြစ် မှည့်ပေးခဲ့တာနေမည်။

မှည့်သည့်သူက ကိုယ့်စိတ်ကြိုက် မှည့်သွားပေမဲ့ ဒီနာမည်ကိုပိုက်ပြီး တစ်သက်လုံး ရှင်သန်သွားရမည့်သူအတွက်တော့ ဒုက္ခရောက်လှသည်။

www.burmeseclassic.com



ကလေးငယ်ကလေးတွေကို ရှည်လျား ထွေပြား ဆန်းကြယ်သည့် နာမည်မျိုးတွေ မှည့်ပေးပြီး အဲဒီကလေးတွေ ရက်ပိုင်း၊ လပိုင်းနဲ့ ဆုံးသွားသည့်အခါ လူတွေက "နာမည်ပိပြီး သေတာ"၊ "နာမည်စီးသွားတာ"လို့ ပြောတတ်ကြသည်။

ခင်ချမ်းသာမှာတော့ နာမည်ပိပြီး မသေရပေမဲ့ သေတာထက်ဆိုးသော ဟားတိုက်လှောင်ပြောင် ကဲ့ရဲ့ခြင်းကို အမြဲခံရတာ။

ကဲ့ရဲ့လှောင်ပြောင်ကြသည့် လူတွေကိုလည်း အပြစ်တော့ မတင်သာပါဘူးလေ။ စဉ်းစားကြည့်ကြပေါ့။ ရိုးနွမ်းစုတ်ဖတ်နေသော အဝတ်အစား၊ နေလောင်လို့ ညိုမောင်းနေသော အသားအရည်နဲ့ နီကျင်ကျင် ဆံပင်၊ လှချင်လို့ ပိန်အောင်လုပ်ထားရတာ မဟုတ်ဘဲ ထမင်းမဝလို့ အလိုလို ကြုံလှီပိန်ချော်နေသော ခန္ဓာကိုယ်နဲ့ အရောင်အသွေး မွဲတေစုတ်ချာလွန်းလှသော မိန်းကလေးတစ်ယောက်ကို နာမည်မေးလိုက်လို့ ပြန်ထွက်လာသည့် အဖြေက "ခင်ချမ်းသာ"ရယ်လို့ ဖြစ်နေရင် ဘယ်သူက များ မရယ်ချင်ဘဲ နေမလဲ။



အဲဒီလောက် နာမည်နဲ့လူ တစ်လွဲစီ ဖြစ်နေသော ခင်ချမ်းသာဟာ နာမည်နဲ့မလိုက်အောင် ဘဝပေးက ကြမ်းတမ်းလွန်းလှပါသည်။

အလုပ်ကောင်းကောင်း လုပ်နိုင်ပြီး ခင်ချမ်းသာကိုလည်း ဂရုတစိုက် ချစ်ခင်ကြင်နာသော အမေ ဆုံးသွားတာသည် ခင်ချမ်းသာ အတွက် ဆိုးဝါးသည့် ကံကြမ္မာတွေရဲ့ အစပဲဖြစ်သည်။

နဂိုကတည်းက အမေ့ကို မှီခိုကပ်စားနေခဲ့သော အရက်သမား အဖေက နောက်အိမ်ထောင်ပြုသည်။ သူ နောက်အိမ်ထောင်ပြုရခြင်းရဲ့ ရည်ရွယ်ချက်ကလည်း ဆုံးသွားသော ခင်ချမ်းသာအမေ့လိုပဲ သူ့ကို ပြုစုစောင့်ရှောက်မည့် အားကိုးကို ရှာဖွေခြင်းပင်။

အရွယ်လေး ရောက်စပြုနေသော ခင်ချမ်းသာက တော့ မနက်ဆိုလျှင် ပန်းခြံတစ်ခုမှာ စံပယ်ပန်း၊ ချွေ၊ ငွေပန်းတွေကို ရောင်းတမ်းအတွက် သီပေးသည့် အလုပ်ကို လုပ်သည်။

www.burmeseclassic.com



ဝန်းတွေ ဈေးကိုပို့ပြီးတော့ ရပ်ကွက်ထဲက ဆီးထုပ်လုပ်ငန်းဆီသွားပြီး ဆီးထုပ်,ထုပ်သည့် အလုပ်ကို လုပ်ရသည်။

ခင်ချမ်းသာရဲ့ မိထွေးဟာ စိတ်သဘောထား ဆိုးလှတယ်ရယ်လည်း မဟုတ်၊ ကောင်းလှတယ်ရယ်လည်း မဟုတ်။ လက်လုပ်မှ ဝါးစပ်လှုပ်ရသော ဆင်းရဲသားတွေပီပီ တစ်နေ့တာ ပုံမှန်ဝင်ငွေရဖို့ကလွဲလို့ ဘာကိုမှ စိတ်မဝင်စားနိုင်ပါ။ မျက်နှာထား တည်တည်တင်းတင်းနှင့် သူပေးစရာရှိတာ (ခင်ချမ်းသာအတွက် ကျောင်းချစရာ တစ်နေရာနှင့် ထမင်းနှစ်နပ်)ကို ပေးပြီး သူ ယူစရာရှိတာ (ခင်ချမ်းသာရဲ့ ဝင်ငွေတစ်ဝက်)ကို ယူသည်။ ထိုအတိုင်း ပုံမှန်လည်ပတ်သွားနေလျှင် ဘာစကားမှ အထွေအထူး ပြောနေစရာ မလိုသလို ဘာပြဿနာမှလဲ မရှိ။

ကျန်သည့်ငွေတစ်ဝက်ထဲမှ အဖေက သူ့အရက်ဖိုးပြတ်လပ်လျှင် တောင်းယူတာရယ်၊ မိထွေးက ပါလာသည့် ဖအေမတူ မအေကွဲ မောင်နှမကလေးတွေက မုန့်ဖိုးတောင်းတာရယ်နဲ့ပဲ ခင်ချမ်းသာအတွက် အသုံးစရိတ်က မကျန်သလောက်



အပျိုလေးအရွယ်ဖြစ်သော ခင်ချမ်းသာမှာ အပြင်သွား အဝတ်အစားဆိုလို့ လေးစုံပဲရှိကာ အိမ်နေအဝတ်အစားကတော့ နှစ်စုံသာ။ ရှိတာတွေကလည်း ဒါ,ဒါပဲ အဖန်ဖန်အထပ်ထပ်ဝတ်ပြီး အထပ်ထပ် လျှော်ဖွပ်ထားရတာမို့ မူလအရောင်အဆင်းကိုပင် ခန့်မှန်းလို့ မရနိုင်လောက်အောင် ခပ်မွဲမွဲဖြစ်လို့နေပြီ။

ကဲ … ဒီလိုဂွတ်အင်္ဂါရပ်တွေကို ပိုင်ဆိုင်ပါလေသော သူတစ်ယောက်က "ခင်ချမ်းသာ"လို့ နာမည်တွင်နေတာကမှ ရယ်စရာ မကောင်းဘူးဆိုလျှင် လောကကြီးမှာ ဘယ်လိုအဖြစ်အပျက်ကများ ရယ်စရာ ကောင်းဦးတော့မှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



အိတ်ထဲ အသင့်ဆောင်လာတဲ့ ဘီးနဲ့ မိတ်ကပ်ဘူးကိုထုတ်ပြီး မှန်ဝိုင်းလေးထဲကတစ်ဆင့် မြင်နေရတဲ့ မျက်နှာလေးကို မှန်နေအောင် အလှခြယ်လိုက်သည်။

မိတ်ကပ်က ယော်ရှိရယ်တို့ ရယ်ဗလွန်တို့ ကာနီးဘိုးတို့လို အကောင်းစားတော့ မဟုတ်။ ဒါပေမဲ့ ဒီရပ်ကွက်ထဲက မိန်းကလေးတွေထဲမှာတော့ နှယ်ချို သုံးသည့် မိတ်ကပ်က အမျိုးအစား အကောင်းဆုံးနဲ့ အလှဆုံးပင်။

မိတ်ကပ်လိမ်းပြီးတော့ နှုတ်ခမ်းနီ။

ခုခေတ်မှာ နှုတ်ခမ်းနီရဲရဲ၊ အရောင်ပြင်းပြင်းတွေကို စေးပျစ်ထူထဲအောင် ဆိုးတာမျိုးက ခေတ်အောက်သွားပြီ။





နှုတ်ခမ်းပေါ်မှာ ပလတ်စတစ်လေး အုပ်ထားသလို နှုတ်ခမ်းသားကလေး ဖောင်းတင်းပြီး ပြောင်ပြောင်ရွှဲရွှဲကလေး၊ အဲဒီပြောင်ပြောင်လေးကမှ ပန်းနုရောင်၊ အသားရောင်၊ လိမ္မော်နုရောင် စတဲ့ အရောင်ဖျော့လေး ခပ်ပြေးပြေး သမ်းနေအောင် ဆိုးကြတဲ့ ခေတ်။

ဂျပန်ကလာသည့် နှုတ်ခမ်းနီ အကောင်းစားတွေက သောင်းချီပေးရတဲ့ အဖိုးတန်တွေ။ နှယ်ချိုတို့ကျတော့ အဲဒီလောက် မသုံးနိုင်ဘူးဆိုတော့ နည်းနည်းညံ့သည့် အမျိုးအစားကိုပဲ ခဏခဏ ဆိုးပေးရသည်။ အကောင်းစားတွေလို တစ်ခါဆိုးထားရုံနဲ့ တစ်နေကုန် ခံမှမခံတာ။

အဝတ်အစားဆိုလည်း ရှိတာလေးနဲ့ လှအောင်ဝတ်မှ။ လူတစ်ယောက်ရဲ့ အလှကို တကယ်တမ်း ပေါ်လွင်စေနိုင်သည့် အဝတ်အစားတွေ ဆိုတာက သောင်းမချီဘဲ မရ။ (တချို့ဆို သိန်းဂဏန်းနားတောင် ကပ်နေသေးသည်) ပြီးတော့ အမျိုးမျိုးရှေလဲနဲ့ ဝတ်နိုင်ဦးမှ။

www.burmeseclassic.com



နှယ်ချိုတို့ တတ်နိုင်သည့် ချမ်းသာသည်ဆိုတာက ကိုယ့်ရပ်ကွက် နယ်မြေကျဉ်းကျဉ်းကလေး အတွင်းမှာပဲလေ။ တကယ်တွတ်နိုင်သည့် သူဌေးသမီးတွေနဲ့ ယှဉ်လိုက်လျှင်တော့ ကြွက်စုတ်။

အဲ ... ရပ်ကွက်ထဲမှာတော့ နှယ်ချို့လောက် လှသည့်သူ၊ ဝတ်နိုင် ပြင်နိုင်သည့်သူ မရှိတော့ပါဘူး။

အနှစ်မရှိတဲ့ တောမှာ ကြက်ဆူပင် မင်းမူတယ် ဆိုပေမဲ့ နှယ်ချိုက တကယ်လည်း လှတော့ လှတာပါ။ ကျောင်းမှာဆို သူဌေးသားတွေကလည်း နှယ်ချို့နား ဝိုင်းဝိုင်းလည် (တစ်ယောက် နှစ်ယောက် ဆိုပေမဲ့လည်း လုံးဝမရှိတာထက်တော့ သာသေးတာပဲ မဟုတ်လား)။

ကိုယ့်အရပ်နဲ့ ကိုယ့်ဇာတ်မှာတော့ လှလည်းလှ၊ မိဘကလည်း ချမ်းသာတဲ့ နှယ်ချိုဟာ "စတား"ပေါ့။ ဘာပြောကောင်းမလဲ၊ ရပ်ကွက်ထဲက ကောင်လေးတွေဟာ နှယ်ချို့ အကြောင်းပဲပြော၊ နှယ်ချိုလာရင် ဝိုင်းငေးကြည့်၊ နှယ်ချို့နောက်ကို အလုအယက်လိုက်၊ ညဘက်ကျ အိမ်ရှေ့မှာ ဂစ်တာလာတီး





ကြ၊ သီချင်းလာဆိုကြ။ တစ်ခါတလေ တစ်ဖွဲ့နဲ့တစ်ဖွဲ့ တိုးမိပြီး ရန်တွေ ဘာတွေတောင်ဖြစ်ကြ။

ဒါပေမဲ့ နှယ်ချိုကတော့ မကျေနပ်နိုင်ပါဘူး။ တလောကလုံးက နှယ်ချို့အလှကို အလေးထားနေကြပေမဲ့ နှယ်ချို့ အလေး အထားစေချင်ဆုံး လူတစ်ယောက်ကတော့ဖြင့် ပါကို မလာ။

အလီမွှာ ...။

သူဟာ ဘာသားနဲ့ ထုထားတာမို့လို့ နှယ်ချို့လို မိန်းမလှလေး တစ်ယောက်ကိုတောင် စိတ်မဝင်စားဘဲ နေနိုင်ရတာလဲ။

အလီမွှာရဲ့ ပတ်ဝန်းကျင်မှာ နှယ်ချို့ထက်ချောတဲ့ လှတဲ့သူရော ရှိသေးလို့လား။

ပြီးတော့ နှယ်ချိုနဲ့ သူ့မှာ သူစိမ်းပြင်ပြင်၊ မပတ်မသက် ဝေးလံလှတာလည်း မဟုတ်။ အလီမွှာတို့ သားအမိ နှယ်ချိုတို့ ရပ်ကွက်ထဲ ပြောင်းလာတုန်းက နှယ်ချိုတို့ လေးတန်းအရွယ်။ အဲဒီအချိန်ကစ,လို့ တစ်ကျောင်းတည်း၊ တစ်တန်းတည်း



www.burmeseclassic.com

www.burmeseclassic.com



အတူနေခဲ့ကြတာမို့ နွယ်ချိုနဲ့ အလိမ္မာဟာ ငယ်သူငယ်ချင်း အရင်းခေါက်ခေါက်တွေလို့ ပြောလို့ရသည်။

ဒီလောက် ရင်းနှီးကျွမ်းဝင်သော လူတွေအချင်းချင်း သံယောဇဉ်စိတ်ကလေး နည်းနည်းလောက်တောင် ရှိမလာခဲ့ဘူးလား။ နွယ်ချိုရဲ့ အလှအပတွေကိုရော သတိမထားခဲ့ဖူးဘူးလား။

ဒါမှမဟုတ် အမေအပေါ် ကြောက်ရွံ့နာခံရလွန်းသော အလိမ္မာဟာ သူ့အမေ ဒေါ်စိန်မြိုင်ကြီးကြောင့်ပဲ ရင်ထဲက ခံစားချက်တွေကို မျိုသိပ်ပြီး ဟန်ဆောင်နေခဲ့ရတာလား။

အဲဒီဘက်က လှည့်ပတ်တွေးကြည့်လျှင်တော့ စိတ်ဖြေသာစရာ။ အလိမ္မာရဲ့ စိမ်းကားမှုတွေအတွက် ခံပြင်းသည့်စိတ်တွေကို ပေးစရာထွက်ပေါက်တစ်ခု ရှာတွေ့သွားတာပေါ့။

ဘာပဲဖြစ်ဖြစ် အလိမ္မာဟာ တစ်နေ့နေ့တော့ သူမကို ချစ်ရကောင်းမှန်း သိလာလိမ့်မည်ဟု နွယ်ချိုကတော့ မျှော်လင့်ဆဲ။





ရှပ်အကျႌ အဖြူဆွတ်ဆွတ်၊ ဆိတ်ခွံနှပ်ဆိုး ကြေးနီရောင်ကွက်စိပ်၊ ကတ္တီပါဖိနပ် နီညိုရောင်နှင့် ကျောပိုးအိတ်အနက်ရောင်ကလေးကို လွယ်ထားတဲ့ ကျုပ်သားဟာ ဆေးတက္ကသိုလ်ကျောင်းသားကြီးတဲ့တော့။

ဘယ်လောက်တောင် ခန့်ညားပြီး ကျက်သရေရှိလိုက်သလဲလို့။ ဒါတောင် ဆေးကျောင်းပထမနှစ်ကျောင်းသားဘဝလေးပဲ ရှိသေးတာနော်။

ဆရာဝန်ကြီးများ ဖြစ်လို့သွားရင် ဘယ်လောက်တောင် ကြီးကျယ် ခမ်းနားသွားလိုက်မလဲ ဆိုတာ တွေးလို့သာ ကြည့်ကြပေတော့။

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်သားရဲ့ အသားအရေဟာ ပလတ်စတစ် အကြည်သားလိုမျိုး ကြည်လင်ဖွေးဆွတ်နေတာ။ ခြေချောင်းလက်ချောင်းကလေးတွေဆိုတာ ပျော့ပျောင်းသွယ်လျပြီး မွေးညင်းနုလေးတွေနဲ့ သန့်ပြန့်လို့။ ဘယ်လောက်ပဲ ဆင်းရဲပင်ပန်းပါစေ ကျုပ်က ကိုယ့်သားကို အလုပ်ခိုင်းခဲ့တာမှ မဟုတ်တာ။ သားရဲ့ခြေတွေလက်တွေဟာ သူဌေးသားတစ်ယောက်လိုပဲ နုဖတ်သန့်စင်နေနိုင်တာပေါ့။

အဝတ်အစားကလည်း (ကျုပ်တတ်နိုင်သမျှ)အကောင်းဆုံး ဆင်ပေးလိုက်တော့ အရောင်ကိုထွက်လို့။ နဂိုကတည်းက ချောမောခန့်ညားတဲ့ ရုပ်ရည်နဲ့ ပေါင်းလိုက်တော့ လူတိုင်းသတိမထားမိဘဲမနေ၊ မငေးဘဲ မနေနိုင်တဲ့ သူတစ်ယောက် ဖြစ်သွားတော့တာပေါ့။

"ငါ့သားက ချောလိုက်တာကွယ်"

ကျောင်းသွားဖို့ အားလုံးပြင်ဆင်ပြီးတဲ့သားကို သုံး၊ လေးပတ် လှည့်ပတ်ကြည့်ရင်း ဘယ်နကြိမ်မြောက်မှန်းမသိ ရေရွတ်လိုက်တော့ သားက ရှက်သလို မျက်နှာကြီး နီသွားပြီး ...





"အမေကလည်းဗျာ၊ သားအမိချင်း မြှောက်ပြောမနေစမ်းပါနဲ့၊ ကျွန်တော် ရှက်တယ်ဗျ"

"ဒါ ရှက်စရာမှ မဟုတ်ဘဲကွယ့်၊ ဂုဏ်ယူစရာ၊ ကြွားစရာပဲ"

"အမေက လျှောက်လျှောက်ပြီးတော့လည်း ကြွားလိုက်သေးတယ်၊ အမေ အဲဒီလို ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေတော့ ရပ်ကွက်ထဲက လူတွေက အမြင်လည်းကတ်၊ လှောင်လည်း လှောင်ချင်နေကြတော့မှာပေါ့"

"အမြင်ကတ်တယ် လှောင်နေ ်တယ်ဆိုတာ သူတို့မနာလိုလို့ သူတို့မှာ ဒီလို သားမျိုးတူမျိုး မရှိလို့ ဖြစ်နေကြတာ၊ အမေသိသားပဲ သူတို့တွေ အမြင်ကတ်လေ အမေကကြိုက်လေပဲ၊ တမင်တောင် လုပ်ပြလိုက်ဦးမှာ"

အလိမ္မာက စိတ်ညစ်လှပြီဖြစ်ပေမဲ့ အမေ့ကိုတော့လည်း မပြောရဲ၊ မငြင်းရက်ပါ။ ဒီအမေတစ်ယောက်ဟာ ကိုယ့်သားအပေါ် အချစ်လွန်လှသလို အထင်တကြီးလည်း ရှိနိုင်လွန်း



www.burmeseclassic.com

www.burmeseclassic.com



လှတာ။ တစ်လောကလုံးမှာ သူ့သားထက်သာတာ မရှိနိုင်တော့ဘူးလို့များ အထင်ရောက်နေသေးသလား မပြောတတ်။

အမေတွေဟာ ကိုယ့်သားသမီး ကိုယ်ချစ်ကြ၊ အထင်ကြီးကြတာကတော့ သဘာဝပါပဲ။ ဒါပေမဲ့ အမေကတော့ လွန်ကိုလွန်လွန်းသည်လို့ အလိမ္မာက ထင်သည်။ အမေက သည်းသည်းလှုပ် ဖြစ်ပြတော့ အရပ်ထဲမှာ အလိမ္မာဟာ ရွယ်တူကလေးတွေရဲ့ လှောင်စရာ၊ မုန်းစရာ ဖြစ်နေတော့တာပေါ့။

"ကျွန်တော် သွားတော့မယ် အမေ"

"ခဏနေဦးလေ သားရဲ့၊ အမေပါ လိုက်ခဲ့မယ်"

"အမေ လိုက်မယ်၊ ဘာဖြစ်လို့ လိုက်မှာလဲ အမေရာ၊ သွားရမဲ့ကျောင်းက ဝေးကဝေးနဲ့ အရင်လို ရပ်ကွက်ထဲက ကျောင်းကလေးမှ မဟုတ်တာ၊ အမေ ပင်ပန်းပါတယ်"

အလိမ္မာက တစ်ဖက်လှည့်နဲ့ အကြောင်းပြလိုက်တာပင်။ ကျောင်းကဝေးလို့ အမေပင်ပန်းတာလည်း တစ်ကြောင်းဖြစ်ပေမဲ့ အခုကတော့ တက္ကသိုလ်ကျောင်းသားတစ်ယောက်





ဖြစ်ရဲ့သားနဲ့ ကျောင်းကို အမေက လိုက်ပို့တယ်ဆိုတာကို ရှက်တာပင်။

"နောက်တော့ မလိုက်ပါဘူး သားရယ်၊ ဒီတစ်ရက်ကလေးတော့ အမေ လိုက်ကြည့်ပါရစေ၊ ကိုယ့်သား ဆေးကျောင်းသားကြီး ဖလက်ရှာဝဲကမ်းမှာ ဘယ်လိုဝင်သွားတယ်ဆိုတာ အမေ စောင့်ကြည့်ချင်လွန်းလို့ပါ"

မောင်မယ်သစ်လွင် ကြိုဆိုပွဲကို အမေက သူ့အသံထွက်ချင်သလို ထွက်ပြီး ရပ်ကွက်ထဲ လျှောက်ပြောနေတာ ဆော်တော်ကြာပြီ။ ကျုပ်သားက ဖလက်ရှာဝဲကမ်းတက်ရမှာတဲ့။ နားလည်သူတချို့က ရယ်မှုံချင်ကြသည်။ နားမလည်သူတွေကတော့ ဝဲကမ်း ဆိုတာ ဝဲပေါက်တဲ့လူတွေကို ထားတဲ့ ရန်ကုန်တစ်ဖက်ကမ်းက ရွာလားလို့ ပြန်မေးကြသည်။

စဉ်းစားကြည့်တော့ အမေ့ခမျာ ဒီနေ့ကိုအမျှော်လင့်ကြီး မျှော်လင့်ကာ ကြိုတင်ပျော်လာခဲ့ရတာ။ သားက တားမှာဆိုလို့ စောစောစီးစီး ပြောမထားပေမဲ့ ဒီနေ့ကျလျှင် ကျောင်းကို



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပို့ပြီး သူ့သားကို လိုက်ကြည့်ဖို့ဆိုတာ အမေ့ရဲ့ အကြီးမားဆုံး ရည်မှန်းချက်လည်း ဖြစ်ချင်ဖြစ်နေနိုင်သည်။ သူ့စကားတစ်ခွန်းတည်းနဲ့ အမေ့ရဲ့ မျှော်လင့်ချက်တွေကို ဖျက်ဆီးပစ်လိုက်တာမျိုးတော့ မလုပ်ရက်နိုင်။

"သား ... အမေ လိုက်မယ်နော်"

"အင်းပါ ... အင်းပါ၊ အမေ မမောဘူး၊ လိုက်နိုင်တယ်ဆိုရင် ပြီးတာပါပဲ"

အလီမွာ ခွင့်ပြုလိုက်တော့မှ ဒေါ်စိန်မြိုင်လည်း ဝမ်းသာ တက်ကြွသွားကာ အဝတ်အစား ပြေးလဲပါလေရော။

ကိုယ့်အသာ တစ်ယောက်တည်းဆို လိုင်းကားနဲ့ပဲ သွားဖြစ်မှာပေမဲ့ အမေနဲ့ဆိုတော့ ကားငှားရသည်။ အပိုကုန်သွားသည့်ငွေကို အလီမွာက နှမြောနေပေမဲ့ ဒေါ်စိန်မြိုင်ကတော့ ဒါမှပိုပြီး စတိုင်ကျတယ်ဆိုပြီး ကျေနပ်နေလိုက်သေးသည်။

ဆေးကျောင်းရှေ့ ရောက်တော့ ဒေါ်စိန်မြိုင့်ခမျာ ပြုံးတူးပြီတဲ့။ သူ့သားနဲ့ ရွယ်တူကျောင်းသားကလေးတွေကို





ကြည့်ပြီး ဘယ်သူကများ သားထက်ပိုပြီး ထင်ရှားပေါ်လွင်မလဲ ရယ်လို့ စိုးရိမ်တကြီး။ ကျောင်းသားအများစုဟာ အလီမွာလောက် ဝံ့မလာတာကို မြင်ရတော့မှ သဘောတွေကျ။

နောက်ပြီး ကောင်မလေးတွေကိုလည်း သူမက ကြည့်လိုက်သေးသည်။ ဘယ်သူကများ သူ့သားနဲ့သင့်တော်မလဲ၊ ဘယ်မိန်းကလေးကတော့ဖြင့် သားနဲ့ အဆင့်မတူလို့ မပတ်သက်ဖို့ တန့်ကွက်ရမလဲဆိုတာ တစ်ခါတည်း လေ့လာထားရတာလေ။ ဒီကျောင်းကို နောက်တစ်ခေါက် ရောက်လာဖို့ဆိုတာ သိပ်မှမလွယ်ဘဲ မဟုတ်လား။

သားလေး ကားပေါ်ကဆင်းပြီး ကျောင်းထဲဝင်သွားသည့် အခါကျတော့လည်း ဒေါ်စိန်မြိုင့်မှာ ကြည့်မဝ၊ ရှုမဝ။

ထင်တဲ့အတိုင်းပါပဲ။ တစ်ကျောင်းလုံးမှာ ကျူပ်သားတသာ အချောဆုံး၊ အရောင်အဝါ အထွက်ဆုံး။ ဆရာဝန်တောင် မဖြစ်ရသေးဘူး၊ ဆရာဝန်ကြီးတစ်ယောက်ရဲ့ ခမ်းနားတောက်ကြွားတဲ့ အရောင်အဝါတွေကို ပိုင်ဆိုင်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"အမေကြီး ... ဘယ်လိုလဲ၊ ကားပေါ်က ဆင်းမှာလား၊ ပြန်လိုက်ခဲ့မှာလား"

အာသနာဖျက် "ကက"မောင်းသမားကတော့ သူများ ကြည်နူးနေသလား ဘာသလား မသိ အနှောင့်အယှက်ပေးပါပြီ။

သားက အခုမှ ဝင်သွားကာစ ရှိသေးတာ။ လူအုပ်ကြားထဲ တိုးသွားနေတဲ့ သားရဲ့ကျောပြင်ကိုတောင် လှမ်းမြင်နေရသေးတဲ့အချိန်။ ဒီလိုအချိန်မျိုးမှာ ကျုပ်က ဘယ်လိုလုပ်ပြီးတော့ များ ကျောခိုင်းပြီး ပြန်လာနိုင်မှာလဲ။

"ဆင်းမယ်"

ဦးနှောက်က သေသေချာချာ မတွေးရသေးခင်မှာ ပါးစပ်က အဖြေပေးပြီးသား ဖြစ်နေပြီ။

ကားဆရာကလည်း ရောင်းသူဝယ်သူ အသံတူပင်။ ဒေါ်စိန်မြိုင် ကားအောက် မရောက်ခင်ကတည်းက ကားကို စက်နှိုးပြီး ဘီးစ,လိမ့်ထားနှင့်ပြီ။





သစ်လွင်ကြို့ဆိုပွဲပြီးလို့ ငွေသွင်းစရာရှိတာ သွင်း၊ အချိန်စာရင်း ကြည့်စရာရှိတာကြည့်၊ ကျောင်းထဲ လှေ့လာစရာရှိတာ လေ့လာပြီး ပြန်ထွက်လာခဲ့သော အလီမ္မာ တစ်ယောက် ကျောင်းရှေ့က သစ်ပင်ကြီးအောက်မှာ ငုတ်တုတ်ကလေးထိုင်ကာ စောင့်နေသော အမေဖြစ်သူကို တွေ့လိုက်ရလျှင် အရမ်းပဲအံ့ဩသွား စိတ်ပျက်သွားရလေသည်။

❂ ❖ ❂



www.burmeseclassic.com

www.burmeseclassic.com



"အလီမွှာ ... အလီမွှာ ... ဘယ်သွားမလို့လဲ"

အမုန်က သွားရင်း လာရင်း မတော်တဆ တွေ့

ဆုံကြလို့ နှုတ်ဆက်သည့်ပုံမျိုး လုပ်ချင်တာ။

ခက်နေတာက အလီမွှာက ရှေ့ကနေ ခပ်သု

သုတ် သွားနှင့်ပြီး နွယ်ချိုက တော်တော်ကလေး နောက်ကျန်

ရစ်ခဲ့တာမို့ သက်သောင့်သက်သာ မဟုတ်ဘဲ အတင်းကို အပြေး

အလွှား လိုက်ခေါ်ရသည့် သဘောမျိုး ဖြစ်သွားတော့သည်။

အလီမွှာ အနားရောက်လျှင် နွယ်ချိုက စကားဆ

မပြောနိုင်သေးဘဲ ဟောဟဲဆိုက်နေသည်။

"လမ်းထိပ်မှာ ကြာဆံကြော် သွားဝယ်မလို့"



"အန်တီစိန် မရှိဘူးလား"

"သူ့အဒေါ်တစ်ယောက်ဆုံးလို့ သွားတယ်၊ ညဉ့်နက်မှ ပြန်လာမှာဆိုတော့ ညနေစာ ကိုယ့်ဘာသာ ဖြေရှင်းရမှာ"

"ဟယ် ... ဟုတ်လား၊ ကြာဆံကြော်တစ်ပွဲနဲ့ ဝ,ပါ့မလား"

"ငါက သိပ်အစားမကြီးပါဘူး၊ ပြီးတော့ ကြာဆံကြော် ချည်းပဲ စားမှာမှ မဟုတ်တာ၊ ထမင်းတစ်အိုး တည်ထား တယ်၊ ထမင်းနဲ့ စားမှာပါ"

"မဟုတ်တာကြီးဟယ်၊ ထမင်းနဲ့ ကြာဆံကြော် ဘယ်စား ကောင်းမလဲ၊ ဒီလိုလုပ် ငါတို့အိမ်မှာ ထမင်းလိုက်စားပါ လား"

"နေပါစေဟာ၊ သူများအိမ်ကြီး မစားတတ်ပါဘူး"

"သူများအိမ် မဟုတ်ပါဘူး၊ ငါ့အိမ်ပါဟဲ့၊ နင်နဲ့ငါက သူငယ်ချင်း အရင်းခေါက်ခေါက်တွေပဲဟာ၊ အားနာစရာ မရှိပါဘူး"

နွယ်ချိုက တရင်းတနှီး ပြောလိုက်တာကိုပဲ အလီမွှာ

ငြင်းမလည်နိုင်အောင် ဖြစ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း အရင်းခေါက်ခေါက်တွေတဲ့။ ဘယ်တုန်းကများ ဖြစ်သွားတာပါလိမ့်။

တကယ်ဆိုတော့ နွယ်ချိုနဲ့ အလိမ္မာဟာ တစ်လမ်းတည်း အတူနေကြတာ၊ တစ်ကျောင်းတည်း တစ်တန်းတည်း အတူနေကြတာ မှန်ပေမဲ့ သူငယ်ချင်း အရင်းအချာတွေတော့ မဟုတ်ကြပါ။ ယောက်ျားလေးနဲ့ မိန်းကလေးကလည်း ဖြစ်နေပြန်။ အလိမ္မာ ကိုယ်တိုင်ကလည်း မိန်းကလေးတွေနဲ့ အပေါင်းအသင်း သိပ်မလုပ်တတ်ပြန်တာကြောင့် နွယ်ချိုနဲ့ မရင်းနှီးဖြစ်တာ။

"ရပါတယ်၊ ငါ့အတွက် တစ်ဝမ်းစာက သိပ်မခက်ပါဘူး ပြီးတော့ နင်က ကျွေးချင်ပေမဲ့ နင့်အိမ်က လူတွေက ဘယ်ကြိုက်မလဲ"

"ကြိုက်ပါတယ်ဟဲ့၊ ငါ့အိမ်က လူတွေက နင့်ဆို အထင်လည်းကြီးပြီး ခင်ချင်ကြတာပါ၊ နင်တို့သားအမိကသာ စတယ်ကြီးနဲ့နေပြီး ဘယ်သူနဲ့မှ မရင်းနှီးချင်တာ ရပ်ကွက်





ထဲက လူတွေက နင်တို့ဆို ခေါ်ချင် ပြောချင်လိုက်ကြတာမှ"

ဒါဟာ သူဆယ်တန်းကို ဂုဏ်ထူးလေးခုနဲ့ အောင်ပြီးမှ ဖြစ်လာသော အခြေအနေလို့ အမေ ပြောဖူးတာကို အလိမ္မာ မှတ်သားရဖူးသည်။

ထားတော့၊ ဘာအကြောင်းကြောင့်ပဲ ဖြစ်ဖြစ် အလိမ္မာ စိတ်မဝင်စားပါ။ အမေ့လိုမျိုး လူတွေက ငါ့ကို မကောင်းမြင်နေကြတယ်ဆိုသည့် အတွေးနဲ့ အမြဲထိရှ နာကျင်ခံစားမနေတတ်သလို လူတွေက ကိုယ့်ကိုချီးကျူးအထင်ကြီး ခံရတာတွေအတွက်လည်း ဂုဏ်ယူကျေနပ်မနေတတ်ပါ။

"နေဦး ... ဒါဆိုလည်း ဒီလို လုပ်ပါလား။ ငါ ဟင်းလာပို့ပေးမယ်လေ၊ နင့်အိမ်မှာ ထမင်းတည်ပြီးသား အဆင်သင့်ရှိတယ်ဆိုရင် အဲဒါနဲ့ စားလိုက်ပေါ့"

"မဟုတ် ..."

"တော်ပြီ ... ဘာမှထပ်ပြောမနေနဲ့၊ ငါ ဟင်းသွားယူပြီ"



www.burmeseclassic.com

www.burmeseclassic.com



နှယ်ချိုက အလိမ္မာနားကနေ လှစ်ခနဲ ပြေးထွက်လာခဲ့လိုက်သည်။

အိမ်လည်းရောက်ရော ဝုန်းဒိုင်းကြဲ၊ ပျာယာခတ်။ မီးဖိုချောင်ထဲမှာ မုန်တိုင်းဝင်မွှေသလို တလှစ်လှစ်နဲ့ လှုပ်ရှားယောက်ယက်ခတ်နေတော့သည်။

"ထမင်းချိုင့်ရော ... ထမင်းချိုင့် ဘယ်မှာလဲ"

"မနက်က ချက်ထားတဲ့ ဝက်သားဟင်းတွေက ဒီလောက်ပဲ ကျန်တော့တာလား"

"ဒါက မနက်ဖြန်အတွက် ချက်ထားတဲ့ ကြက်သားဟင်း မဟုတ်လား၊ နွေးပြီဆိုရင် နည်းနည်းယူသွားလိုက်မယ်"

"ဘာလချောင်ကြော် ထည့်ထားတဲ့ ပုလင်းရော၊ အရေးအကြောင်းဆို ဘာမှ ရှာမတွေ့ဘူး၊ ဟဲ့ ... တစ်လုံးချိုင့်လေးတစ်လုံး ယူလာပေးစမ်း၊ ဟင်းရည်ခပ်ရအောင်"

လူကလည်း တလှစ်လှစ် လှုပ်ရှားနေသလို ပါးစပ်ကလည်း တစ်ချက်မှ အငြိမ်မနေသော နှယ်ချို့ကို အံ့ဩလွန်းလို့ တစ်အိမ်သားလုံး မီးဖိုထဲ ဝိုင်းလာရသည်အထိပင်။





"ဘာလဲ သမီး ... ဘာဖြစ်တာလဲ"

"ဘုန်းကြီးကျောင်း ဆွမ်းပို့မလို့လား၊ မဖြစ်နိုင်ပါဘူး၊ ညနေစောင်းကြီးဟာကို"

"သူငယ်ချင်းတွေ ပျော်ပွဲစား ထွက်ကြမလို့လား"

တစ်ယောက်တစ်ခွန်း ဝိုင်းမေးကြတာတွေကို ပြန်ဖြေနိုင်အား။ ဘုန်းကြီးကျောင်း ဆွမ်းပို့သည့် ငါးဆင့်စတီးချိုင့်ကြီးထဲသို့ အိမ်မှာချက်သမျှ ဟင်းတွေ တစ်ခုမှမကျန်စေရအောင် ကြည့်နေရသည်။

ဝက်သားနီချက်၊ ကြက်သားဆီပြန်၊ သရက်ချဉ်သုပ်၊ ငါးကြီးနှပ်၊ ဘာလချောင်ကြော်နဲ့ သခွားသီးတို့စရာ၊ တစ်လုံးချိုင့်ထဲမှာက ကြာဆံချက်။

"ဟဲ့ ... မေးတာ ဖြေဦးလေ၊ ဒါတွေက ဘယ်ပို့မလို့လဲ"

"အလိမ္မာဖို့"

"ဘာ"

"ဟေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

အကုန်လုံးထံက အာမေဋိတ်သံတွေ စုံစုံလင်လင်၊ စိစိရိရိ ထွက်ပေါ်လာကြသည်။

"အန်တီစိန်က အပြင်သွားလို့တဲ့၊ အလီမှာ စားစရာမရှိဘူး ဖြစ်နေလို့"

"အလီမှာတစ်ယောက်တည်း"

"အင်းလေ"

"ဒီဟင်းတွေ အကုန်လုံးက အလီမှာ တစ်ယောက်တည်း စားဖို့ ... ဟုတ်လား၊ ဘယ်နှရက်စာလဲ"

"ဒီနေ့ တစ်နေ့တည်းအတွက်ပါ"

"အောင်မယ်လေး ... စဉ်းစဉ်းစားစားလည်း လုပ်ပါဦး မိန္နယ်ရယ်၊ လူတစ်ယောက်စာက ငါးဆင့်ချိုင့်ကြီး တစ်ချိုင့်ရယ်၊ လုံးချင်းချိုင့် တစ်လုံးရယ် လိုမလား၊ ဒါ မိသားစု ငါးယောက်လောက် မနက်ည စားလို့ရတယ် မဟုတ်ဘူးလား"





"အမေတို့ကလည်း စေတနာ နည်းနေလိုက်တာ၊ နည်းနည်း ပိုသွားတော့ရော ဘာဖြစ်မှာမို့လို့လဲ၊ နောက်နေ့တွေ ကျန် သေးရင် စားလို့ရတာပဲ၊ ဝက်သားနီချက်က နှစ်ရက်လောက် တောင် ထားလို့ခံတာ၊ ဘာလချောင်ကြော်ကလည်း သိမ်း ထားပြီး စားလို့ရတာပဲ"

"စေတနာနည်းတာ မဟုတ်ရပါဘူးအေ၊ အလီမှာကို ညည်း သိပ်ပြီး စေတနာထားတာလည်း ငါတို့အားလုံး အသိပါ၊ ဘယ်သူကမှလဲ ဂ,နဲ့ကွက်နေတာ မဟုတ်ပါဘူး၊ အခုဟာ က တစ်အိမ်လုံးစာကို အကုန်နီးပါး ခပ်ပြီးပေးမှာမို့ သူ့ အတွက်လည်း အပိုဖြစ်နေလို့ ပြောတာပါ"

အမေ ဘာပြောပြော နှယ်ချိုကတော့ မမှုပါ။

သူတို့အိမ်မှာက ဟင်းဆို အမြဲတမ်း ပိုပိုသာသာ ချက်လေ့ရှိတာ။ အိမ်မှာ မိသားစုက လေးယောက်တည်း ဆိုပေမဲ့ အိမ်က အလုပ်သမားတွေ ရှိသေးသည်။ ထမင်းစား ဧည့်သည် တွေကလည်း မပြတ်။ နယ်က ရောက်ရောက်လာပြီး အိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



လာတည်းသည့် ဆွေမျိုးမိတ်သင်္ဂဟတွေကလည်း ရှိသေးသည်။ နောက်ပြီး အိမ်နှင့်တွဲလျက် ဆီးယို ဆီးပေါင်း အလုပ်ရုံက အလုပ်သမားတချို့ကလည်း ကြုံလျှင်ကြုံသလို တက်စားတတ်သေးသည်။

ဒီတော့ အိုးထဲမှာ ဟင်းပြတ်လတ်သွားသည်၊ ကုန်သွားသည်ရယ်လို့ သိပ်မရှိတတ်။

"အလိမ္မာ သနားပါတယ် အမေရယ်၊ သူ့ခများ လမ်းထိပ်ဆိုင်က ကြာဆံကြော်နဲ့ စားရမှာတဲ့၊ လမ်းထိပ် ကြာဆံကြော်က ဘယ်လောက်ညှီတယ် ဆိုတာ အမေလည်း သိသားနဲ့"

"ဒါသနားစရာ မဟုတ်ပါဘူး၊ အဲဒီကြာဆံကြော်လောက်တောင် မစားနိုင်တဲ့လူတွေမှ ပြည့်လို့"

"အို ... ဘာပဲဖြစ်ဖြစ် နွယ်ချိုကတော့ တခြားလူတွေကို ဂရုမစိုက်နိုင်ပါဘူး၊ အလိမ္မာကိုပဲ ဂရုစိုက်မှာပဲ၊ အလိမ္မာကိုပဲ သနားမှာပဲ"





"ကောင်မလေး ... ကိုယ့်အမေရှေ့မှာ ဒီလိုပဲ အရှက်မရှိ ပြောရလားဟင်"

အမေက ခေါင်းကို(ချစ်စနိုး) ခေါက်ခနဲ ခေါက်ကာ ပြောသည်။

ပါးစပ်က ဘာတွေပဲပြောပြော အိမ်ကလူတွေဟာ နွယ်ချိုနဲ့ အလိမ္မာကို သိပ်သဘောတူကြသည် ဆိုတာ နွယ်ချိုက သိတာပေါ့။

အလိမ္မာက ဒီရပ်ကွက်ထဲမှာတော့ စတားပဲဟာ။ ပိုက်ဆံမချမ်းသာပေမဲ့၊ သူ့အမေကြီးကလည်း မုန့်စရာကောင်းပေမဲ့ ဒီရပ်ကွက်ထဲမှာနေပြီး ဆယ်တန်းကို လေးဘာသာဂုဏ်ထူးနဲ့အောင်ကာ ဆေးကျောင်းတက်နိုင်သူဆိုလို့ အလိမ္မာတစ်ယောက်တည်းရှိတာ။ ဘယ်သူကများ ကိုယ့်သမီးကို ဆေးကျောင်းသား၊ ဆရာဝန်လောင်း တစ်ယောက်နဲ့ သဘောမတူဘဲ ရှိမလဲ။

ပြီးတော့ နွယ်ချိုတို့က ချမ်းသာပြီးသား။ နွယ်ချိုတို့ အတွက် ငွေမလို၊ ဂုဏ်ပဲလိုသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးမှာတော့ နွယ်ချိုရဲ့ ထမင်းချိုင့်ကြီးကို ဟင်းတွေအပြည့်နဲ့ အလီမှာထဲ ပို့ခွင့်ရရုံမက အိမ်က အလုပ်သမား ကောင်မလေးကိုတောင် ချိုင့်သယ်ဖို့ အဖော်ထည့်ပေးလိုက်ကြရတာပါပဲ။

◎❖◎





"ဒါ ဘယ်ကချိုင့်ကြီးလဲ သား"

မီးဖိုထဲမှာ တစ်ခါမှ မမြင်ဘူးတဲ့ စတီးငါးဆင့်ချိုင့်ကြီးကို တွေ့လိုက်ရတော့ ကျုပ် တော်တော်လန့်သွားတယ်။

ကျုပ်သားဟာ ခိုးတတ် ဝှက်တတ်တဲ့ သူတစ်ယောက် မဟုတ်ဘူး ဆိုတာတော့ သိသားပေါ့။ ဒါပေမဲ့ အိမ်မှာက သားနဲ့ ကျုပ် နှစ်ယောက်ပဲ ရှိတာ။ ကျုပ်နဲ့ မပတ်သက်ဘူးဆိုရင် ဒီချိုင့်ကြီးဟာ သားနဲ့ပတ်သက်ရမယ်။ သားသူငယ်ချင်းတွေထဲမှာလည်း ဒီလောက်ချိုင့်ကြီး ကိုင်နိုင်တဲ့သူဆိုတာ (ချိုင့်အလွတ်ကြီး ကိုင်နိုင်လျှင်တောင် ဒီချိုင့်ထဲကို စားစရာ ဖြည့်နိုင်လောက်အောင် ချမ်းသာသည့်သူ) မရှိ။



www.burmeseclassic.com

www.burmeseclassic.com



"သား … ဒီချိုင့်ကြီးက ဘယ်သူ့ဟာလဲ"

"နှယ်ချိုတို့ အိမ်ကပါ"

"နှယ်ချို"

ဒီကောင်မလေးကို သိပ်သိတာပေါ့။ လမ်းထိပ်က ဦးအောင်ကြည်ရဲ့ သမီးအငယ်။

ကောင်မလေးကိုက ပုံတုန်တုန်နဲ့။ အလှပြင်လား ပြင်ရဲ့၊ လမ်းထွက်လား ထွက်ရဲ့၊ ယောကျ်ားလေးတွေနဲ့ ဒွေးရောယှက်တင် ပေါင်းလား ပေါင်းရဲ့။ ကျုပ်သားကိုလည်း သင်းက ချိန်နေတာ ကျုပ် မသိဘဲ ရှိပါ့မလား။

နာမည်ကိုက …။ သူတို့အိမ်က ဆီးထုပ်လုပ်ရောင်းတဲ့အိမ်ဆိုတော့ ဆီးယိုထိုးရာမှာပါတဲ့ နှယ်ချိုမှုန့်တွေကို အိတ်တွေနဲ့ ဝယ်ဆောင်ထားရတာ။ ကောင်မလေးငယ်ငယ်က အဲဒီနှယ်ချိုမှုန့်တွေ ကြိုက်လွန်းလို့ဆိုပြီး ဒီနာမည်တွင်လာတာဆိုပဲ။

"နှယ်ချိုက ဘာလို့ သူ့ချိုင့်ကြီး လာပေးရတာလဲ"

သားက ခေါင်းကို ခပ်ဖွဖွ ကုတ်လိုက်ကာ …





"အမေမရှိတုန်းက ကျွန်တော်စားဖို့ အဆင်မပြေမှာစိုးလို့ ဆိုပြီး သူ့အိမ်က ထမင်းဟင်းတွေ လာပို့ထားတာ"

အလိုလေးတော်။

မိန်းကလေးတဲ့။ ဒါမျိုး လုပ်စရာလား။ သူစိမ်းယောကျ်ားလေးတစ်ယောက်ကို ကိုယ့်အိမ်က ထမင်းဟင်းတွေ လာပို့ပေးရဲသတဲ့။ ကဲလိုက် ရဲလိုက်တာ။

အိမ်ကလူကြီးတွေကလည်း ကိုယ့်သမီး ဒါမျိုးလုပ်နေတယ်ဆိုတာ သိသိကြီးနဲ့ ကြည့်နေကြတာပဲလား။

ဟုတ်မှာပေါ့လေ။ ကျုပ်သားအတွက်ဆိုတော့လည်း သူတို့တွေက ကျေနပ်ကြည်ဖြူကြပေမှာပေါ့။ ကျုပ်သားက နှယ်နှယ်ရရထဲကမှ မဟုတ်ပါပဲလား။ သိပ်မပြောနိုင်။ အမေကြီးကိုယ်တိုင်တောင် ကောင်းနိုးရာရာ ဟင်းတုံးတွေ ရွေးပြီး ကျုပ်သားအတွက် ထည့်ပေးချင် ပေးလိုက်ဦးမှာ။

ဆိုးတော့လည်း သိပ်မဆိုးပါဘူး။ ကောင်မလေးက ဆူခြွေမရတာကလွဲရင် ရပ်ကွက်ထဲမှာ ဦးအောင်ကြည်တို့ယာ

www.burmeseclassic.com



အချမ်းသာဆုံး လုပ်ငန်းရှင်တွေ။ ကျုပ်သားဟာ ဒီရပ်ကွက်ထဲက မိန်းကလေးတစ်ယောက်နဲ့မှ မဖြစ်မနေ ဖူးစာဆုံရမယ်ဆိုရင်တော့ နွယ်ချိုဆိုတဲ့ မိန်းကလေးက အသင့်တော်ဆုံးပဲ ဖြစ်မှာပေါ့။

ဒါပေမဲ့လည်း မိဘဆိုတာက သိတဲ့အတိုင်းပဲလေ။ ကိုယ့်သားသမီးကို အကောင်းဆုံး၊ အတော်ဆုံး၊ အသာဆုံးပဲ ဖြစ်စေချင်တာ မဟုတ်လား။ ပုံပြင်ထဲက ကြွက်မ,ကလေး လင်ရှာသလိုပေါ့။ နောက်ဆုံး မရကာမှနေရော မျှော်လင့်နိုင်သမျှ အထွတ်အထိပ်ကိုတော့ မျှော်လင့်လိုက်ချင်သေးတာပဲ။

"သားနဲ့ အဲဒီကောင်မလေးက ဘာပတ်သက်လို့လဲ"

သားက အဆူမျှားခံရတော့မလား' ဆိုငဲ့ မျက်နှာငယ်ကလေးနဲ့ ...

"ဘာမှမပတ်သက်ပါဘူး အမေရယ်၊ ဆယ်တန်းအထိ အတူတက်ဖူးတဲ့ သူငယ်ချင်းတွေပါ၊ အဲဒီလောက်ပါပဲ"

"ဒါဖြင့် သူက ဘာလို့ ပိုင်စိုးပိုင်နင်း ဟင်းလာပို့ရတာလဲ"





"ကျွန်တော်လည်း မပြောတတ်ဘူး အမေ၊ သူနဲ့ ကျွန်တော် မဆုံဖြစ်တာတောင် ကြာပြီ။ မနေ့က ကြာဆံကြော် ဝယ်စားဖို့ လမ်းထိပ်ထွက်တော့ သူက အတင်းလှမ်းခေါ်ပြီး ဘာလုပ်မလို့လဲ မေးတာနဲ့ ပြောလိုက်မိတာ၊ အဲဒါကို ခဏနေဦးဆိုပြီး သူ့အိမ်ပြန်သွားပြီး ဟင်းတွေအတင်းလာပေးတော့တာပဲ"

"သားက မငြင်းဘူးလား"

"သူက အတင်းပေးတော့ ... ဟို ... အားနာတာနဲ့၊ ပြီးတော့လေ ..."

ကျုပ်က ပြောင်လက်တောက်ပနေတဲ့ စတီးချိုင့်ကြီးကို တစ်ချက်လှမ်းကြည့်ပြီး သဘောပေါက်လိုက်တယ်။

ဟုတ်တာပေါ့။

သားဟာလည်း ကျန်းမာသန်စွမ်းတဲ့ လူငယ်လေးတစ်ယောက်ပဲ။ စားနိုင် သောက်နိုင် အရွယ်မှာ အစားကောင်း အသောက်ကောင်းတွေ စားချင်ရှာမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ကလည်း တတ်နိုင်သလောက်တော့ ကောင်းတာလေးတွေ ချက်ကျွေးပါတယ်။

ဒါပေမဲ့ သူ့ခွေးအိမ်က ထမင်းဟင်းကိုတော့ ဘယ်မီပါ့မလဲ။

"အင်း ... အင်း ... သား အဆင်ပြေတယ်ဆိုရင် ပြီးတာပါပဲ၊ ဒါပေမဲ့ တစ်ခုတော့ သတိထားပေါ့ သားရယ်၊ တကယ်လို့ ဒီကောင်မလေးကို ရှောင်ချင်ပြီဆိုရင်တော့ သူကျွေးတဲ့ ထမင်းဟင်း တစ်နပ်စာအတွက် အားနာနေရတာမျိုး မဖြစ်စေနဲ့"

အလိမ္မာက မိခင်ဖြစ်သူကို မသိမသာ စွေကြည့်လိုက်သည်။

အမေ့စိတ်ထဲမှာ ဘာအတွေးတွေ ရှိနေသလဲ။ အမေဟာ နှယ်ချို့ကို သဘောကျ လက်ခံနိုင်သလား မခံနိုင်ဘူးလား။ သူနဲ့ နှယ်ချို ရင်းနှီးပတ်သက်နေတာကို ကန့်ကွက်ချင်သလား။ ထောက်ခံ အားပေးမှာလား။





မေးကလည်း မမေးရဲ။ အမေက သားကို သိပ်ချစ်တာ သိသာပေမဲ့လည်း စိတ်မထင်လျှင် မထင်သလို ဆူပူတတ်သေးတာကြောင့် အလိမ္မာက ကြောက်ရသည်။

ငယ်ငယ်လေးကတည်းက အပေါင်းအသင်းပေါင်းတာကအစ အမေ့စိတ်ကြိုက် စီစဉ်ပေးသမျှ လိုက်လုပ်ခဲ့ရသူမို့ တကယ်လို့ ရည်းစားထားမည်၊ အိမ်ထောင်ပြုမည် ဆိုလျှင်တောင် အမေ့စိတ်ကြိုက် နာခံရမှာပဲ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ညစ်လိုက်တာ။

ဒီမိထွေးတစ်ယောက်ဟာ အဆိုးကြီး မဟုတ်ဘူး ဆိုပေမဲ့ မကောင်းသည့် နေရာတွေလည်း တော်တော်များသည်။

သူ့မှာလည်း သားတစ်ယောက် သမီးတစ်ယောက် မွေးထားတဲ့ဟာ။ သူ့ကလေးတွေဟာ ခင်ချမ်းသာထက် အသက် ငယ်သည် ဆိုကြပေမဲ့ လက်တိုလက်တောင်းတော့လည်း ခိုင်းလို့ ရလောက်ပါပြီ။

ရေခပ်တာ၊ ထမင်းဟင်းချက်တာ၊ လမ်းထိပ်ထွက် ပြီး ဟိုဟာ ဒီဟာ ဝယ်ခိုင်းတာ၊ အမှိုက်သွန်ခိုင်းတာ၊ အသေးအဖွဲက အစ အကြီးအမား လုပ်ငန်းအားလုံးဟာ ခင်ချမ်းသာအတွက်သာ





ထားတော့။ ခင်ချမ်းသာကလည်း ကျောချစရာ လုံလုံခြုံခြုံ နေရာလေးတစ်ခု ရနေတာရယ်၊ အဖေ့ကို ပြုစုစောင့် ရှောက်ပေးထားတာတွေရယ်ကြောင့် မိထွေးခိုင်းသမျှကို ကြည်ကြည် ဖြူဖြူ လုပ်ပေးပါသည်။ သူ့သားသမီးတွေကျ မခိုင်းဘူး၊ ငါ့ကျ တော့ ခိုင်းတယ်ရယ်လို့ တစ်ချက်ကလေးမှ မတွက်ကတ်ခဲ့။

ဒီကိစ္စတစ်ခုကိုတော့ ခင်ချမ်းသာက တွက်ကတ်ချင် သည်။ ခိုင်းပါလား သူ့သားသမီး ညစ်ကျယ်ကျယ် စွာတေးလန် တွေကို။ အ,တာလည်း မဟုတ်။ လည်လိုက်တာမှ အမေကိုတောင် ချိန်ခွင်ပေါ်တင်ပြီး ရောင်းစားသွားနိုင်သည်။ စွာလိုက်ကြတာလည်း အလွန်။ ရပ်ကွက်ထဲမှာ စီခနဲပေ့ဆိုလျှင် တစ်ဖက်က ဘယ်သူ သဲလို့သာမေး။ ကျန်တဲ့တစ်ဖက်ကို မေးစရာမလို။ မိထွေးတော်ရဲ့ သားတော်နဲ့ သမီးတော် နှစ်ယောက်တည်းက တစ်ယောက်ယောက် ဲ ဖြစ်ရမည်။

ဒေါ်စိန်မြိုင်ကြီးထံမှာ ကြွေးယူဖို့ သွားရသည့်အလုပ် တစ်ခု (တစ်ခုတည်းပါ)ကိုတော့ သူ့သားသမီးတွေကိုပဲ ခိုင်းစေ ချင်လှသည်။

www.burmeseclassic.com



ဒေါ်စိန်မြိုင် ဆိုတာက အရပ်ထဲမှာ စွာကျယ်လန် တာ နာမည်ကြီး။ ငွေတိုးလည်း ချေးစားသေး၊ သူ့ပိုက်ဆံကို လာယူမှာကိုလည်း စိုးရိမ်တတ်သေး။

သူ့ဆီက ပိုက်ဆံလာချေးသူတွေကို ဖော်ဖော်ရွေရွေ မဆက်ဆံရုံမက (အတိုးလည်းပေး၊ အပေါင်ပစ္စည်းလည်း ပေးထား ပါလျက်) သူ့ပိုက်ဆံတွေကို အလကားလာ,လာယူသွားသလိုမျိုး မျက်နှာထိ မျက်နှာထားကြီးနဲ့ကို ဆက်ဆံတတ်တာ။

ပိုက်ဆံလေး တစ်ခါချေးရပါမဲ့အရေးလည်း စည်း ကမ်းချက်တွေ ဖတ်ကြားပြခံရတာနဲ့၊ တတွတ်တွတ် ညည်းညူ ခံရတာနဲ့၊ အသုံးအဖြုန်းကြီးပြီး ကိုယ့်ဝင်ငွေနဲ့ သုံးငွေ မကာမိ တော့ ပိုက်ဆံချေးတဲ့ဘဝရောက်၊ ချေးငွေကို ပြန်ဆပ်ဖို့ ကြိုးစား ရင်း အကြွေးတွေ ထပ်ခါတင်၊ ဒီလိုနဲ့ လူလုံးမလှသည့်ဘဝကို ရောက်အောင် မလုပ်သင့်ကြောင်း ဆုံးမရတာနဲ့။

ရပ်ကွက်ထဲမှ ငွေတိုးချေးစားတာဆိုလို့ ဒေါ်စိန်မြိုင် တစ်ယောက်တည်း ရှိပေလို့သာ။ မဟုတ်လျှင် သူ့လိုအပေါက်ဆိုး





သော မိန်းမကြီးတစ်ယောက်ထံမှာ ဘယ်သူမှ မျက်နှာငယ်ခံကြ မှာမဟုတ်။

"မသွားလို့ မရဘူးလား ဒေါ်လေး"

"မသွားရင် အိမ်လခ ဘယ်လိုပေးမလဲ၊ စားဖို့ သောက်ဖို့ ကလည်း ရှိသေး"

"ကျွန်မ မသွားလို့ ရသလားလို့ မေးတာပါ၊ သံလုံးနဲ့ မီးကျိုမ တစ်ယောက်ယောက်ကို လွှတ်လိုက်ဖို့ ပြောနေ တာ"

"အို ... သံလုံးနဲ့ မီးကျိုမက၊ ကလေးတွေပဲဟာ၊ ဘာပြော တတ်မှာလိုက်လို့"

ကလေးတွေ ... တဲ့။ ဟွန်း။ ခိုင်းစရာရှိတော့ ကလေးတွေဆိုပြီး ဖယ်ထား။ အခွင့်အရေး ယူစရာရှိတော့ အဲဒီ ကလေးတွေကပဲ ရှေ့ဆုံးက နေရာယူပြန်ရော။

"ဘာများခက်တာလိုက်လို့ ဒေါ်လေးရယ်။ ကိုယ်ပေးရော ရှိတာပေး၊ ယူစရာရှိတာ ယူလာရုံပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ညည်း ဘာသိလဲ၊ ဒေါ်စိန်မြိုင်ကြီးက ဈေးသိပ်နှိမ်ချင်တာ၊ လူကြီး၊ မျက်နှာသိချင်းတောင် ဘာဖြစ်လို့ ညာဖြစ်လို့ဆိုပြီး ဈေးကောင်း မပေးချင်ဘူး၊ မလည်မဝယ် ကလေးတွေ သာလွှတ်လိုက်လို့ကတော့ ပြီးပါလေရော၊ ကိုယ့်ပစ္စည်း ကိုယ် ယူသိမ်းပေးခဆိုပြီး သူကတောင် ပြန်တောင်းချင် တောင်းလိုက်ဦးမယ်"

မိထွေး ပြောနေပုံက ရယ်ချင်စရာကြီးမို့ ခင်ချမ်းသာက ဟိခနဲ တစ်ချက်ရယ်လိုက်ပြီးတော့မှ ကိုယ့်ပြဿနာက မပြီးသေးပါလားဟု ပြန်သတိရကာ မျက်နှာလေး ပြန်တည်သွားရသည်။

"ကလေးတွေ ဆိုပေမဲ့ ဒေါ်လေး သားသမီးတွေက လူလည်တွေပါ၊ ဒေါ်စိန်မြိုင်ကြီး မပြောနဲ့ အာဏ္ဍဝကဘီလူး ဆိုရင်တောင် သူတို့က နိုင်ချင်နိုင်ဦးမှာ"

"အိုအေ ... ဒီလောက်လည်း မဟုတ်သေးပါဘူး"

"ကျွန်မကမှ တကယ် မပြောတတ် မဆိုတတ် ဒေါ်လေးရဲ့၊ အရေးအကြောင်းဆို ရှန်ပဲဖြစ်တတ်တာ၊ ကိုယ်လိုချင်





တာရအောင်တော့ ဘယ်တော့မှ မပြောတတ်ဘူး၊ ဒေါ်စိန်မြိုင်နဲ့ကလည်း မပတ်သက်လို့ မရတော့ ရန်ဖြစ်ဖို့မကောင်းဘူးလေ"

"ပေါက်ကရ အကြောင်းပြချက်တွေ ပေးမနေနဲ့စမ်း၊ ဒီအိမ်မှာ ညည်းလည်း နေ့နေတာပဲ၊ အိမ်ကိစ္စ ညည်းနဲ့လည်း မဆိုင်ဘူးလား ... ဟွန်း ... အဖေကလည်း အရက်သမား၊ သမီးကလည်း အပျင်းထူ၊ သားအဖ လိုက်လည်းလိုက်ပါပေ့"

ခင်ချမ်းသာ က ထောင်းခနဲ ဒေါသထွက်သွားရသည်။ မိထွေးဟာ ဒီလိုပဲ ခင်ချမ်းသာကို ပြောချင်တိုင်း အဖေ့ကိုဆွဲဆွဲကြည့်တတ်သည်။

တစ်ခါတလေတော့ မိန်းမသားပီပီ အားကိုးလိုချင်လို့ အိမ်ထောင်ပြုပါတယ် ဂျစ်ကန်ကန် သမီးတစ်ယောက်ပါလာပြီး ဘာအလုပ်မှ မယ်မယ်ရရ မလုပ်ဘဲ မိန်းမရှာတဲ့ ထိုင်စားနေသည့် အရက်သမားတစ်ယောက်ကိုမှ ယူမိသည့် မိထွေးကို မိန်းမသားချင်း ကိုယ်ချင်းစာနာမိသား။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေကျတော့လည်း ဒီလို ဖြစ်လာမယ်မှန်း ကြိုသိသိကြီးနဲ့ သူ့ဘာသာ မိုက်မဲပြီး ယူလာတာပဲလေ၊ အရက်ဆိုင်ဘေးမှာ အမြည်းရောင်းတဲ့မိန်းမ အရက်သမားနဲ့ ညားတာ ဘာဆန်းသလဲလို့ စိတ်နာနာနဲ့ တွေးမိပြန်ရော။

ကိုယ်ချင်းစာ သနားစိတ်ကလေး ဝင်နေချိန်မှာ မိထွေး ဘာပြောပြော သည်းခံနေနိုင်ပေမဲ့ စိတ်နာသည့် အခါမှာတော့ ကိုယ့်ကိုသာမက မိဘအထိပါ ထိခိုက်ပြောတတ်သည့် မိထွေးကို မျက်နှာမကြည့်ချင်လောက်အောင် ဒေါသထွက်သည်။

ခံပြောနေပြန်တော့လည်း သူပြောသမျှဟာ အဟုတ်ချည်းပဲမို့ ကိုယ်သာရှုံးဖို့ရှိတာ။ ခင်ချမ်းသာမှာ အသည်းတယားယားနဲ့ပဲ မိထွေး ပြောသမျှ ခေါင်းငုံ့ခံရလေသည်။

"ဘယ်လိုလဲ ခင်ချမ်းသာ၊ သွားမှာလား မသွားဘူးလား ညနေ ဒေါ်သိန်းကြွယ်ကြီး လာလို့ အိမ်လခ မပေးနိုင်ဘူးဆိုရင် ငါတို့ ဆင်းပေးရတော့မှာ၊ မသွားနိုင်ဘူးဆိုလည်း အထုပ်အပိုးသာ ပြင်ထားပေတော့"





ကဲ ... ဘယ်လိုများ တတ်နိုင်ဦးမှာလဲ။ သူတို့လည်း [illegible]တာပဲ ဖြစ်ပေမဲ့ ကိုယ့်ရဲ့ကျောချစရာ တစ်နေရာဖြစ်သော ဒီအိမ်ကနေ မခွာနိုင်မချင်းတော့ မိထွေး ခိုင်းသမျှ လုပ်ပေးဖို့ဘဲ ရှိတော့တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ဒေါ်စိန် ... ဒေါ်ဒေါ်စိန် ... ဟဲ့ ... အောင်မယ်လေး
ပလုပ်တုတ်"

မိထွေးကို စိတ်တိုနေတာမို့ အသံကလည်း ခပ်ကျယ်ကျယ်၊ လှုပ်ရှားမှုကလည်း ဒေါင်းတိမောင်းတိ အားမာန်ပါ ဖြစ်နေသော ခင်ချမ်းသာတစ်ယောက် ဒေါ်စိန်မြိုင့် အိမ်ထဲ ... ခိုင်းကြီး ဝင်ချသွားပြီးမှ မထင်မှတ်ဘဲ တွေ့လိုက်ရသူ တစ်ယော... ကြောင့် အလန့်တကြား ဖြစ်သွားရသည်။

ရေချိုးပြီးစ ရေလဲပုဆိုးတိုတိုနှင့် ခန္ဓာကိုယ် အ... ပိုင်း ဗလာကျင်းနေသော အလိမ္မာကလည်း ကိုယ့်ရှေ့သို့ ရုတ်တ... ကြီး ရောက်ချလာသူ တစ်ယောက်ကြောင့် လန့်လည်း... ရှက်လည်းရှက်ကာ ဖရိုဖရဲတွေ ဖြစ်လိုဖြစ်။





အမှန်ကတော့ ရေချိုးခန်းရယ်လို့ လုံလုံခြုံခြုံ၊ သီးသီးသန့်သန့်ထားသည့်အိမ် မရှိသလောက် နည်းပါးသူတို့ ရပ်ကွက်ထဲမှာ အမျိုးသားတွေ မပြောနဲ့ အမျိုးသမီးတွေတောင်မှ ထဘီ...င်လျားနဲ့ အိမ်ပြင်ထွက်ပြီး ရေချိုးနေကြတာပါ။ ဘယ်သူ့အတွက်မှ အမြင်မဆန်းသလို ရှက်စရာ၊ အမြင်မတော်စရာရယ်လို့လည်း ...ယ်သူကမှ မတွေးကြ။

အလိမ္မာ တစ်ယောက်ကသာ သဘာဝကို ဆန့်ကျင်...ီး ယောက်ျားတန်မဲ့ အရှက်သည်းလှတာ။ အိမ်ပြင်က အုတ်ရေ...န်မှာ ရေထွက်ချိုးလျှင် အကာအရံမဲ့၊ ကိုယ့်ကို သူများတွေ ...ကြည့်နိုင်နေမှာ စိုးတာမို့ မီးဖိုခန်းထဲမှာပဲ ကျဉ်းကျဉ်းကျပ်ကျပ် ...ရာယူပြီး အကာအရံလေးလုပ်ကာ ရေချိုးခန်းသီးသန့်လုပ်ထား...။

ရေချိုးပြီး ရေလဲပုဆိုးနဲ့ အပေါ်ပိုင်း အဝတ်အစား ...သော ပုံစံနဲ့ ဘယ်တော့မှ အပြင်မထွက်တတ်။ အနည်းဆုံး ...ဆါမှာ မျက်နှာသုတ်ပဝါခြုံလျက်တော့ ရှိပါမှ။



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ မျက်နှာသုတ်ပဝါ မေ့လာတာမို့ (ဘယ်သူ့မှ ရောက်လာစရာ အကြောင်းလည်း မရှိလောက်တာနဲ့) ဒီအတိုင်းပဲ ထွက်လာခဲ့ကာမှ ကျူးကျော်ဝင်ရောက်လာသူနှင့် တည့်တည့်ကို တိုးပါရောလား။

နေစမ်းပါဦး။

သူများအိမ် မပြောမဆို (အဲ ... အသံကျယ်နဲ့တော့ အော်ဟစ် ခေါ်လာပေသား) တက်လာတာ ဘယ်သူများပါလိမ့်။

အလိမ္မာက မိန်းကလေးတွေ လုပ်သလိုမျိုး ရင်ဘတ်ရှေ့ကို လက်နှစ်ဖက်နှင့် ယှက်ကာလျက် ဧည့်သည်ကို ပြုံးကြည့်လိုက်သည်။

မြင်တော့ မြင်ဖူးသလိုရှိသား။

ဒီရပ်ကွက်ထဲမှာ နေလာတာ ကြာလှရှိပြီဖြစ်သော် တသီးတသန့်ဆန်သော အလိမ္မာက လူအတော်များများကို ခေါ် ပါ။ အထူးသဖြင့် မိန်းကလေးတွေဆို ပိုလို့တောင် မသိသေး





မျက်နှာစုတ်ချွန်းချွန်း၊ ဆံပင်က ပုံကျကျမဟုတ်ဘဲ ဖွာဘာသာ ကြဲသလို ဖြစ်နေသည့် တိုရှည်မညီညာသည့်ပုံ။ သားက ညိုမွဲမွဲ၊ ပိန်ညှော်ညှော်၊ ညစ်ထေးထေးနဲ့ ဒီကောင်မလေးကိုတော့ သွားရင်း လာရင်း မြင်ဖူးသလိုရှိတာကလွဲလို့ ကောင်းကောင်းပင် မသိ။

"ဘာလဲ ... ဘာကိစ္စ ရှိလို့လဲ"

"ဒေါ်ဒေါ်စိန် ရှိလား"

အလိမ္မာကသာ အိုးတိုးအမ်းတမ်း၊ အနေရအထိုင်ရ က် ဖြစ်သွားသော်လည်း ကောင်မလေးကတော့ အေးအေးဆေး းပင်။

"အမေလား ... ဈေးထဲသွားတယ်"

"ဘာသွားလုပ်တာလဲ"

အဲ ... တယ်စပ်စုပါလား။

ဒီလိုအချိန်မျိုး အမေ ဈေးထဲသွားပြီဆိုလျှင် ဈေး တာ နေ့ပြန်တိုးယူသော ဈေးသည်တွေထံက ပိုက်ဆံလိုက်



www.burmeseclassic.com

www.burmeseclassic.com



ကောက်ဖို့ပင်။ ဒါပေမဲ့ အဲဒီကိစ္စကြီးကို သူစိမ်းမိန်းကလေးတစ်ယောက်ကို အလီမွှာက ပြောမပြချင်။ ငွေတိုးချေးစားသည့်အလုပ်ဟာ သမာအာဇီဝ၊ ဖြူဖြူစင်စင် အလုပ်ပဲ ဖြစ်ပေမဲ့ အလီမွှာစိတ်ထဲ ရှက်စရာကြီးလို ထင်နေမိတာ။

ကောင်မလေးကလည်းလေ။ သူလာရှာသည့်သူဟာ အိမ်မှာရှိလား မရှိလား၊ ဒါသိရလျှင် ပြီးပြီပေါ့။

ဘာဖြစ်လို့ သွားရခြင်း အကြောင်းရင်းကို လိုက်သိချင်နေရဦးမှာလဲ။

"ဘာကိစ္စရှိလို့လဲ"

ဒီတစ်ခါတော့ အလီမွှာက မေးခွန်းကို မေးခွန်းနဲ့ပဲ တုံ့ပြန်လိုက်သည်။

"ပိုက်ဆံချေးမလို့"

လေသံက တယ်မာပါ့လား။ သူများဆီက ပိုက်ဆံလာချေးတာတောင်မှ အကြွေးလာတောင်းတဲ့ အသံမျိုး လုပ်ထားနိုင်သေးသည်။





မိန်းကလေးငယ်လေးတန်မဲ့ ရွယ်တူသူစိမ်းယောက်ျားတစ်ယောက်ရှေ့မှာ ပိုက်ဆံချေးမဲ့ အကြောင်း ပြောလိုက်ရတာကိုလည်း မရှက်ဘူးခင်ဗျ။

"ဒေါ်ဒေါ်စိန် သွားတာ ကြာပြီလား။ ပြန်ရောက်လာတော့မှာလား"

"ကျွန်တော် မပြောတတ်ဘူး ခင်ဗျ"

"ဟွန့် ရှင်သိတာ ဘာမှလဲ မရှိဘူးနဲ့တူတယ်။ အင်း ... ဒီပုံဆိုရင်တော့ စောင့်ရဦးတော့မယ် ထင်တယ်"

မြတ်စွာဘုရား။

ကောင်မလေးက အိမ်ရှေ့ဧည့်ခန်းက ထိုင်ခုံပေါ်မှာ သူ့အိမ်သူ့ရာလိုပဲ သက်သောင့်သက်သာ ထိုင်ချလိုက်လေသည်။

ဒီလိုလုပ်လို့ ရသလား။ သူများအိမ် တစ်အိမ်မှာ ဝင်ပြီး ထိုင်မယ်နော်၊ စောင့်မယ်နော်လို့ တစ်ချက်ကလေး ခွင့်တောင်းဘဲ ထိုင်ချပစ်လိုက်တာ အသက်ငယ်ငယ် မိန်းကလေးတစ်ယောက်အနေနဲ့ဆိုလျှင် လက်လွတ်စပယ် နိုင်လွန်းအားကြီးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ စောင့်လို့တော့ မရဘူး ထင်တယ်ခင်ဗျ"

"ရှင် ... ဘာဖြစ်လို့"

"အမေမှ မရှိတာ"

"ပြန်လာမယ် မဟုတ်လား၊ ကျွန်မက မတွေ့ရင်မဖြစ်လို့"

"အရေးမကြီးဘူးဆိုရင် နောက်တစ်နာရီလောက်နေမှ တစ်ခေါက်လာခဲ့ပါလား"

"အရေးကြီးလို့ လာတာပေါ့ရှင့်၊ ကျွန်မတို့က အရေးမကြီးဘဲ ဟိုအိမ်ဒီအိမ် အလည်သွားတတ်တဲ့ သူတွေမှ မဟုတ်တာ၊ နောက်တစ်ခေါက် ထပ်လာဖို့ ဆိုတာလည်း မလွယ်ဘူး၊ နေပူကျဲတောက်ကြီး"

အခုထက်ထပ်ပြီး ညိုမောင်းသွားစရာ မရှိတော့လောက်အောင် လက်ကုန်၊ ဂိတ်ဆုံး မည်းပြီးသားဖြစ်နေသော သူမရဲ့ အသားအရေကိုကြည့်ပြီး အလိမ္မာက ရယ်ချင်သွားရသည်။

"ဘာလဲ ... နေပူထိမခံချင်တာ အသားမည်းမှာ ကြောက်လို့ တစ်ခုတည်း မဟုတ်ဘူး၊ နေပူခံရရင် ပူပြီး ချွေးရွှဲရော၊ ချွေးရွှဲတော့ အဝတ်အစားတွေ ခဏခဏလျှော်ရရော၊ ရှိုး





မဲ့စု ဝတ်စုံလေးတွေက ခဏနဲ့ ဟောင်းကုန်ရော၊ ပြီးတော့ နေရောင်ခြည်မှာပါတဲ့ ခရမ်းလွန်ရောင်ခြည်က အရေပြားကင်ဆာ ဖြစ်နိုင်တယ်"

အလိမ္မာရဲ့ လှောင်ချင်သလိုလို အပြုံးကို သဘောပေါက်သွားပုံရသော ကောင်မလေးက သူ့ဘာသာပဲ ဖြေရှင်းနေသည်။

"ခက်နေတာက ကျွန်တော်ကလည်း သွားစရာရှိနေတယ်ဗျ၊ ခင်ဗျားကို ထိုင်စောင့်မပေးနိုင်ဘူး"

"သွားစရာရှိလည်း သွားပေါ့၊ ကျွန်မဘာသာပဲ ဆက်စောင့်နေလိုက်မယ်၊ အချင်းချင်းတွေပဲ ဧည့်ခံထားစရာ မလိုပါဘူး"

အောင်မယ်။ သူမကပဲ ပြောရတယ်ရှိသေး။ ကိစ္စရှိတာက အိမ်မှာ တစ်ယောက်တည်း စောင့်ကျန်ရမည့် သူမမဟုတ်။ ကိုယ့်အိမ်တစ်လုံးလုံးကို သူစိမ်းလက်ထဲ (မြင်တွေ့နေကျဖြစ်သည့်တိုင် သူ့အကျင့်စာရိတ္တ ဘယ်လိုရှိသည်ဆိုတာ ကိုယ်ကသေချာမသိရ) အပ်ပြီး ထားခဲ့ရမည့် အလိမ္မာပဲ ဖြစ်သည်လေ။



www.burmeseclassic.com

www.burmeseclassic.com



"ညှော်ခံဖို့ ပြောနေတာ မဟုတ်ပါဘူး"

"ဒါဖြင့် ဘာလဲ ... ဩော် ... သိပြီ၊ ကျွန်မ တစ်ယောက်တည်း ထားခဲ့ရမှာ ရှင့်အိမ်ကို စိတ်မချဘူးပေါ့"

အလိမ္မာက ဟုတ်တယ်လည်း ဝန်မခံ၊ မဟုတ်ဘူးလို့လည်း မငြင်းဆန်ဘဲ ငြိမ်နေသည်။

"ကောင်းပြီလေ၊ ဒါဆိုလည်း ရှင် အိမ်ကိုသော့ခတ်သွားပါ၊ ကျွန်မ လေ့ကားထစ်မှာပဲ ထိုင်စောင့်နေလိုက်မယ်"

"အာ ... ဒီလိုဆိုတော့လည်း"

အလိမ္မာက ဒီလိုကျပြန်တော့လည်း အားနာမိသား။ ကိုယ့်အိမ်ထဲ ထိုင်နေသည့် ညှော်သည်တစ်ယောက်ကို အပြင်ပြန် ထွက်ခိုင်းပြီး အိမ်တံခါးပိတ်ပစ်လိုက်ရမှာ အဆင်မပြေလှဘူးဟု ထင်သည်။

"ခက်တော့တာပဲဗျာ"

"ရှင်ဟာလေ ... အားနာတာနဲ့ သံသယများတာနဲ့ ဒီရပ်ကွက်ထဲက လူတွေက တစ်ယောက်ကို တစ်ယောက် သိ





ကြပြီးသား၊ ကိုယ့်အိမ်ညှော်သည် ရောက်နေလည်း ထားစရာရှိ ထားသွားကြတာပဲ၊ တကယ်လို့ မထားသင့်တဲ့၊ စိတ်မချရတဲ့သူ ဆိုရင်လည်း ငါ စိတ်မချဘူးလို့ ပွင့်ပွင့်ပြောလိုက်တာပါပဲ၊ ဟန်တွေပန်တွေ လုပ်မနေကြပါဘူး"

"ဟိုလေ ... အမေက ဘာပြောမယ်မှန်း မသိလို့ပါ"

ခင်ချမ်းသာက အကြံတစ်ခု ရသွားကာ ...

"ဒါဆို ဒီလိုလုပ်၊ ရှင်ပဲ ကျွန်မပေါင်မှဲ့ ပစ္စည်းကို ဈေးဖြတ်ပြီး ပေးစရာရှိတာ ပေးလိုက်ပေါ့"

"မဖြစ်ပါဘူး၊ ကျွန်တော်မှ အဲဒါတွေ နားမလည်တာ၊ အမေရှိမှ ဖြစ်မှာပါ၊ ခဏ ... အဲ ... အိမ်ထဲမှာပဲ စောင့်ချင်လည်း စောင့်ပါတော့ဗျာ"

"တော်ပါပြီ၊ ကျွန်မက စောင့်ရဖို့ပဲ အရေးကြီးတာ၊ ရှင့်အိမ်ညှော်ခန်းထဲမှာ ထိုင်စောင့်ရတာနဲ့ လေ့ကားရင်းထိုင်စောင့်ရတာ ဘာမှမထူးဘူး၊ ရှင့်ဘာသာ စိတ်ချလက်ချ သာသွား"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... အားနာ ..."

"အပိုတွေ မလုပ်စမ်းပါနဲ့ရှင်၊ အမိက,က အဆင်ပြေဖို့ပဲ၊ ကျွန်မတို့လို လူတွေကြားထဲမှာ အားနာတယ်ဆိုတာ ရှိဖို့ မလိုပါဘူး၊ ကျွန်မကို အားနာရကောင်းမှန်းသိတဲ့ အတွက်လည်း ရှင့်ကို ကျေးဇူးမတင်ဘူး"

အတော်ပြတ်သားသည့် မိန်းကလေးပဲ။ အင်းလေ သူကမှ ပြတ်ပြတ်ပြောလာတော့လည်း အလိမ္မာက တွေဝေနေစရာ မလိုတော့ဘူးပေါ့။

အလိမ္မာ အိမ်ကထွက်သည့်အချိန်မှာ ကောင်မလေးကို အပြင်ထွက်စေလိုက်ပြီး အိမ်ကို သော့ခတ်ပိတ်လိုက်ရပါသည်။

လေပကားရင်း ညစ်ပေပေမှာ ကောင်မလေးက မဖြူမတွန့်သော မျက်နှာလေးနဲ့ ဖျတ်ခနဲ ထိုင်ချကျန်ရစ်ခဲ့နိုင်ပေမဲ့ ထွက်လာခဲ့ရသော အလိမ္မာမှာတော့ နောက်ကျောမလုံသလို ခံစားနေရသည်။

❂ ❖ ❂





အလှပြင်ဆိုင်ကနေ အခုပဲ ပေါင်းတင်၊ လက်သည်းကို ပုံစံဖော်ဆေးဆိုးလာခဲ့သည့် လက်ချောင်းလေးတွေကို မေခေတ်က ကော့ကာ ထောင်ကာ ကြည့်ရင်း လျှောက်လာခဲ့သည်။

အလုပ်များရသည့်ကြားထဲ တစ်လကို နှစ်ခါလောက် အလှပြင်ဆိုင်ကိုလာကာ ဆံပင်ပေါင်းတင်၊ မျက်နှာပေါင်းတင်၊ လက်သည်းခြေသည်းကို ဒီဇိုင်းဖော် ဆေးဆိုးပြီး အလှပြင်ရတာလည်း ကြီးစွာသော ဒုက္ခကြီးပါပဲ။

အချိန်က ကုန်လှသည်လေ။ အလှပြင်ဆိုင်လာရသည့်နေ့ဆို အနည်းဆုံး နေ့တစ်ဝက်လောက်တော့ အချိန်ကကုန်ပြီ။ ကိုယ့်အလုပ်တွေကို နေ့တစ်ဝက်စာလောက် ပစ်ထားခဲ့ရတာ



www.burmeseclassic.com

www.burmeseclassic.com



မို့ ပုံလာသော အလုပ်ကြွေးတွေကို တစ်ညလုံး မအိပ်ဘဲ ဆပ်ရတော့တာ။

ပိုက်ဆံတွေ အထပ်လိုက် ထွက်သွားတာကတော့ အကြောင်းမဟုတ်ပါဘူး။ အိမ်မှာ အဖေကလည်းရှာ၊ အမေကလည်းရှာ၊ မေခေတ်ကလည်းရှာ။ လူသုံးယောက်ရှိရာမှာ သုံးယောက်စလုံးက အလုပ်ဖြစ်ဖြစ်နဲ့ ရှာဖွေထားသမျှ ပိုက်ဆံတွေဟာ သိမ်းဆည်းမကုန်။ နောက်ထပ် ထားစရာနေရာ အခက်အခဲဖြစ်လာလို့တောင် ရှေ့ကရှာထားသည့် ငွေတွေကို ဖြုန်းဖြုန်းပစ်နေရတာ။

အောင်မယ်။ ပိုက်ဆံဖြုန်းရသည် ဆိုတာလည်း သိပ်တော့ လွယ်သည့်ကိစ္စတစ်ခု မဟုတ်ဘူးနော်။ ဖြုန်းတတ်ဦးမှ ဖြစ်မှာ။ ငွေများများ တစ်ပြိုင်နက်တည်း ထွက်နိုင်သည့်နေရာတွေဟာ ဘယ်လိုနေရာတွေဆိုတာ သိထားဦးပါမှ။

ဥပမာ ... အနော်ရထာလမ်းပေါ်က ဆိုင်တိုဆိုင်စတွေ လျှောက်ဝယ်နေရုံနဲ့တော့ ငွေတစ်သိန်းလောက်ဟာ တော်တော်နဲ့ကုန်မှာ မဟုတ်။ အဲ ... ပလက်တီနမ်ဆိုင် တစ်ဆိုင်လောက်





ဆို ဝင်လိုက်လျှင်တော့ ဆယ်သိန်းလောက် ပါလာလည်း ဖြိုက်ခနဲ ကုန်အောင်သုံးပစ်လိုက်လို့ ရသည်။

လမ်းဘေး စားသောက်ဆိုင်ကလေးမှာ သောင်းထောင်းပြည့်အောင် စားမည်ဆိုလျှင် စားပိုးနင့်လောက်အောင် ပင်ပန်းမှာပေမဲ့ ဆီဒိုးနားလို၊ ထရေးဒါး(စ်)လို ဟိုတယ်မျိုး တက်စားလိုက်လို့ကတော့ တစ်သိန်းထုပ် အတော်များများကို ဖျောက်ခနဲ ချောက်ခနဲ ဖွင့်ထုတ်ရှင်းပစ်ရနိုင်သည်။

အခုလို အလှပြင်ဆိုင်ဝင်ပြီး တစ်ကိုယ်လုံး အလှပြင်လိုက်ပြီဆိုလျှင် သိန်းဂဏန်းကတော့ အေးအေးလေး ထွက်သွားပြီ။

တစ်နေ့ တစ်နေ့ ကိုယ်ရေးကိုယ်တာအတွက် ငွေအပြောက်အများ သုံးနေကျ အကျင့်ဖြစ်နေတာမို့ အပိုငွေသုံးစရာ ရှိလျှင်တောင် လူက ခြောက်ကပ်ကပ်ကြီးလိုလို ဘာလိုလို။

ဒီနေ့ လက်သည်းဆိုးလာသည့် ဒီဇိုင်းက အသစ်။ ဒီထဲတိုက်ရိုက်မှာသည့် ကက်တလောက်ထဲပါသည့်အတိုင်း ပထမ

www.burmeseclassic.com

www.burmeseclassic.com



ဆုံး အစမ်းဆိုးကြည့်လာကာ မေခေတ်က ကိုယ့်လက်သည်းဒီဇိုင်းကို ကိုယ်သဘောတွေ ကျနေသည်။

အပြန် ကားမောင်းလာရင်းနဲ့လည်း လက်သည်းကို ကော့ကာ ထောင်ကာ လှည့်ပတ်လို့ တကြည့်ကြည့်။

ကိုယ့်ဘာသာ ကြည်နူးလာသော မေခေတ် တစ်ယောက် ရုတ်တရက် တွေ့လိုက်ရသည့် မြင်ကွင်းကြောင့် အလန့်တကြားဖြစ်ကာ ကားကို ဘရိတ် ဆောင့်နင်းပစ်လိုက်ရပါသည်။

ကားကကောင်းကောင်း၊ ဘရိတ်ကကောင်းကောင်း မို့ ရောက်သည့်နေရာမှာ တိခနဲ ရပ်သွားပေလို့။ ဒါတောင် သူ့အရှိန်နဲ့သူ ဆက်ရွေ့လျားလာသူက ကောင်းကောင်းမရပ်ရသေးဘဲ တုန်ခါကျန်နေဆဲ ကားဘန်ပါကို လာတိုက်မိသွားသေးသည်။

ကိုယ့်မျက်စိရှေ့တင် လူရိပ်တစ်ခု ဖုတ်ခနဲ လဲကျသွားသောအခါ မေခေတ်က ကားထဲ ဘယ်လိုမှ ဆက်ထိုင်မနေရဲတော့ပါ။





ကားဘေးနားရောက်တော့ ကိုယ့်ကားနဲ့ တိုက်မိသူဟာ မိန်းမကြီးတစ်ယောက်မှန်း သိလိုက်ရသည်။

ပထမတော့ အသားညိုညို၊ သန့်စွမ်းကြံ့ခိုင် ကြမ်းတမ်းပုံရသော မိန်းမကြီးကို အတော် အသက်ကြီးပြီလို့ပဲ ထင်မိတာ။ အနားကပ်ပြီး သေသေချာချာ ကြည့်လိုက်တော့မှ လောကဓံကြောင့် ရင့်ထော်နေဟန်ရှိပေမဲ့ ရုပ်ရည်ကလည်း သိပ်မဆိုး၊ အသက်အရွယ်ကလည်း မာမိတို့လောက်ပဲ ရှိဦးမည်ဆိုတာ သိလိုက်ရတာ။

မေခေတ် အနားရောက်သွားလျှင် ခပ်ကြမ်းကြမ်းရိုက် ရှိမည့်ပုံရသော မိန်းမကြီးက လဲပြိုနေရာက ပြန်ထ,နေပြီ။

အင်း ... သူ့ဘာသာ ပြန်ထနိုင်တယ် ဆိုတော့ ခဲ့ထိခိုက်တာ မရှိလို့ပေါ့။ တော်ပါသေးရဲ့။

"ညည်း ဘယ်လိုလုပ်လိုက်တာလဲအေ၊ နမော်နမဲ့ နှိုင်လိုက်တာ၊ ကျုပ်သာ မရှောင်ရင် တိုက်မိပြီးလောက်ပြီအေ့"



www.burmeseclassic.com

www.burmeseclassic.com



ဟာင် ...။ ကိုယ်က ဘာရိတ်အုပ်တာစောလို့ ဝင်မတိုက်မိတာကိုများ။ အခုဖြစ်ရတာကလည်း ရပ်လိုက်သောကားကို သူ လမ်းလျှောက်လာသည့် အရှိန်နဲ့ မထိန်းနိုင်လို့ ဝင်တိုက်တာများ။

မိန်းမကြီး ကြည့်ရတာ အဝတ်အစားလည်း ခပ်နွမ်းနွမ်းဆိုတော့ မတရားလျော်ကြေးများ တောင်းဦးမှာလား မသိ။

ဒီလိုအခြေအနေမျိုးမှာ ကိုယ့်ဘက်က တင်းထားနိုင်ပါမှ တစ်ဖက်လူကို အနိုင်ရမည်ဆိုတာကို မေခေတ်က သိတော့သိပါရဲ့။

ဒါပေမဲ့ သူမက လူတွေကို စကားမောက်မောက်မာမာလည်း မပြောတတ်။ မတရားလည်း အနိုင်မကျင့်တတ်။

နဂိုတည်းက စိတ်ထားဖြူစင် အေးဆေးရသည့်ကြားထဲ ဒီကနေ့ စိတ်လက်လည်း ကြည်လင်နေချိန်မို့ မေခေတ်က အမျိုးသမီးကြီးကို ပြေပြေလည်လည်ပဲ ဆက်ဆံဖို့ ဆုံးဖြတ်လိုက်ကာ ...





"စိတ်မရှိပါနဲ့ အန်တီရယ်၊ မေလည်း အမှတ်တမဲ့ ဖြစ်သွားလို့ပါ၊ ဒါပေမဲ့ မေ, အချိန်မီ ကားဘရိတ်အုပ်လိုက်ပါတယ်၊ အဲဒါကြောင့် အန်တီ ဘာမှ မထိခိုက်မိသွားတာ"

"ဘာလဲ ... ညည်းက ကျုပ်ကို လျော်ကြေးတောင်းမယ်ထင်လို့ ဒီစကားနဲ့ ပိတ်ပြောလိုက်တာလား"

"အို ... မဟုတ်ဘူး ... မဟုတ်ပါဘူး၊ တကယ်လို့ အန်တီကို ထိခိုက်မိတယ်၊ ဆေးဝါးကုသဖို့ လိုတယ်ဆိုရင် မေ အားလုံး တာဝန်ယူမှာပါ၊ အခုဆိုလိုတာက အန်တီ့မှာ ဘာမှ ကြီးကြီးမားမား အန္တရာယ်ဖြစ်စရာ မရှိဘူးလို့ အားပေးတာပါ"

မေခေတ် ပြောလိုက်တော့မှ အမျိုးသမီးကြီးက သူ့ကိုယ်သူမ ခြေဆုံးခေါင်းဖျား ပြန်ကြည့်ကာ ...

"အရိုးတွေ ဘာတွေတော့ ကျိုးမသွားဘူး ထင်တယ်"

"မကျိုးလောက်ပါဘူး၊ ဖြည်းဖြည်းလေး ကျသွားတာပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



"လဲကျတာများ ဖြည်းဖြည်းလေးတော့ ရှိမလားအေ့၊ ရုပ်ရှင်ရိုက်နေတာမှ မဟုတ်တာ၊ ဒီခန္ဓာကိုယ်ကြီးနဲ့ ကတ္တရာလမ်းပေါ် အရှိန်နဲ့ ကျသွားတာ ကိုင်ရိုက်လိုက်သလိုပဲ တစ်ကိုယ်လုံး နာသွားတာပေါ့အေ့၊ ပြီးတော့ ဒီအရွယ်က အရိုးတွေ ပွတဲ့ ဆတ်တဲ့အရွယ်၊ မဆိုစလောက်ကလေး ထိခိုက်မိတာနဲ့တင် အရိုးက ကျိုးသွားနိုင်တယ်၊ ကျိုးပြီးရင်လည်း တော်ရုံနဲ့ ပြန်မဆက်တော့ဘူး"

အမျိုးသမီး ကြည့်ရတာ သိပ်တော့လွယ်မည့် အစားထဲက မဟုတ်ပုံမရ။ ကျန်းမာရေးနဲ့ ပတ်သက်ပြီးတော့လည်း မတောက်တခေါက် နားလည်ပုံရသည်။

"ဒီမှာကြည့်၊ ဒူးနဲ့ တံတောင်ဆစ်မှာ ပွန်းပဲ့ထားတာတွေ နည်းတာ မဟုတ်ဘူး"

အမျိုးသမီးကြီးရဲ့ ဒူးခေါင်းနဲ့ တံတောင်ဆစ်တွေမှာ အရေပြားပွန်းရှရတ်ပြဲကာ သွေးစို့ထွက်နေသော နေရာတွေရှိနေ တာကတော့ အမှန်ပါပဲ။ ဒါပေမဲ့ သူမပြောသလောက် မနည်း မနောတော့ မဟုတ်ချေ။



"အပြင်ပန်းမှာတောင် ဒီလောက် ပွန်းပဲ့ထားတာ၊ အထဲက အရိုးရော မကျိုးဘူး ပြောနိုင်မလား၊ သွင်သွင်မကျိုးရင်တောင် အရိုးအက်တာတို့ ဘာတို့ မဖြစ်နိုင်ဘူးလား"

အမျိုးသမီးကြီးကတော့ မဖြစ်သေးတာကိုတောင် စိတ်နဲ့မှန်းကာ စွဲချက်တင်ချင်နေပြီ။

ဒီလိုပါပဲ။ ခုခေတ်မှာ မတော်တဆ ထိခိုက်မှု တစ်ခါဖြစ်လို့ကတော့ ရှိခိုးမတတ် တောင်းပန်၊ နင့်နေအောင်လျော်၊ ချိုးမှုပဲ ဖြစ်မည်။

"စိတ်ချပါ အန်တီ၊ မေ, အန်တီ့ကို ဆေးရုံဖြစ်ဖြစ် ဆေးခန်းဖြစ်ဖြစ် ပို့ပေးမှာပါ၊ အဲဒီမှာ လိုအပ်တဲ့ စမ်းသပ်စစ်ဆေးမှု အကုန်လုပ်ပြီး အန်တီ ကျေနပ်တဲ့အထိ လုပ်ပေးပါ့မယ်၊ ဆေးကုသဖို့ လိုတယ်ဆိုရင်လည်း စိတ်တိုင်းကျ ကုပေးမှာပါ"

မေခေတ်က ပြေပြေလည်လည် ချိုချိုသာသာကလေး တောင်းပန်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကို ရန်လုပ်မဲ့သူ၊ ပြဿနာရှာမဲ့သူမို့ ကြောက်လို့တော့ မဟုတ်။ အမျိုးသမီးကြီးဟာ ကိုယ့်အမေ အရွယ်လောက်ရှိတာမို့ မိဘချင်း ကိုယ်ချင်းစာလို့သာ။

မာမီနဲ့ အမျိုးသမီးကြီးဟာ အသက်ချင်း မတိမ်းမယိမ်း ရှိကြတာပေမဲ့ မာမီကျတော့ ကြော့ကြော့မော့မော့၊ နု ရွရွကလေး၊ ကောင်းပေ့ဆိုတဲ့ အဝတ်အစားတွေဆင်၊ တန်ဖိုးကြီးပေ့ဆိုတဲ့ လက်ဝတ်တန်ဆာတွေဝတ်၊ နာမည်အကြီးဆုံး အလှပြင်ပစ္စည်းတွေသုံးပြီး အသက်ထက်ငယ်လောက်ယေအောင် ပြင်ဆင်နိုင်တာ။ လူတိုင်းကလည်း ပြန်ငေးကြည့်ရလောက်အောင် လှ ဝံ့ကြွားနိုင်သေးတာ။

ဒီအမျိုးသမီးကြီးကျတော့ လူပုံစံကလည်း ခပ်နွမ်းနွမ်း၊ အသားအရည်ကလည်း ညစ်မွဲမွဲ၊ ကြည့်ရတာကိုက လော ကို ကောင်းကောင်းခံထားရသည့်ပုံမျိုး။ သနားဖို့ကောင်းလှသည်

မေခေတ်ဘက်က ချော့ချော့မော့မော့ လိုက်လို လျောလျော ဖြစ်သွားတော့ ရန်လိုနေသည့် အန်တီကြီးလည်း ငြိမ်ကျသွားတော့ကာ ...





"ရပါတယ်အေ ... ကျုပ်ကလည်း ရုတ်တရက် နာတော့ စိတ်တိုသွားလို့သာ ပြောမိတာပါ။ သူများကို အမှုအခင်းလည်း မလုပ်ချင်ပါဘူး၊ လျော်ကြေးဘာညာလည်း မတရားမယူချင်ပါဘူး၊ ခြေတွေ လက်တွေလည်း အကောင်းသားဥစ္စာ၊ ကျိုးတာပဲ့တာ မဖြစ်လောက်ဘူး ထင်ပါရဲ့"

"အဲဒီလိုတော့ ပြီးလွယ်စကြောင်း မပြောနဲ့ အန်တီရဲ့၊ အရိုးကျိုးတယ်ဆိုတာ ဓာတ်မှန်ရိုက်ကြည့်မှပဲ သိနိုင်တာ၊ ဆေးခန်းသွားပြီး ဓာတ်မှန်လေးတော့ ရိုက်ကြည့်လိုက်ပါဦး"

"နေပါစေ ... နေပါစေ ... တော်ပြီ၊ ကျုပ်ကို တစ်ခုခု လုပ်ပေးချင်တယ်ဆိုရင် အိမ်အထိ လိုက်ပို့ပေး၊ ဒီလောက်ဆို ရပြီ"

"အိမ်အထိက ပို့ပေးမှာပါ၊ ဆေးခန်းလည်း ..."

"ဆေးခန်း မသွားတော့ဘူး၊ တကယ်ပြောတာပါ၊ ကျုပ်က အင်မတန် ကျန်းမာတာ၊ ပြီးတော့ ဆေးခန်းသွားရလောက်



www.burmeseclassic.com

www.burmeseclassic.com



အောင်လည်း အချိန်မရဘူး၊ အိမ်မှာ လုပ်စရာတွေက ပုံနေတာ"

"ကိုယ့်ကျန်းမာရေးထက်တော့ ဘာမှပိုပြီး အရေးမကြီးပါဘူး အန်တီရယ်၊ အိမ်အလုပ်ကို ကျန်တဲ့အိမ်သားတွေ လုပ်လိမ့်မပေါ့"

"အိမ်မှာက အိမ်သားဆိုလို့ ကျုပ်နဲ့ ကျုပ်သားလေးပဲရှိတာ၊ သားလေးက မနက်ဖြန် စာမေးပွဲဖြေမှာဆိုတော့ သူ့ကိစ္စတွေ လုပ်ပေးရဦးမှာ"

သနားစရာကောင်းတဲ့ အမေပါလား။ ကိုယ်တိုင်က နေမကောင်းဖြစ်ပြီး ထိခိုက်အနာတရ ဖြစ်နေတာတောင် သားကိစ္စ လုပ်ပေးဖို့ကို ပိုပြီး စိတ်ပူနေလိုက်တာများ။

"ကဲ ... ကဲ ... ဒါဆိုလည်း ကားပေါ်တက်ပါ၊ မေ့အိမ် ရောက်တဲ့အထိ လိုက်ပို့ပေးပါ့မယ်"

"ဖြစ်ရဲ့လား ... အားတောင်နာတယ်၊ ညည်းမှာ သွားစရာ ဘာညာ အရေးတကြီးရှိရင် ..."





"မရှိပါဘူး၊ မေက ဆိုင်က ပြန်လာတာပါ"

ပထမတော့ အလှပြင်ဆိုင်က ပြန်လာတာလို့ ပြောပြီးမလို့ပါပဲ။ ဒါပေမဲ့ သူများတွေ ဒုက္ခရောက်နေချိန်မှာ ကိုယ်က အလှပြင်ဆိုင်သွားနိုင်သေးသည့် အဖြစ်ကို ပြောရမှာ အားနာသွားတာနဲ့ပဲ "ဆိုင်"လို့ ရောထွေးလုံးချလိုက်တာ။

"အိမ်ကတော့ ဝေးတော့ ဝေးတယ်နော်"

"ရပါတယ်၊ ကားနဲ့ သွားတာပဲ၊ ဝေးလည်းကိစ္စမရှိပါဘူး။ ပြီးတော့ အန်တီက မေ့ကြောင့် အခုလို ဖြစ်ရတာဆိုတော့"

"အမှန်က ကျုပ်လည်း နမော်နမဲ့ နိုင်တာပါ၊ သားလေး အကြောင်း စဉ်းစားပြီး လျှောက်လာတာ၊ ကားကြီးတစ်စင်းလုံးမှ မမြင်လိုက်မိတာ၊ ပြီးတော့ ရပ်ထားတဲ့ ကားကို ကျုပ်ပဲ ဝင်တိုက်တာ"

ဒီအမျိုးသမီးကြီးဟာ အပြောအဆို ကြမ်းတမ်းပြီး ခံလိုတတ်မည့်ပုံ ရှိပေမဲ့ ရိုးသားဖြောင့်မှန်သားပဲ။ သူများကို တရားစွပ်စွဲချင်စိတ် မရှိသလို သူများပိုက်ဆံကိုလည်း လိမ်ညာ ယူချင်စိတ် မရှိ။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ ... ဒါ မေ့ရဲ့လိပ်စာကတ်ပါ၊ အန်တီ ယူထားပါ၊ တကယ်လို့ ဒဏ်ရာက မသက်သာဘူးဆိုရင် ဆေးခန်းတွေဘာတွေ ပြဖို့လိုလာရင် မေ့ကို အကြောင်းကြားပါ"

ကိုယ့်ကို ပြဿနာရှာဖို့ စိတ်မကူးတော့သည့်သူကိုပဲ မေခေတ်က စေတနာတွေပိုကာ အခွင့်အရေးတွေ ပေးနေမိသေးလေသည်။

◎ ❖ ◎



ချောလိုက်တာ မှန်နေတာပါပဲတော်။

စ,စတွေ့ချင်းတုန်းကတော့ ကိုယ့်ဝေဒနာနဲ့ကိုယ်၊ ကိုယ့်ဒေါသနဲ့ကိုယ်မို့ ကျုပ်လည်း သေသေချာချာ မကြည့်မိပါဘူး။

တဖြည်းဖြည်း စကားအပြန်အလှန် ပြောကြရင်းနဲ့မှ သူဟာ ကျုပ်ထင်သလို ကိုယ့်အပြစ်ကို တခြားလူပေါ် ပုံချပြီး ပြဿနာကို ခေါင်းရှောင်တတ်တဲ့သူ၊ ကိုယ်က ကားစီးနိုင်တာနဲ့ ဝဲ လမ်းပေါ်လျှောက်နေရတဲ့သူတွေကို မထီမဲ့မြင် စော်ကားတတ်သူ တစ်ယောက် မဟုတ်ဘူးဆိုတာ သိလာရတာ။

စိတ်သဘောထားကို သိလာရတော့ လူကို သေသေချာချာ ကြည့်မိရော။ အဲဒီတော့မှ ကောင်မလေးရဲ့ မျက်နှာမှာ

www.burmeseclassic.com



ငေးကြည့်လို့ မဝနိုင်လောက်အောင် ချောပါလားလို့ သိလိုက်ရတာ။

အင်း ... သူဌေးသမီးလေးတွေများ အရာရာပြည့်စုံနေတော့ စိတ်ထားကလည်း ကောင်းနိုင်။ စိတ်ထားကောင်းတော့ ရုပ်ကလေးကလည်းချော။ ပြင်နိုင်ဆင်နိုင်၊ ဝတ်နိုင်စားနိုင်တာတွေပါ စုလိုက်တော့ အကောင်းပေါ် အကောင်းတွေဆင့်ကုန်ရော။

ကျုပ်တို့ အရပ်ထဲက မိန်းမတွေများတော့ ဒီလိုမဟုတ်ပေါင်။ လူက ဆင်းရဲပြီး ဘဝဒဏ်က ကြမ်းတော့ ရုပ်တွေကဆိုး၊ မပြေလည်မှုတွေများတော့ စိတ်တွေက မကြည်လင်။ တစ်ယောက်အပေါ် တစ်ယောက် မနာလို ဝန်တိုစိတ်တွေနဲ့ မလိုမုန်းထားမှုတွေများတော့ ရုပ်တွေကပိုဆိုး။ အဲဒီလိုဆိုးတဲ့ ရုပ်တွေကို ဝတ်ကောင်းစားလှ၊ အလှပြင်ပစ္စည်းတွေနဲ့ ဖာလို့ထေးလို့ကလည်း မတတ်နိုင်တော့ အဆိုးက အဆိုးအတိုင်းကျန်။ ဒီလိုနဲ့ပဲ စုတ်ပြတ်ညစ်ထေး၊ ဖွတ်တက်နေတဲ့ရုပ်တွေ ဖြစ်ကုန်ရော။





သူဌေးသမီး ဖြစ်ရတာများ တယ်ကောင်းပါလား။

အင်း ... ကျုပ်သားလေး အလိမ္မာလည်း ဒီလိုမျိုး ပန်းခင်းတဲ့ ချောချောမွေ့မွေ့ ဘဝမျိုးမှာသာ နေရမယ်ဆိုရင် ဘယ်လောက်ဆောင်များ ချောမောခန့်ညားနေလိုက်မလဲလို့။

သားလေး အလိမ္မာ ...။

ဒေါ်စိန်မြိုင်က ရုတ်တရက် ခေါင်းထဲရောက်လာသည့် အတွေးတစ်ခုကြောင့် မျက်ခုံးနှစ်ဖက် ပင့်ထက်သွားရလေသည်။

ဟုတ်ပါရဲ့။ ကျုပ် မေ့နေလိုက်တာ။ ဒီလောက်ချောမောလှပပြီး ချမ်းသာကြွယ်ဝ အဆင့်အတန်းမြင့်လှတဲ့ မိန်းကလေးမျိုးဟာ ကျုပ်သားရဲ့ အိမ်ထောင်ဖက်ဖြစ်ဖို့ အသင့်တော်ဆုံးပဲ မဟုတ်လား။

အောင်မယ်လေးနော်။ ဒီအတွေးက ဘာကြောင့်များ အစောကတည်းက မတွေးမိတာပါလိမ့်။ ဒီအတွေးမဝင်ခင်မှာ ကိုယ့်ဒေါသနဲ့ ကိုယ့်စကားကြမ်းကြမ်းတွေ ပြောထားမိတာ ကောင်း



www.burmeseclassic.com

www.burmeseclassic.com



မလေးတော့ ကျုပ်ကို ဘယ်လောက်တောင် ကြောက်လန့်သွားမလဲ မသိနိုင်ဘူး။

အစကသာ ကောင်မလေးကို ငါ့သားအတွက်လို့ တွေးထားမိရင် ကိုယ်တိုင်လည်း လေးစားချစ်ခင်လောက်တဲ့ ယောက္ခမလောင်းတစ်ယောက် ပုံစံနဲ့ နေပြလိုက်ပါရဲ့။

အခုတော့ ကျုပ်ကို ငွေမက်တဲ့ မိန်းမကြီး၊ ပိုက်ဆံရဖို့အတွက်ဆို အရှက်ကိုတောင်မှ မငဲ့ကွက်တဲ့ မိန်းမကြီးအဖြစ်နဲ့ အထင်သေးနေလောက်ပြီ။ ကျုပ်သားလေးကို သဘောကျရင်တောင် ကျုပ်ကို ကြောက်တာနဲ့ပဲ စိတ်မကူးရဲတော့ဘူး ဖြစ်သွားတော့မှာ။

ကျုပ်လက်ထဲကို အတင်းထည့်သွားတဲ့ ငွေသုံးသောင်းကို မရဲတရဲ ပြန်ကြည့်မိတယ်။

လက်မခံလိုက်ရရင် အကောင်းသား။ သူက အတင်းပေးနေတော့ ကိုယ်ကလည်း ရသင့်ရထိုက်တယ် ထင်ပြီး ယူလိုက်မိတာ။ အခုတော့ ငါ့ကို ငွေပေးရင်ယူတဲ့ မိန်းမကြီးလို့ ထင်သွားပြီ။





ငွေသုံးသောင်းဆိုတာ ကျုပ်အတွက် လုံးခနဲ ခဲခနဲ ရှာဖို့ခက်တဲ့ ငွေတော့ ဖြစ်တာမှန်ပါရဲ့။ ဒါပေမဲ့ ကျုပ်သားနောင်ရေးအတွက်ကျတော့ ဒီငွေသုံးသောင်းလောက်ဟာ စွန့်လွှတ်ဖို့သင့်တဲ့ ငွေကြေး ဖြစ်သွားပြီပေါ့။

ဘာပဲဖြစ်ဖြစ် ဒီကလေးမနဲ့ အဆက်အသွယ်မပြတ်အောင်တော့ ကြိုးစားရမယ်။ သူပေးခဲ့တဲ့ လိပ်စာကတ်လေးကို မပျောက်အောင် သိမ်းထားဦးမှ။

တစ်နေ့နေ့မှာ သားလေးနဲ့ ကောင်မလေးကို ပေးတွေ့နိုင်အောင် ကြိုးစားရမယ်။

ကျုပ်သားက လူချောလေးဆိုတော့ ကောင်မလေးကလည်း တွေ့တာနဲ့ သဘောကျမှာ။ ပြီးတော့ ကျုပ်သားလေးက ဆရာဝန်လောင်း။ ဒါဟာ သမီးရှင်တိုင်း ကျေနပ်လိုချင်ကြမဲ့ အရည်အချင်းပဲ။

ကောင်မလေးကလည်း ချောချောလှလှ၊ နုနုရွရွကလေး။ ကျုပ်သားလေးအနေနဲ့ကလည်း တွေ့ပြီးရင် သဘောမကျစရာ အကြောင်းကို မရှိဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရတာ သားထက်တော့ အသက်နည်းနည်းကြီးမဲ့ပုံပဲ။ အို ... ဒါလည်း ဘာဖြစ်သလဲ။ ကြီးရင်မှီ ငယ်ရင်ချီတဲ့။ ကျုပ်သားက ချီရတဲ့သူမျိုးတော့ မဖြစ်စေချင်ပါဘူး။ မှီခိုအားထားရတဲ့ မိန်းကလေးမျိုးပဲ ရစေချင်တယ်။

သားနဲ့ ကလေးမလေးသာ ချစ်သူတွေဖြစ်သွားကြရင် ကျုပ်လည်း စိတ်ချမ်းသာ၊ ရပ်ကွက်ထဲက ကျုပ်သားကို မတ္တူမတန် မုန်းချင်တဲ့ဟာတွေလည်း အကြောင်းသိပြီး နောက်ဆုတ်သွားကြရောပေါ့။

အခုမှ တွေ့ရတဲ့ မိန်းကလေး တစ်ယောက်ကို ဒီလောက်ကြီး စိတ်ကူးယဉ်နေရသလားလို့တော့ ကျုပ်ကို အပြစ်မတင်ကြပါနဲ့။ ကျုပ်က အမေလေ။ သားကိုသိပ်ချစ်ပြီး မျှော်လင့်ချက်တွေ သိပ်ထားတဲ့ အမေ။ ဒီလောက်ကလေး စိတ်ကူးယဉ်တာကတော့ သဘာဝကျပါရဲ့။

❂ ❖ ❂





အိမ်ပေါ်တက်လိုက်တာနဲ့ ကျေနပ်ပီတိ ဖြစ်နေတဲ့အမေ့ မျက်နှာကို တန်းတွေ့လိုက်ရတော့တာပါပဲ။

အမေ ပျော်နေတာအတွက် သားတစ်ယောက်အနေနဲ့ စိတ်ချမ်းသာရပေမဲ့ အမေ့ မျက်နှာကြီး အဲဒီလို ဖြစ်နေပြီဆိုလျှင် အလိမ္မာ နည်းနည်းတော့ လန့်သည်။

အမေ့မှာ ဖြစ်ချင်သည့်ဆန္ဒတွေက ခပ်များများ။ အထူးသဖြင့်တော့ သူ့ဌေးမကြီးဘဝနဲ့ ကောင်းကောင်းစားကောင်းကောင်းနေချင်သည်။ အားလုံးက ဝိုင်းဖူးဖူးမှုတ် မြှောက်စားထားတာကို ခံချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ ကိုယ်ပိုင်အစွမ်းအစနဲ့တော့ ဒီတစ်သက် ချမ်းသာကိန်း မရှိတော့သော အမေမှာ ရုတ်တရက် ချမ်းသာဖို့ အတွက် မျှော်လင့်စရာ လမ်းနှစ်သွယ်ပဲရှိသည်။

တစ်သွယ်က ထီထိုးတာ။ ရှိစုမဲ့စု ပိုက်ဆံကလေးနဲ့ မင်္ဂလာစုံတွဲထီကို လ,စဉ်ထိုးသည်။ ထီတစ်အုပ်တည်းလည်း မဟုတ်။ ကြုံသည့်နေရာမှာ ကြုံသလိုထိုးသည်။ ထီအရောင်းသမား အဆွယ်ကောင်းလျှင် ကောင်းသလို အရေအတွက် များများထိုး သည်။ ခုထက်ထိ ဆုကလေးတောင် မပေါက်သည့်တိုင် အမေက တော့ မျှော်လင့်ဆဲ။

နောက်ထပ်လမ်းတစ်သွယ်ကတော့ သားဖြစ်သူကို သူဌေးသမီး၊ ဒါမှမဟုတ် သူဌေးမတစ်ယောက်နဲ့ ပေးစားတာ။

ဒီနည်းကတော့ ပထမနည်းလောက် ပိုင်ပိုင်နိုင်နိုင် မရှိပေမဲ့ ပိုပြီး သေချာသောနည်းပင်။

အမေက ကြုံလျှင် ကြုံသလို သူ့အကြံအစည်ကို အကောင်အထည်ဖော်ဖို့ စဉ်းစားသည်။ သူ မျက်စိကျသည့်





မိန်းကလေးတွေ တွေ့လျှင် အတင်းပစ်ခတ်ပေါင်း၊ တစ်ဖက်လူ မျက်နှာ အထားရခက်လောက်အောင် ချီးသာဖော်ရွေ၊ အဲ ... နောက်ပြီး ကိုယ့်သားရဲ့ သဘောထားကိုမှ တစ်ချက်မမေးဘဲ ထင်ရာမြင်ရာ အောင်သွယ်စကားတွေပြော။

အမေတို့များ ဘယ်လောက် မျက်နှာပြောင်လိုက် သလဲဆိုလျှင် သူ သဘောကျသည့် ကောင်မလေးတစ်ယောက် နဲ့ အတင်းအောင်သွယ်နေရာက နောက်တစ်ယောက်တွေ့လျှင် အဲဒီနောက်တစ်ယောက်ဆီ ချက်ချင်းပဲ ပြောင်းချသွားတော့တာ။ ပထမတစ်ယောက်ကို နည်းနည်းလေးမှ လှည့်မကြည့်တော့။

အလိမ္မာကတော့ စိတ်ကို ညစ်ပါသည်။ အမေဟာ သူ လုပ်ချင်တာတစ်ခုကို ဇွတ်လုပ်တော့မည်ဆိုလျှင် မျက်နှာက ချိုမချဉ် ပြုံးစေ့စေ့၊ မလုံမလဲ ဖြစ်နေတတ်သည်။ အခုလို မျက် နှာမျိုးပေါ့။

"သားလေး ... ဒီနေ့ ကျောင်းက ပြန်လာတာ စောလိုက် တာ"

www.burmeseclassic.com



"ဟုတ်တယ် မေမေ၊ ဒီဆက်ရှင် ... အဲ ... ခန္ဓာဗေဒဘာသာအတွက် လူသေတွေကို ခွဲစိတ်ကြည့်တာက ဇောဇောပြီးသွားလို့"

အမေ နားလည်အောင် မြန်မာလို ဘာသာပြန်ပြီး ပြောလိုက်တော့ ကြောက်တတ်သည့် အမေက တွန့်ခနဲ ရှုံ့မဲ့သွားသည်။

"သားတို့ သင်ခန်းစာတွေကလည်း ကြောက်စရာ၊ စိတ်ညစ်စရာတွေကွယ်"

"ဘယ်တတ်နိုင်မလဲ အမေရ၊ လူသေခန္ဓာကိုယ်တွေကို ခွဲစိတ်ကြည့်ထားမှ တကယ့်လူကို ခွဲစိတ်တဲ့အခါကျ ဘာတွေ ရှိတယ်၊ ဘယ်လို ခွဲရမယ်ဆိုတာ သိနိုင်တော့မှာပေါ့"

အလိမ္မာကဲ ရှင်းပြပေမဲ့လည်း အမေ့ မျက်နှာက ရှုံ့တွကျန်နေဆဲ။

"ကျွန်တော် ရေသွားချိုးတော့မယ်နော်၊ မနက်က အဝတ်ဟောင်းတွေလည်း လျှော်ရဦးမှာမို့လို့"





"ဟဲ့ သားရဲ့ နေဦး၊ အမေ ပြောစရာရှိသေးတယ်၊ ဒီနေ့ အမေ ကားတိုက်ခံရတယ်"

"ဟာ ... အမေ ... ဟုတ်လား၊ ဘယ်နားထိသွားလဲဟင်၊ ဘာဖြစ်သွားသေးလဲ၊ ဆေးခန်း မပြဘူးလား၊ ဒီအတိုင်းပဲ ပြီးလိုက်လို့ရမလား အမေရဲ့၊ ပြပါဦး ဘယ်နားထိသွားလဲ၊ ကျွန်တော် ကြည့်ရအောင်၊ အရိုးတွေ ဘာတွေရော ကျိုးပဲ့ များသွားမလားလို့"

"အရိုးမကျိုးပါဘူး၊ ဘာမှကို မဖြစ်ဘူး"

"သေချာရဲ့လား အမေရာ၊ ဘယ်နားမှာ တိုက်မိတာလဲ၊ တအားပြင်းပြင်းထန်ထန်ကြီးလား"

"တအားကြီး မဟုတ်ပါဘူးကွယ်၊ အမှန်က ကားက အမေ့ကို မြင်လို့ ရပ်လိုက်ပြီးသားပါ၊ အမေကသာ အရှိန် မထိန်းနိုင်ဘဲ ကားကို ဝင်တိုက်မိပြီးလဲတာ"

"ဘာပဲဖြစ်ဖြစ် ဒီအရွယ်မှာ လဲကျရင် မထင်မှတ်တဲ့ ထိခိုက်မှုမျိုး ဖြစ်သွားနိုင်တာပေါ့ အမေရဲ့၊ ကားက တိုက်ပြီး ထွက်ပြေးသွားလား"



www.burmeseclassic.com

www.burmeseclassic.com



အလိမ္မာက စိုးရိမ်တကြီး ဖြစ်နေသလော
ဒေါ်စိန်မြိုင်တို့ကတော့ ခပ်အေးအေး ခပ်ပြုံးပြုံး။

"ထွက်မပြေးပါဘူး၊ မပြေးတဲ့အပြင် အမေ့ကို ဆေး
လိုက်ပို့ပေးဖို့၊ ဆေးဖိုးဝါးခ အားလုံး တာဝန်ယူဖို့လည်
ပြောပါသေးတယ်၊ အမေက မလိုဘူးဆိုလို့ အိမ်အ
လိုက်ပို့ပေးပြီး ငွေသုံးသောင်းတောင် ထုတ်ပေးသွားသေ
တယ်"

"အမေရာ ဒီလောက်နဲ့ သဘောတွေ ကျနေစရာမလိုပါဘူ
ဘာပဲဖြစ်ဖြစ် လူတစ်ယောက်ကို တိုက်မိရင် ကားသမား
တာဝန်ရှိတာပဲ၊ အတိုက်ခံရတဲ့လူ စိတ်ကျေနပ်လောက်
အထိတော့ ဖြေရှင်းပေးရမှာပေါ့၊ တကယ်လို့ အမေက
ကူလီကူမာလုပ်ပြီး ကျွန်မ ထ,လို့ မရတော့ပါဘူး ဘာ
ဆိုရင် ဆေးရုံဆေးခန်း လိုက်ပို့ပြီး ကျေနပ်လောက်အော
လျော်ကြေးပေးရဦးမှာ"

"သူများ ပိုက်ဆံတော့ ဟန်ဆောင်လိမ်ညာပြီး မတော
ချင်ပါဘူးကွယ်၊ နောက်ပြီး တစ်ဖက်လူက ကိုယ့်



မာရေကျောရေ ဆက်ဆံလာမယ်ဆိုရင်တော့ တစ်မျိုးပေါ့၊
အခုဟာက တစ်ဖက်လူက တအားကို ယဉ်ကျေးချိုသာနေ
တော့"

"ယဉ်ကျေးမှာပေါ့၊ သူတို့က အပြစ်လုပ်ထားတာကိုး၊
အမေကလည်း ဒီလောက်နဲ့ အားနာလာစရာလား"

"ကောင်မလေးက တကယ်ပဲ စိတ်သဘောထား ကောင်း
တာပါ၊ သူဌေးသမီးလေး တကယ်ပီသတယ်၊ စကားပြော
လေးက အစ ယဉ်ကျေးသိမ်မွေ့ပြီး အဆင့်အတန်းမြင့်
လိုက်တာ၊ ရုပ်ကလေးကလည်း ချောလိုက်တာမှ မှုန်နေ
တာပဲ"

ကောင်မလေး။ သူဌေးသမီးလေး။ ချောလိုက်တာမှ
မှုန်နေတာပဲ။

မဟုတ်သေးဘူး။ အမေဟာ ကားတိုက်ခံလာရပါ
လျက် ဒီလောက် ပြုံးရွှင်ကြည်နူးနေတာ ငွေသုံးသောင်းရလိုက်
လို့တော့ မဖြစ်နိုင်။ တိုက်လိုက်သည့် ကောင်မလေး ဆိုတာ
ပဲ။

www.burmeseclassic.com

www.burmeseclassic.com



"အမေ့ အပေါ်လည်း ကောင်းလိုက်တာကွယ်၊ အန်တီ
အန်တီနဲ့ တဖွဖွခေါ်ပြီး အိမ်ထဲအထိ တွဲပို့ပေးတာ၊ ကြည့်
ရတာ ပိုက်ဆံချမ်းသာပေမဲ့ အောက်ခြေမလွတ် ဘဝင်မမြင့်
ဘဲ လူဆန်တယ်ကွယ်"

"အင်း ... အင်း ... အမေ ကောင်းတယ်ဆိုလည်း
ပြီးတာပါပဲ"

အလိမ္မာက ရှေ့ရေးကို ကြိုမြင်လာပြီမို့ စကားစပြ
ကာ လှည့်ထွက်ဖို့ ပြင်လိုက်ပေမဲ့ မအောင်မြင်။

"နေဦး သားရဲ့၊ ပြောဖို့ ကျန်သေးတယ်၊ ကောင်မလေး
တအားချောတာ သိလား"

"အမေ ပြောပြီးပြီလေ"

"ဒါတင် ဘယ်ကဦးမလဲ၊ တအားလည်း ချမ်းသာ
တယ်"

"ဒါလည်း ပြောပြီးသား"

"အင်း ... အဲဒီလို ကလေးမလေးကိုသာ ချွေးမ
လိုက်ရလို့ကတော့"





လာပြီ ... လာပြီ။ သူ ကြောက်သည့်စကားလုံးတွေ
ကြားကို ကြားရပါပြီ။

ရုပ်ချောချောနဲ့ သူဌေးသမီးဖြစ်တိုင်း အလိမ္မာက
ကြိုက်ရရော့လား။ ထားတော့။ အလိမ္မာက ကြိုက်ပြီပဲထား
ဖက် သူဌေးသမီးက ကြိုက်ပါဦးမှ။

နှစ်ဦးနှစ်ဖက် ကြိုက်ကြပါလျှင်တောင် သူဌေးသမီးရဲ့
သူဌေးကြီးလင်မယားက အလိမ္မာလို ဘာမှ မရှိသည့် ကောင်
ကို သူတို့သမီးနဲ့ သဘောတူပါဦးမှ။

ဒီလောက်တောင် ဖြစ်စဉ်တွေများသည့် ကိစ္စကြီး
ရုပ်ဟာ အမေ မျှော်လင့်သလို လွယ်ကူချောမောစွာနဲ့ ပြီးဆုံး
နိုင်ပါ့မလား။

"မဖြစ်နိုင်တာတွေ စိတ်ကူးမယဉ်ပါနဲ့ အမေရယ်"

"အို ... ဘာလို့ မဖြစ်နိုင်ရမှာလဲ၊ ငါ့သားက လူ့အဖိုးတန်
ဆရာဝန်လေကွယ်၊ ဘယ်လောက်တောင် တန်ဖိုးရှိလိုက်သလဲ၊
ဒီလိုလူမျိုးကို ဘယ်မိန်းကလေးက ငြင်းမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



အမေ ... အမေ။

အမေဟာ ဆရာဝန်ဆိုတာကို ရှားပါးပစ္စည်းလို့ ထင်နေသည်။

သူတို့ခေတ်တုန်းကတော့ ဟုတ်တာပေါ့။ တစ်နယ်တစ်နယ်မှ ဆရာဝန်ဆိုတာ ဘယ်လောက်မှ မထွက်။ ဆရာဝန်ဖြစ်သွားပြီဆိုလျှင်လည်း အဆင့်မြင့်မြင့် နေပေတော့။

ဒီခေတ်ထဲမှာတော့ ဆရာဝန် အရေအတွက်က များမှများ။ ပြီးတော့ ဆရာဝန်တစ်ယောက်ဟာလည်း သာမန်လူလိုဝင်။ တော်ရုံ ဆရာဝန်အငယ်တစ်ယောက်ဟာ ဆေးအိတ်လည်း ကိုင်လေ့မရှိပေရာ လမ်းသွားရင်း ပခုံးချင်း တိုက်မိလျှင်တောင်မှ ဒီလူဟာ ဆရာဝန်တစ်ယောက်ပါလားလို့ သတိထားမိလောက်စရာအကြောင်း မရှိ။

"ဆရာဝန်က ရှားတာမှ မဟုတ်ဘဲ အမေရာ၊ သူတို့တွေက ဆရာဝန်မှ လိုချင်တယ်ဆိုရင်လည်း သူဌေးသားဆရာဝန်ပဲ ရှာတော့မှာပေါ့"





"အို ... အဲဒီ သူဌေးသားဆရာဝန်က ငါ့သားလို ချောဦးတော့ဦး လိမ္မာဦးမှပေါ့"

ကဲ ... ပြီးပါလေရော။

ဒီအမေတစ်ယောက်ဟာ ကိုယ့်သားကို အထင်ကြီးသည့်နေရာမှာတော့ ဩချလောက်ပါပေသည်။ တကယ့်လောကထဲမှာ ဘယ်သူကမှ အရေးတယူ ဂရုတစိုက် ပြုခြင်းမခံရသည့် သူ့သား သာမန်ဆေးကျောင်းသားကလေးကိုပဲ အမေကတော့ အမွှာကျော် ပရော်ဖက်ဆာကြီးလောက် မှတ်နေတော့တာ။

"ကောင်မလေးက သူ့လိပ်စာကတ်ပြားလေး ပေးသွားသေးတယ်၊ အောင်မယ် ... သူ့ကိုလည်း အထင်မသေးနဲ့သားရေ၊ ကိုယ်ပိုင် အကျီဆိုင်တစ်ခု ဖွင့်ထားတာတဲ့၊ အသက်ကတော့ သားထက် နည်းနည်းများ ကြီးမလားပဲ၊ ဘာဖြစ်လဲ သူ ဒီလောက် ချောနေဖတ်နေတာ မသိသာလောက်ပါဘူး၊ တစ်နေ့လောက်တော့ အမေ အကြောင်းရှာပြီး သူ့ကို သွားဆက်သွယ်လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အမေ"

အလိမ္မာက တားမြစ်စကားပြောဖို့ ကြံကာရှိသေး ဒေါ်စိန်မြိုင်ကတော့ သူ့အတွေးနဲ့သူ ကျေနပ်ကာ လှည့်ထွက်သွားခဲ့လေပြီ။





မနက်စောစော ပန်းခြံကိုသွား၊ ပန်းခူး၊ ဝန်းသီလုပ်ပြီးလျှင် ပန်းခပ်များများ ဖောက်သည်ယူသော တချို့ဆိုင်တွေကို လိုက်ပို့ရတာ ခင်ချမ်း ဘရဲ့ တာဝန်ပါ။

ဒီနေ့ ပန်းပို့နောက်ကျတာမို့ ဆီးထုပ်အလုပ်ရုံကို သွားဖို့တောင် နောက်ကျနေပြီ။ ခင်ချမ်းသာက စီးတော်ယဉ် ခြေထောက်နှစ်ချောင်းကို သွက်သည်ထက်သွက်အောင် ဂီယာပြောင်း သီတနင်းလိုက်သည်။

"ဒီမှာ ... ဒီမှာ ... ပန်း ... ပန်း"

နောက်ဆုံး ပို့ရမည့် ကုန်စုံဆိုင်ကို ရောက်လျှင် ခင်ချမ်းသာက အထဲမဝင်တော့ဘဲ ဆိုင်ရှေ့က ရပ်ကာ ဟစ်အော်ခေါ်လိုက်ပါသည်။

www.burmeseclassic.com



အရင်ကလည်း အချိန်နှောက်ကျနေလျှင် ဒီလိုပဲ ဆိုင်ဝ,ကနေ အော်ခေါ်ပြီး လှမ်းပေးလိုက်တာပဲ။ ဆိုင်ထဲက ရှိသည့် လူတစ်ယောက်ယောက်က ထွက်လာပြီး လှမ်းယူလိုက်တာပင်။

ဒီတစ်ခါတော့ တကြော်ကြော် အော်ဟစ်ခေါ်နေသည့်တိုင် ဘယ်သူမှ ထွက်မလာ။ ဆိုင်ထဲမှာ လူလည်း ရှိနေသားနဲ့။

ပထမတော့ ခင်ချမ်းသာက ပန်းမပေးတော့ဘဲ ဆက်ထွက်လာတော့မလို့။ သေသေချာချာ စဉ်းစားကြည့်လိုက်တော့ ကိုယ်က စိတ်လိုက်မာန်ပါ လုပ်လိုက်လို့ ကိုယ့်အလုပ်ရှင်မှာ ဖောက်သည်တစ်ယောက် ပျက်သွားသည်ဆိုလျှင်လည်း ကိုယ့်အတွက်ပဲ မကောင်းဖြစ်မှာ။

စိတ်ကို လျှော့ချကာ ဆိုင်ထဲအထိ ဝင်ပြီး မှာထားသည့် ပန်းကို သွားပေးလျှင် ...

"ဟင် ... ရှင်"

ဆိုင်ထဲမှာ ကိုယ့်ဘာသာ စာဖတ်ကောင်းနေသော အလီမ္မာက ရုတ်တရက်ကြီး အေးနား ရောက်လာပြီး အလန့်





တကြား အော်ဟစ်နေပြန်သေးသော မိန်းကလေးကြောင့် အတော်လေးဖရိုဖရဲ ဖြစ်သွားရသည်။

"ဘာလဲဗျ၊ ခင်ဗျားက အလန့်တကြားနဲ့"

"ရှင်က ဒီမှာ ဘာလာလုပ်"

"စာထိုင်ဖတ်နေတာလေ၊ မမြင်ဘူးလား"

"မြင်တော့ မြင်တာပေါ့။ ဒါပေမဲ့ ဒီနေရာက ရှင်နေရမဲ့နေရာမှ မဟုတ်တာ"

"အလိုဗျာ၊ လူတစ်ယောက်ဟာ ကိုယ်နေချင်တဲ့ နေရာမှာ နေခွင့်ရှိတာပဲ၊ ကျွန်တော် နေရမဲ့နေရာကို သီးသန့် သတ်မှတ်ထားတာမျိုး ရှိလို့လား"

"မဟုတ်ဘူးလေ၊ ဒါက ရှင့်အိမ်မှ မဟုတ်တာ"

"ကျွန်တော်က ကိုယ့်အိမ်ကလွဲပြီး တခြား ဘယ်နေရာမှာမှ နေခွင့် မရှိတော့ဘူးလား၊ ဒါဆို ခင်ဗျားကရော အခု ရောက်နေတာ ခင်ဗျားအိမ် မဟုတ်တာတော့ သေချာတယ်၊ ဒီအိမ်က မိသားစုဝင်တွေ အားလုံးကို ကျွန်တော် သိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ကျွန်မ အိမ်လို့လည်း မပြောရသေးပါလား၊ ဒါပေမဲ့ ကျွန်မက ဒီဆိုင်ကို မနက်တိုင်း ပန်းပို့နေကျဆိုတော့ လာခွင့်ရှိတယ်လေ၊ တာဝန်နဲ့လေ၊ ရှင်က ဘာလာလုပ်တာ မို့လို့လဲ၊ ဆိုင်စောင့်တာဝန် ယူထားတာလား"

"ဟုတ်တယ်"

"ရှင် မလိမ်နဲ့နော်၊ ဒီဆိုင်ရှင် ဒေါ်ဖော့ဆိုတာက ကတ်စေး နည်းလွန်းလို့ ထမင်းတောင် တစ်နပ်ပဲစားတာလို့ ကြားဖူးတယ်၊ ဆိုင်စောင့်အလုပ်သမား သပ်သပ်ငှားဖို့ဆိုတာ ကတော့ ဝေလာဝေးပဲ"

"ကျွန်တော်ကလည်း ပိုက်ဆံယူပြီး အလုပ်လုပ်နေတာလို့ မပြောရသေးပါလား၊ ဆိုင်စောင့်ပေးနေတာ၊ ကျွန်တော့် သူငယ်ချင်း မအားလို့ ကျွန်တော် စောင့်ပေးတာ"

"သြော် ... ဒါကြောင့်ကိုး၊ ဒီဆိုင်က လူတွေက ကျွန်မ ဆိုင်ရှေ့ကနေ လှမ်းအော်လိုက်ရင် ပန်း ထွက်ထွက်ယူနေကျ ရှင်က အကြောင်းမသိတော့ ထွက်မလာတာ၊ ကျွန်မ စိတ်ဆိုးလို့ မပေးဘဲ သွားတော့မလို့"





ခင်ချမ်းသာက စံပယ်ပန်းအတွဲလိုက်ကို အလီမွှာ ထံ ကမ်းပေးသည်။ လှမ်းယူလိုက်သော အလီမွှာရဲ့ လက်တွေကို ကြည့်လိုက်တော့ ယောကျ်ားတန်မဲ့ နုဖပ်ပျော့ပျောင်းကာ မွေးညင်း နုကလေးတွေတောင် မပျောက်သေးတာကို တွေ့ရလေသည်။

အံ့သြစရာ။ ယောကျ်ားတစ်ယောက် အထူးသဖြင့် ဒီလို ရပ်ကွက်မျိုး၊ ပတ်ဝန်းကျင်မျိုးမှာ နေထိုင်ကြီးပြင်းလာရ သည့် လူတစ်ယောက်အနေနဲ့ လက်တွေက ဒီလောက်နုဖပ်သန့် ရှင်းနေဖို့ မသင့်ဘူးလေ။

"ရှင့်လက်ကလည်း"

"ဘာဖြစ်လို့လဲ၊ ကျွန်တော့်လက်က အသန့်ပါ"

"အင်းပါ၊ ဟုတ်ပါတယ်၊ သန့်ပါတယ်၊ အသန့်လွန်နေလို့ ပြောနေရတာ"

"အသန့်လွန်တယ်"

"ဟုတ်တယ်၊ ဒီရပ်ကွက်ထဲက ကြိုက်တဲ့ ယောကျ်ားလေး ရဲ့ လက်ကို သွားကြည့်၊ ရှင့်လက်လိုမျိုးတော့ တွေ့ရမှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး၊ အသားမာတက်တာလည်း မရှိ၊ အရိုးအဆ
လည်းမပေါ်၊ အကြောလည်း မတွေ့ရ"

"အဟဲ … ကျွန်တော့် လက်ကို နုဖပ်သန့်ပြန့်ပြီး လှ
တယ်လို့ ချီးကျူးတယ်ပေါ့လေ၊ ကျေးဇူးပါပဲဗျာ"

"ဖွတ် … ဒါချီးကျူးတာ မဟုတ်ဘူးရှင့်၊ နိမ်တာ"

"မယုံနိုင်စရာဗျာ၊ အကောင်းတွေချည်း ပြောပြီးတော
နိမ်တာဆိုတော့"

"ရှင်ပဲ စဉ်းစားကြည့်ပါလား၊ ယောက်ျားတစ်ယောက်
လက်ဟာ နုဖပ်ချောမွတ်နေတယ်ဆိုကတည်းက
ယောက်ျားဟာ ဘာအလုပ်မှ မလုပ်တဲ့ လက်ကြောတော
တဲ့လူမျိုးမို့ပေါ့၊ အလုပ်မလုပ်တဲ့ ယောက်ျားဆိုရင် တ
ရော ရှိပါဦးမလား"

အွတ်။

အလိမ္မာထံက တီတ်တီတ်ကျိတ်ပြီး ထွက်သွား
အသံပါ။



ဒီကောင်မလေးဟာ တစ်ခါက သူမကို အိမ်ပြင်
ထုတ်ပြီး လှေကားရင်းမှာ ထိုင်စောင့်စေခဲ့မိသည့်အတွက် စိတ်နာနာ
နဲ့ လက်စားချေတာများလား။

သို့သော် သူမ မျက်နှာကို ကြည့်ရတာ လက်စားချေ
လိုသည့် သဘော၊ နာစေချင်သည့်သဘောနဲ့ ပြောပုံတော့မရ။
ပြောရိုးပြောစဉ်၊ သဘောရိုးနဲ့ ပြောလိုက်တာမျိုးပင်။

"ဒီမှာကြည့် ကျွန်မ လက်တွေ ရှင့်ထက် အဆတစ်ရာ
လောက် ပိုပြီး ကြမ်းတမ်းသေးတယ်"

ကိုယ့်ရှေ့ လာဖြန့်ပြသည့် လက်ဖဝါးနှစ်ဖက်ဟာ
ကြမ်းတမ်းရုံသာမက နီဗွေးဗွေး အရောင်တစ်မျိုးတောင် စွန်းထင်
နေသေးသည်။

"ခင်ဗျားလက်က ဘာလို့ နီနေတာလဲ"

"ဆေးရောင်စွန်းတာ၊ ကျွန်မက ဆီးထုပ် ထုပ်တဲ့အလုပ်
လုပ်တယ်လေ"

"ခင်သစ္စာမှာလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဒါတော့ ရှင်က သိသားပဲ"

"သိဆို အဲဒီက သမီးအငယ်က ကျွန်တော့် သူငယ်ချင်းလေ"

"မနွယ်ချိုလား"

"ဟုတ်တယ်"

"ဒါနဲ့ နေပါဦး၊ ရှင်က ဆေးကျောင်းတက်တာဆို၊ ဆရာဝန်လောင်းဆို ဟုတ်လား"

"ဟုတ်တယ်"

"စာတော်တာပေါ့နော်"

"တော်တာပေါ့ဗျ၊ စာမတော်ဘဲနဲ့ ဆေးကျောင်းရောက်မလား"

"ရှင့်အကြောင်း မနွယ်ချို ပြောနေသံ ခဏခဏ ကြားရတယ်၊ ရှင်တို့ တော်တော်ခင်ကြတာလား"

"သိရုံပါပဲ"

သူက ပြောတော့သာ သိရုံ။ မနွယ်ချိုကဖြင့် ပြောလိုက်လျှင် သူနဲ့ တအားရင်းနှီးနေသည့်ပုံ။





သူတို့ အလုပ်ရုံမှာ မိန်းကလေးအလုပ်သမားတွေ ...ည်းပဲလည်းရှိ၊ အသက်အရွယ်တွေကလည်း ခပ်ငယ်ငယ်တွေဆို ...ာ့ လက်က အလုပ်လုပ်ရင်း အားနေသော ပါးစပ်က အပျင်း ...တွေရာလေးပါ၊ ပြောကြရာမှာ အဓိကပါသည့် အကြောင်းအရာ ...ာ ယောကျ်ားလေးတွေ အကြောင်းပင်။

ထိုအကြောင်းတွေ ပြောကြပြီဆိုလျှင် လူအများ ...ဝင်စားသော မင်းသားတွေ၊ အဆိုတော်တွေ အကြောင်းနဲ့ ...ိုင်ပါဝင်လာတတ်တာက အလိမ္မာဆိုသည့် လူတစ်ယောက် ...ကြောင်းပင်။

အလိမ္မာအကြောင်း ပြောပြီဆိုတာနဲ့ အလုပ်ရှင် ...နွယ်ချိုက အပြေးကလေး ရောက်လာတတ်မြဲ။ သူများ ...ာတွေကို နားထောင်ပြီးလျှင် သူမရဲ့ ဘယ်တော့မှ မပြောင်း ... သော၊ သို့သော်လည်း ဘယ်တော့မှ ရိုးမသွားသော အလိမ္မာ ...တ်သက်သည့် အတွေ့အကြုံတွေကို ပြောပြတတ်မြဲ။

www.burmeseclassic.com



ခင်ချမ်းသာဟာလည်း မိန်းကလေးထဲက မိန်းကလေးတစ်ယောက်ပဲမို့ ဒွေးတို့၊ လွင်မိုးတို့၊ စိုင်းစိုင်းတို့ ထွန်းထွန်းတို့၊ ထယ်စောက်တို့၊ ဒါရိုက်တာရင်တို့၊ လီဟန်ဆဲတို့ အကြောင်း စိတ်ဝင်တစား နားထောင်သလိုမျိုး၊ အလိမ္မာအကြောင်းကိုလည်း စိတ်ဝင်တစား နားထောင်တတ်ပါသည်။ အမြဲကြားနေကျမို့ စိတ်ထဲမှာလည်း တရင်းတနှီးတော့ ဖြစ်နေမိပြီ။

အရင်ကတော့ ရုပ်ကွက်ထဲမှာ ရှားရှားပါးပါး ထူးချွန်သော ဆရာဝန်လောင်း တစ်ယောက်အဖြစ်နဲ့ အလိမ္မာကို ခင်ချမ်းသာက အထင်ကြီးမိသားပင်။

နှစ်ခါလောက် လူချင်းတွေ့ဖူးအပြီးမှာတော့ အလိမ္မာဟာလည်း မျက်လုံးနှစ်ဖက်ကြား နှာခေါင်းပေါက်သော သာမန်လူတစ်ယောက်ပဲဖြစ်သည့်လို့ သိနားလည်လာပြီ။

အခုဆို သူ့ရဲ့ နှစ်ကြောသန့်နေသော လက်ချောင်းတွေကို ကြည့်ပြီး လက်ကြောမတင်းသည့် လူ့ဘော်ကြောတစ်ယောက်အဖြစ် နှာခေါင်းတောင် ရှုံ့ချင်သလိုလို။





ခင်ချမ်းသာဘက်က စိတ်ပျက်လက်ပျက် ဖြစ်နေသလိုပင် အလိမ္မာကလည်း စုတ်ပြတ်ပြတ်၊ ညစ်ထေးထေးနဲ့ ကြားထဲ ဂျစ်ကျကာ ဘဝင်လည်း မြင့်ဦးမည့်ပုံ ပေါ်သော ကောင်မလေးကို ကြည့်ပြီး မိန်းကလေးတစ်ယောက်ဟာ ဒီလောက် စိစလက်ခတ်နိုင်ဖို့တော့ မကောင်းဘူးဟု တွေးနေမိတာပင်။

"ကျွန်မ သွားတော့မယ်"

ခင်ချမ်းသာက ခပ်ပြတ်ပြတ် နှုတ်ဆက်ပြီး ကျောင်းထွက်လာလိုက်သည်။

လူကသာ ကျောခိုင်းထွက်လာသော်လည်း အတွေးထဲမှာတော့ အလိမ္မာက နေရာယူလိုက်ပါလာတာကို ခင်ချမ်းသာက သတိထားမိနေလေသည်။

❂ ❖ ❂



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းခွက်ကို ကောက်ကိုင်လိုက်။ ပြန်ချလိုက်။ နောက်တစ်ချီ ကောက်ကိုင်လိုက်။ ပြန်ချလိုက်နဲ့။ ကျုပ်ဟာ အတော်ပဲ ဆောက်တည်ရာမရတွေ ဖြစ်နေတာပေါ့။

လက်ထဲ ကိုင်ထားတဲ့ လိပ်စာကတ်ပြားလေးဟာ တင်းတင်း ဆုပ်ချေခံထားရတဲ့ဒဏ်၊ ကျုပ်လက်ရဲ့ အပူငွေ့၊ လက်ဖဝါးမှာ ထွက်နေတဲ့ ချွေးစေးတွေရဲ့ အထိအတွေ့ကြောင့် ကြေမွ၊ ပွန်းပျော့ဖတ်လို့။

နာရီဝက်လောက် ရပ်ပြီး စဉ်းစားပြီးတဲ့တိုင် ဖုန်းဆက်ရကောင်းမလား၊ မကောင်းဘူးလားဆိုတာ ကျုပ်က မဝေခွဲနိုင်သေး။





လွန်ခဲ့တဲ့ နာရီဝက်အတွင်းကမှ မဟုတ်ပါဘူးလေ။ ဒီကိစ္စကို ကျုပ် စဉ်းစားနေခဲ့တာ တော်တော်ကြာပါပြီ။ ကြာဆို ကားတိုက်ခံရတဲ့ နေကတည်းကပါပဲ။

ကျုပ်ကို ကားနဲ့ တိုက်မိသွားတဲ့ သူဌေးသမီးကလေး (ဆန်းဆန်းပြားပြား နာမည်ကလည်း မေခေတ်တဲ့) ကို အဆက်အသွယ် လုပ်ပြီး ဇာတ်လမ်းဆက်ဖို့လေ။

ကိုယ့်သားက ညံ့တော့လည်း အစစအရာရာ အမေ လုပ်တဲ့ ကျုပ်ကပဲ စီစဉ်နေရတာ။

ကျုပ်သားက ရိုးတော့ အင်မတန်ရိုးရှာတယ်။ ရည်းစားထားဖို့ မပြောနဲ့ မိန်းကလေးသူငယ်ချင်းတောင် မထား ထားသေးဘူး။

အဲဒီလို ရိုးတာဟာ တစ်မျိုးကောင်းသလို တစ်မျိုး ဆိုတော့လည်း မကောင်းပြန်ဘူး။

ဘာလို့လဲဆိုတော့ သူ့အတွက် သင့်တော်မဲ့ မိန်းကလေးကို ဘယ်လို ရွေးချယ်ရမှန်း မသိလို့ပဲ။



www.burmeseclassic.com

www.burmeseclassic.com



သားက ရိုးတယ်၊ အေးတယ်၊ အားနာတတ်တယ်၊ ရိုးတဲ့ ယောကျ်ားလေးတစ်ယောက်ဟာ ခပ်လည်လည် မိန်းမတစ်ယောက် လက်ထဲ ကွိခနဲ နေအောင်ပါသွားနိုင်တာ။

ကျုပ်သားရဲ့ ပတ်ဝန်းကျင်မှာလည်း သူ့ရဲ့ အရည်အချင်းကို သဘောကျလို့ အပိုင်ကပ်ချင်တဲ့ မိန်းမလည်တွေက ပေါ့မှပေါ မဟုတ်လား။

လူတွေကတော့ ကျုပ်ကို မုန်းကြတာပေါ့။ ကျုပ်က သားကို ဥစ္စာခြောက်ပြီး နေရာတကာ လိုက်ခြယ်လှယ်နေတဲ့ မိန်းမကြမ်းကြီးပေါ့လေ။

အို ... ကျုပ်ဘဝ ဘာဖြစ်ဖြစ် သားလေးကောင်းစားဖို့ကသာ အရေးကြီးတာ။ ကျုပ်သားကောင်းစားတော့ ရေမြင့်ကြာတင့် ကျုပ်လည်း လိုက်ပြီး ကောင်းစားတာပေါ့။

ထားပါ။ ကျုပ် မကောင်းစားရင်တောင် ကျုပ်သားကိုတော့ ကားကောင်းကြီးစီး၊ တိုက်ကြီးကြီးမှာနေ၊ ဝတ်ကောင်းစားလှတွေ ဝတ်နိုင်တဲ့ ဘဝမျိုး ရောက်စေချင်တယ်။ သားက





သူ့ရှေ့ရေး သူ မသိတတ်တော့ ကျုပ်ကကိုယ်စားဝင်ပြီး သိတတ်ဆေးရတော့မှာပေါ့။

အကြိမ်ကြိမ် အဖန်ဖန် ကြည့်ထားလို့ အလွတ်ရနေတဲ့ ဖုန်းနံပါတ်ကိုပဲ တစ်ခေါက် ပြန်ကြည့်ပြီး ခေါ်ပဲခေါ်လိုက်တော့တယ်။

"ဟုတ်ကဲ့ ... အမိန့်ရှိပါရှင်၊ မေခေတ် ပြောနေပါတယ်"

ကြည့်စမ်း။

သာယာချိုအေးလိုက်တဲ့ အသံလေး။ ဘယ်လောက်များ မိန်းမကောင်း ပီသလိုက်သလဲလို့။

"ဟိုလေ ... အခေါ်က ... အဲ ... အန်တီက ဟိုတစ်ခါ သမီးကားနဲ့ ဝင်တိုက်မိဖူးတဲ့"

"ဩ ... ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... မေ မှတ်မိပါတယ်၊ ပြောပါ၊ ဘာဖြစ်လို့ပါလဲ၊ အနာက မသက်သာလို့ပါလား"

"မဟုတ်ဘူး၊ အနာက သက်သာပါတယ်၊ ဟိုလေ ... ဟိုဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘာသာ ပြောရမဲ့ စကားလုံးတွေကို စီစဉ်ထားပြီးသား ဖြစ်ပေမဲ့ တကယ်လက်တွေ့ကျတော့ ပါးစပ်ကထွက်မလာ။

"ပြောသာ ပြောပါ အိန်တီ၊ အားမနာပါနဲ့"

အင်း ...။ ပြောတော့ အမြန်ပြောချလိုက်ဦးမှပါပဲ။ လက်ကိုင်ဖုန်းကို ဆက်ရတာဆိုတော့ အချိန်ကြာလေ ဖုန်းဖိုးကတက်လေ ဖြစ်နေမှာ။

"ဟိုသင်း ... အန်တီ့တူမလေး တစ်ယောက်ကလေ၊ သူက အလုပ်လိုချင်လို့တဲ့၊ ဆိုင်တစ်ခုခုမှာ အရောင်းဝန်ထမ်းဖြစ်ဖြစ် ဘာဖြစ်ဖြစ်ပေါ့လေ၊ အဲဒါ သမီးဆီမှာ လူများလိုမလားလို့"

ဟီ ... ဟီ။ ပြောပြီးတော့မှ လျှာယားလိုက်တာ။

တကယ်က ကျုပ်မှာ အလုပ်လိုနေတဲ့ တူမ,မရှိပေါင်။ ရှိခဲ့ရင်လည်း ကိုယ့်ဆွေကိုယ့်မျိုးကို စောင့်ရှောက်ဖို့ ဘယ်တုန်းကမှ စိတ်စေတနာ မရှိဘူးတဲ့ ကျုပ်က ကြားထဲက မျက်နှာငယ်ခံပြီး ဝင်ပြောပေးမှာ မဟုတ်ပါဘူး။





ဒါပေမဲ့ အခုကတော့ ခွင်ဆင်ရမယ်လေ။ ကျုပ်သားရွှေရေးအတွက် ကျုပ်နဲ့ ဒီမိန်းကလေး ရင်းနှီးခင်မင် ပတ်သက်နေရမှ ဖြစ်မှာ။

"ဟို ... ဒီလိုပါ အန်တီ၊ မေ့ဆိုင်က နဂိုစဖွင့်ကတည်းက ဝန်ထမ်းကို ကိုယ့်စိတ်ကြိုက် ရွေးခေါ်ပြီး သေသေချာချာ သင်တန်းပေးထားတာပါ၊ ဖွင့်ကတည်းက စခန့်ထားတဲ့ ဝန်ထမ်းတွေက တစ်ယောက်မှ မထွက်ကြသေးဘူး၊ ထွက်စရာအကြောင်းလည်း မရှိပါဘူး၊ အဲဒါကြောင့် လူကတော့ ဟိုသင်း ... မလိုသေးဘူးလို့ပဲ ပြောရမှာပါ"

"ဖြစ်နိုင်ရင် ကြိုးစားပေးပါလား သမီးရယ်၊ တူမလေးက ရုပ်ရည်လေးလည်း သန့်ပါတယ်၊ ဆယ်တန်းလည်းအောင်ထားပြီးသား၊ စာရိတ္တလည်း ကောင်းပါတယ်"

"စိတ်တော့ မရှိပါနဲ့ရှင်၊ လောလောဆယ် တကယ်မလိုသေးလို့ပါ၊ လိုလာခဲ့လို့ရှိရင် မေ အကြောင်းကြားပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ဒီလိုလုပ်ပါလား ဒေါ်ဒေါ် ... အဲ... အန်တီ လမ်းကြိုတဲ့အခါ သမီးဆိုင်ကို ဝင်ဝင်ပြီး စုံစမ်းမယ်လေ၊ အဆင်ပြေတဲ့ အခါကျ ပြောပေါ့နော်"

တစ်ဖက်က သက်ပြင်းချသံသဲ့သဲ့ ကြားရတယ်၊ ကောင်မလေး ကြည့်ရတာ စိတ်အနှောင့်အယှက် ဖြစ်သွားတဲ့ပုံပဲ။

ကိုယ့်ကြောင့် သူ့စိတ်ထဲ ညစ်နွမ်းစရာဖြစ်ရတာဟာ သိပ်တော့ကောင်းတဲ့ကိစ္စ မဟုတ်ဘူးပေါ့။ ဒါပေမဲ့ သူစိတ်ထဲမှာ ကိုယ်ရှိနေဖို့က အရေးကြီးတာလေ။

"ဟိုလေ ... ဝန်ထမ်းအသစ် လိုဖို့က ..."

"ရပါတယ်၊ အားမနာပါနဲ့၊ အန်တီလည်း မြို့ထဲရောက် ဖြစ်ပါတယ်၊ သမီးဆိုင်ကိုလည်း ဖြတ်သွား ဖြတ်လာတွေ့ နေတာပဲ၊ လမ်းကြုံဝင်ခဲ့ရတာ မပင်ပန်းပါဘူး"

"ဟုတ်ကဲ့ ... အဲဒီလိုဆိုရင်လည်း ဝင်ချင်ဝင်ကြည့်ပေါ့ ဒါပေမဲ့ တအားကြီးတော့ မျှော်လင့်မထားနဲ့နော်၊ ဆ အတွက်က အားလုံး အဆင်ပြေနေတာမို့လို့ပါ"





"ကောင်းပါပြီကွယ်၊ အန်တီလမ်းကြုံရင် ဝင်ခဲ့မယ်နော်"

အောင်မယ်လေးလေး။ ဖုန်းခွက်ကို ချပြီးတဲ့အချိန်မှာ အစ်သက်နဲ့တစ်ကိုယ် ရင်တွေမခုန်စဖူး ခုန်လိုက်တာတော်။

❁ ❖ ❁

www.burmeseclassic.com

www.burmeseclassic.com



"တော်ပါသေးရဲ့ဟယ်၊ လာသာလာရတာ ငါက တွေ့မှ တွေ့ပါ့မလားလို့"

အိမ်ထဲဝင်လျှင်ဝင်ခြင်း အမောတကောလေး ပြောလိုက်သော နွယ်ချို့ကို အလိမ္မာက နားမလည်နိုင်သလို ကြည့်နေသည်။

နွယ်ချိုက သူ့အိမ်ကို လာစရာအကြောင်း ဘာရှိသလဲ။

နွယ်ချိုတို့လို သူဌေးမိသားစုဟာ အမေ့ထံမှာ ပေါင်နှံချေးငှားစရာ အကြောင်းမှ မရှိတာ။ ဒီတော့ အမေ့ဆီလာတာလည်း မဖြစ်နိုင်။





ကိုယ့်ဆီလာစရာ အကြောင်းကား ပိုလို့ပင် ဝေးသေးသည်ဟု အလိမ္မာက ထင်သည်။ နွယ်ချိုနဲ့ သူ ခင်ခဲ့တာက အထက်တန်းကျောင်းသားဘဝက။ အခု တက္ကသိုလ်တတိယနှစ်အောင် ရောက်နေပြီဆိုတော့ သူတို့ကြားထဲက ခင်မင်မှုဟာ မှေးမှိန်အရောင်ဖျော့သွားလောက်ပြီ။

"နွယ်ချိုပါလား၊ ဘယ်သူ့ဆီ လာတာလဲ"

"နင့်အိမ်လာတယ် ဆိုမှတော့ နင့်ဆီလာတာပေါ့ဟဲ့"

ကိုယ့်ဆီ ...။

အလိမ္မာက မျက်ခုံးတွေ ပင့်တက်သွားရသည်။

"ဘာကိစ္စလဲ"

"ဆရာကန်တော့ပွဲအတွက် ငါတို့ကျောင်းက အောင်သွားတဲ့ကျောင်းသားဟောင်းတွေစုပြီး ဆရာတွေကို ကန်တော့မှာ၊ အဲဒါ အလှူလည်း လိုက်ကောက်ရင်း ..."

"အလှူငွေအတွက်ဆိုရင်တော့ အမေလာမှပြော၊ လောလောဆယ်တော့ အမေက ပိုက်ဆံထည့်တဲ့ အံဆွဲကို သော့ခတ်သွားလို့"



www.burmeseclassic.com

www.burmeseclassic.com



"အလှူငွေကိစ္စတစ်ခုတည်း မဟုတ်ဘူးဟဲ့၊ ပွဲဖြစ်မြောက်ရေးအတွက် ဝိုင်းကူဖို့လည်း ပြောမလို့"

"ဘာတွေ လုပ်ရမှာလဲဟင်"

"အစုံပေါ့၊ အလှူငွေ ကောက်ဖို့၊ ဆရာတွေ အစုံလိုက်ဖိတ်ဖို့တို့၊ ကန်တော့ပစ္စည်းဝယ်ဖို့၊ အကျွေးအမွေးကိစ္စစီစဉ်ဖို့၊ အခမ်းအနား အပြင်အဆင်၊ ဆရာတွေ ကြိုပို့အစီအစဉ် အစုံပေါ့၊ အားလုံး အစည်းအဝေးခေါ်ပြီး တာဝန်တွေခွဲယူရမှာ"

စိတ်ညစ်ပါရဲ့။

ကိုယ့်ဆရာတွေ ကန်တော့ဖို့ကိစ္စမှာ ကိုယ်တိုင်ကိုယ်ကျဝင်ပြီး ဆောင်ရွက်ရမှာ ဝမ်းသာစရာကိစ္စပေမဲ့ အလိမ္မာက အားမှမအားတာ။

ဒီရက်ပိုင်း အတွင်း ကျောင်းမှာ အစမ်းစာမေးပွဲတွေ ရှိတာမို့ စာကို ခေါင်းမဖော်စတမ်း ကျက်နေရသည့်အချိန်။ တခြားအလုပ်တွေ လုပ်ဖို့မပြောနဲ့ ကိုယ့်တစ်ကိုယ်ရေ အလုပ်တွေတောင် ကောင်းကောင်းမလုပ်နိုင်တော့သည့် အချိန်။ ဒီအချိန်မျိုး





မှာ အပိုကိစ္စတွေ (အဲ ... ပြောလို့တော့ သိပ်မကောင်း)အတွက် အချိန်ကုန် မခံနိုင်။

"ငါက စာမေးပွဲရှိနေလို့"

"ဟုတ်လား ... စာမေးပွဲက ဘယ်တော့လဲ"

"ရှေ့အပတ်ထဲမဲ၊ ဒီလကုန်လောက်မှ ပြီးလိမ့်မယ်"

"ရတယ်လေ၊ ကိစ္စမရှိဘူး၊ ဆရာကန်တော့ပွဲက ရှေ့လကုန်လောက်မှ လုပ်မှာဆိုတော့ အဆင်ပြေပါတယ်၊ အလှူခံတဲ့ကိစ္စမှာ မကူဖြစ်ရင်တောင် အခမ်းအနား ပြင်ဆင်ဖို့၊ အကျွေးအမွေး၊ အဲဒီကိစ္စတွေ ကျန်သေးတာပဲ"

"ငါတို့က စာမေးပွဲတွေ အပတ်တိုင်းလိုလို ဖြေနေရတာဆိုတော့ အားတဲ့နေ့နဲ့ ကြုံဦးမှ"

တငြင်းတည်း ငြင်းနေသည့် အလိမ္မာကို နှယ်ချိုက အားမလို အားမရ ရှိလှသည်။

အလိမ္မာဟာ သူတို့နဲ့ တစ်ကျောင်းတည်း တက်နေရပေမဲ့ အားလုံးနဲ့ မတူသလို မတန်သလိုပဲ စိတ်ထဲရှိနေသည်ဆိုတာ နှယ်ချိုက သိတော့သိပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



တခြားသူတွေကိုတော့ထား။ ဆင်းရဲကြတာ၊ မိဘအသိုင်းအဝိုင်း မတောင့်တင်းကြတာမို့။ နွယ်ချိုကျတော့ ဒီရပ်ကွက်ထဲမှာ ပိုက်ဆံအချမ်းသာဆုံး။ မိဘတွေကလည်း အားလုံးက အရေးထားရသည့် ရပ်မိရပ်ဖတွေ။ သူတို့သားအမိထက်စာလျှင် အခြေအနေက အများကြီး ပိုမြင့်သေးသည်။ ဒီလိုလူမျိုးကိုတောင် သူက အပေါင်းအသင်း မလုပ်ချင်ဘူး ဆိုတော့ ကြည့်ရတာ ကုလသမဂ္ဂအတွင်းရေးမှူးလောက်နဲ့မှ တက်ပြီး အပေါင်းအသင်း လုပ်ချင်တာလား။

အို ... ဘာပဲဖြစ်ဖြစ် နွယ်ချိုကတော့ အလိမ္မာကို မဖြစ်,ဖြစ်အောင် ခေါ်ရမှာပဲ။ မာနကြီးပြီး တသီးတသန့်နေလွန်းတဲ့ အလိမ္မာနဲ့ နီးနီးကပ်ကပ် ရင်းရင်းနှီးနှီးနေဖို့ အခွင့်အလမ်းကိုတော့ ဘယ်လိုမှ လက်လွှတ်မခံနိုင်။

"ဆရာကန်တော့ပွဲ ဆိုပေမဲ့ သူငယ်ချင်းတွေလည်း ဆုံဖို့ စီစဉ်ထားတာဆိုတော့ အရမ်းပျော်စရာကောင်းမှာ၊ လာဖြစ်အောင်တော့ လာပါဟယ်၊ ငါလာခေါ်မယ်လေ ... နော်"





"အင်း ... ရပါတယ်၊ အားတဲ့အခါကျ လာခဲ့မှာပေါ့၊ ကျောင်းကိုပဲ လာရမှာ မဟုတ်လား"

"ဟုတ်တယ်၊ ကျောင်းမှာပဲ တနင်္ဂနွေနေ့တိုင်း အစည်းအဝေး လုပ်ကြတယ်၊ ဩော် ... ဒီနေ့လည်း ရှိသေးတယ်၊ ဒီနေ့က ဖြတ်ပိုင်းတွေ ဝေဖို့နဲ့ အကြမ်းဖျဉ်း အစီအစဉ်ဆွဲဖို့ တိုင်ပင်ကြမှာ၊ လိုက်ခဲ့ပါလား"

"ငါ စာကျက်နေတာလေ"

"ခဏလောက် ခေါင်းရှင်းတဲ့ သဘောနဲ့ပဲ ဖြစ်ဖြစ်ပေါ့၊ တစ်ချိန်လုံး စာပဲကျက်နေတော့လည်း ငြီးငွေ့ပါတယ်ဟာ"

"ငါတို့ကျောင်းက တစာစာ ကျက်နိုင်မှ ဖြစ်တာ၊ ဆရာဝန်တစ်ယောက် ဖြစ်ဖို့ဆိုတာ လွယ်တာမဟုတ်ဘူး၊ အားအားယားယား ဟိုသွား ဒီသွားနဲ့ တန်ဖိုးရှိတဲ့ အချိန်တွေ ဖြုန်းမပစ်နိုင်ဘူး။ မလိုက်တော့ပါဘူးဟာ"

နွယ်ချိုက မျက်နှာလေး ငယ်သွားသည်။ သူပြောပုံ သူတို့ဆေးကျောင်းသား၊ ဆရာဝန်လောင်းတွေကသာ အချိန် အကျိုးရှိအောင် အသုံးချပြီး တန်ဖိုးရှိစွာ နေကြသည့်သူတွေ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ တခြားလူတွေကတော့ အားအားယားယား အချိန်ကို အကျိုးမဲ့ အသုံးချနေကြသူတွေပေါ့။

သူမျှားဆိုလျှင်တော့ ဒီနေရာမှ စိတ်ဆိုးပြီးသား ဖြစ်နေလောက်ပြီ။

နွယ်ချိုကတော့ အလိမ္မာအပေါ် စိတ်မဆိုးရက် မနာကြည်းရက်ပါ။

"ဘာပဲဖြစ်ဖြစ် ဆရာကန်တော့ပွဲရက်တော့ ရောက်အောင် လာခဲ့ပါဟယ်၊ နင်က စာတော်တော့ ငါတို့ကျောင်းရဲ့ဂုဏ် ဆောင်လို ဖြစ်နေတာ၊ ဆရာတွေအားလုံးက နင့်ကို အထင်တကြီးနဲ့ မြှောက်စားကြတာ မဟုတ်လား၊ အဲဒီလို လူက ဆရာကန်တော့ပွဲကို ရောက်မလာဘူးဆိုတော့ ဆရာ တွေ ဘယ်စိတ်ကောင်းပါ့မလဲ"

"ဆရာကန်တော့ပွဲတော့ လာနိုင်အောင်ကြိုးစားမယ်လေ၊ အင်း... ဒီကြားထဲမှာလည်း ငါလုပ်ပေးနိုင်တာရှိရင် ကူလုပ် ပေးပါ့မယ်၊ ပုံမှန်အစည်းအဝေးတွေ ဘာတွေတော့ မလာ နိုင်ဘူး၊ အဲဒီလောက်တော့ အချိန်ပေးနိုင်မှာ မဟုတ်လို့"





"ဒါဆိုလည်း ငါသွားစရာရှိတဲ့ အချိန်တိုင်း နင့်ကိုဝင်မေး မယ်လေ၊ နင် အားတဲ့အချိန်နဲ့ တိုက်ဆိုင်ရင်တော့ လိုက် ခဲ့ပေါ့"

"ဟို ..."

အားနာပါးနာနဲ့ ပြောလိုက်တာသာဖြစ်ပြီး တကယ့် အစည်းအဝေးတွေကိုတော့ ဘယ်တစ်ခုမှ လိုက်ဖို့စိတ်ကူးမရှိသော အလိမ္မာမှာ ဘာပြောရမှန်းမသိ။

နွယ်ချိုကတော့ သူ့ဘက်က အခွင့်အရေး တစ်ခုရ အောင် တောင်းပြီးတာနဲ့ အမြန်ဆုံး ပြန်ထွက်လာခဲ့တော့သည်။

❂ ❖ ❂



www.burmeseclassic.com

www.burmeseclassic.com



White Palace ... တဲ့။

ကြီးမားလှသော ဆိုင်ခန်းကြီးတစ်ခုလုံးဟာ မှန်
နဲ့ပဲ ကာရံထားတာ အောက်ခံကြမ်းပြင်ကျတော့ ကျောက်
အဖြူဆွတ်ဆွတ်တွေနဲ့မို့ ဖြူဝင်းလင်းလက်လို့ နေသည်။

ဆိုင်အတွင်းမှာ ခမ်းနားသော အပြင်အဆင်
ကောင်းပေ့၊ လှပေ့၊ ဆန်းပေ့ဆိုသော အဝတ်အထည်တွေကို
ကျင်းပြသထားတာကလည်း ရင်သပ်ရှုမောလောက်ဖွယ်ရာ

မီးချောင်းတွေ ထိန်ထိန်ညီးအောင် ထွန်းထား
လည်း ဆိုင်အတွင်းက အလင်းရောင်ဟာ တောက်တောက်





နာမည်နဲ့တော့ လိုက်ဖက်ပါပေရဲ့။ ဆိုင်ကြီးဟာ
နန်းတော်ကြီးတမျှ ခမ်းနားလှသလို အရောင်အဆင်းကလည်း
ဖွေး တောက်ပလှတာ ဆိုတော့ White Palace အဖြူရောင်
နန်းတော်ပဲပေါ့။

ဒီလောက်သားနားသည့် ဆိုင်ထဲကို ဘယ်လိုသတ္တိ
နဲ့ ဝင်ရပါ့။

အလိမ္မာက စိတ်ညစ်လှပါသည်။

ကိုယ်က ယောကျ်ားတစ်ယောက်မို့ မိန်းကလေး
သုံးအဆောင်၊ အဝတ်အထည်တွေချည်း ရောင်းသည့်ဆိုင်နဲ့
ဘယ်လိုမှ မသက်ဆိုင်။ ပြီးတော့ သူ့အခြေအနေ၊ အဆင့်အတန်း
နဲ့ ခွဲတေနံနဲ့လှတာမို့ ဒီလိုဆိုင်မျိုးရဲ့ အရိပ်ကိုတောင် နင်းဖို့
ထိုက်တန်။

တကယ်လို့ သူ ကြောက်ရသည့် အမေက ခိုင်းလိုက်
သည်ကိစ္စသာ မဟုတ်ဘူးဆိုလျှင် အလိမ္မာတို့ ဒီလိုနေရာမျိုးကို
ရောက်လာစရာ အကြောင်းတောင်မရှိ။



www.burmeseclassic.com

www.burmeseclassic.com



အမေ ... အမေ။ ဘယ်လိုဓာတ်လမ်းတွေများ ...
ချင်နေပြန်တာပါလိမ့်နော်။

...မတွေ့ချည်း ကြီးစိုးသည့် နေရာတစ်ခုသို့ ...
လူမျိုးလေးကို လွှတ်လိုက်သည်ဆိုတာ အကြောင်းမဲ့သက်သ...
တော့ မဟုတ်နိုင်။

အမေပေးသည့်အကြောင်းပြချက်ကလည်း အဓိပ္ပာ...
မရှိ။ ရှိတယ်ပဲထား ဘယ်တူမကမှ အလုပ်ရှာပေးပါဆိုပြီး...
အကူအညီ တောင်းမထားပါဘူး။ အကူအညီ တောင်းလာလျှ...
တောင် အဆွေအမျိုးကို စောင့်ရှောက်ဖို့ ဝါသနာလုံးဝမပါ...
အမေက ဒီလောက် အပင်ပန်းခံပြီးတော့ ကူညီရှာမှာ မဟု...
ပေ။

နောက်ဆုံး ကူညီဖို့အတွက် လက်ခံသဘောတူလို...
ရပြီ ဆိုလျှင်တောင် ပိုးလိုမွေး၊ ရွှေလိုဥထားရသည့် သူ့သား...
တော့ သူများထံမှာ မျက်နှာအငယ်ခံကာ အကူအညီလာတော...
ခိုင်းမှာ မဟုတ်ချေ။





ဒါဟာ အမေ့ရဲ့ စိတ်ကူးဇာတ်လမ်းတစ်ပုဒ်ပဲ ဖြစ်
...မည်။

ဘယ်လောက်တောင် စိတ်ညစ်ဖို့ ကောင်းလိုက်
...လဲ။

အမေဟာ ကိုယ့်သားကို ချစ်လွန်း၊ ကောင်းစားစေ
...ချင်လွန်းလို့ ဖွတ်အတင်း စီစဉ်နေသည် ဆိုပေမဲ့ ကိုယ့်သားရဲ့
...ဆားချက်ကိုလည်း ထည့်တော့ တွက်သင့်တာပေါ့။

ဒီလိုကိစ္စမျိုးကျတော့ တစ်ဖက်မိန်းကလေးက တမင်
...ဆင်ထားသည်ဆိုတာ သိတော့မှာပေါ့။

အဲဒီအခါကျတော့ ဘယ်လောက် အထင်သေးစရာ
...သွားမလဲ။

စဉ်းစားကြည့်ကြပေါ့။ ယောကျ်ားလေးတစ်ယောက်
...နေနဲ့ ကိုယ့်ဘက်က တမင်ရည်ရွယ်ချက် မပါဝင်ဘဲ မိန်းမ
...ယောက်ရဲ့ အထင်သေး ခံလိုက်ရတယ်ဆိုရင် ဘယ်လောက်
... အခံရခက်ချင်စရာ ကောင်းလိုက်မလဲ။

www.burmeseclassic.com

www.burmeseclassic.com



အမေ့ကိုသာ မကြောက်ရဘူးဆိုလျှင် အလိမ္မာဟာ
ဒီလောက် ကြောင်တောင်တောင်နိုင်သော လုပ်ရပ်မျိုးကို ဘယ်တော့
မှ လုပ်လေမှာ မဟုတ်ပါ။

"ဒေါ်မေခေတ်နဲ့ တွေ့ချင်လို့ပါ ခင်ဗျာ"

ကြည့် ...။ အဲဒီလို မေးလိုက်တာနဲ့ အဝင်ဝမှာ ရပ်
စောင့်နေသည့် ဝန်ထမ်းမိန်းကလေးရဲ့ တစ်မျိုးသော အကြည့်
ရင်ဆိုင်လိုက်ရပြီ။

ဟုတ်တော့လည်း ဟုတ်တာပါပဲ။ သူ့လို အဝတ်
အစားမွဲတေတေ၊ နံ့ချာချာနဲ့ လူတစ်ယောက်က သူတို့ဆိုင်ရှင်
သူဌေးမ,ကို လာမေးသည် ဆိုမှတော့ ဒါဟာ အထူးအဆန်းဖြစ်
ရပြီပေါ့။

"ချိန်းထားလို့ပါလားရှင်"

"ချိန်းတော့ မထားပါဘူး၊ ဟို ... တွေ့ခွင့်များ ရနိုင်မလား
လို့"

"ဘာကိစ္စများ ရှိလို့ပါလဲ"



"ဒါ ... ဒါကတော့ ... အဲ ... သူနဲ့တွေ့မှ ပြောလို့ဖြစ်
မှာမို့လို့ပါ"

အလိမ္မာ မျက်နှာတွေက နီရဲနေပြီ။ လည်ချောင်း
ထဲမှာလည်း ပူထူကာ ကိုယ့်စိတ်ထဲ ဘာမှမရှိပါဘဲလျက် မဟုတ်
တာ တစ်ခုခု ချောင်းမြောင်းလုပ်ဖို့ ရည်ရွယ်နေသူ တစ်ယောက်
လို ခံစားနေရသည်။

"ခဏနေပါဦးနော်၊ မမမေကို မေးကြည့်လိုက်ပါဦးမယ်၊
သူ တွေ့နိုင်သလား မတွေ့နိုင်ဘူးလားလို့"

ကြိုးကျယ်လိုက်တာလို့ အပြစ်မပြောချင်တော့ပါ။
ကိုယ်က သူ့နယ်ထဲ ကျူးကျူးကျော်ကျော် ရောက်လာခဲ့မိပေ
တာကိုး။

ဆယ်မိနစ်လောက် စိတ်အိုက်စွာ စောင့်ဆိုင်းအပြီး
မှာတော့ ရုံးခန်းဟု သတ်မှတ်ထားသော ဆိုင်အတွင်းဘက်က
အခန်းကျယ်ကြီးထဲ ဝင်ရောက်ခွင့် ရသွားသည်။

အနေကျုံ့ချင်စရာ ကောင်းလိုက်ပုံများ။

www.burmeseclassic.com

www.burmeseclassic.com



တစ်သက်နဲ့ တစ်ကိုယ် စိတ်ကူးထဲတောင် မမြင်ဖူးသည့် သားနားလွန်းလှသော အခန်းထဲ။ အသက်မတိမ်းမယိမ်း အရွယ်ပင် ဖြစ်မေမဲ့ မျက်နှာထားတည်တည်နဲ့ ကိုယ့်ထက်အဆများစွာ မြင့်မားခမ်းနားနေသလိုရှိသည့် မိန်းမတစ်ယောက်ရှေ့မှာ ကြောင်တောင်တောင်၊ ငေါင်းစင်းစင်း ရပ်နေရသည့် အဖြစ်ဟာလေ။

သူက ကိုယ့်ကို လက်ခံတွေ့ဆုံတာဟာ ကိုယ့်မှာ အလွန်အရေးကြီးသော အကြောင်းအရာတစ်ခု ရှိနေသည် အထင်နှင့်။ တကယ်တမ်းကျတော့ အလိမ္မာရောက်လာရတာဟာ ဘာမှလဲ ဖြစ်လောက်သည့်ကိစ္စမဟုတ်။

"ကဲ ... ပြောပါဦး မင်းနာမည်"

"ကျွန်တော့်နာမည် အလိမ္မာပါ"

တစ်ဖက်အမျိုးသမီးရဲ့ နှုတ်ခမ်းတွေများ တွန့်ကွေးသွားလေသလားလို့ အလိမ္မာက သံသယဝင်မိသေးသည်။ သူ့နာမည်ဟာ တခြားလူတွေအတွက် လှောင်စရာများ ဖြစ်နေလို့





လား။ ဒါမှမဟုတ် ဒီအမျိုးသမီးကပဲ လူတွေကို နှိမ်ချင်၊ လှောင်ချင်သည့် စိတ်သဘောထား ရှိနေလို့လား။

"ကျွန်တော့်နာမည်မှာ ဘာများ ရယ်စရာရှိနေလို့လဲ"

"ဘာဖြစ်လို့လဲ၊ တို့ ရယ်လိုက်တယ် ထင်လို့လား"

"ဟုတ်တယ်၊ ခင်ဗျား ရယ်လိုက်တယ်"

"ခက်တော့တာပါပဲရှင်၊ ကျွန်မ လုံးဝမရယ်ပါဘူး၊ ရယ်ချင်တဲ့စိတ်ဆန္ဒလည်း မရှိပါဘူး"

"ထားလိုက်ပါတော့၊ ကျွန်တော်တို့ ရှေ့ဆက်မငြင်းဘဲနေကြရအောင်၊ ကျွန်တော်က ဒေါ်စိန်မြိုင်ရဲ့သားပါ"

အမျိုးသမီး မျက်မှောင်ကုတ်သွားတာကို ကြည့်ခြင်းအားဖြင့် အမေ့နာမည်ကို သူမ တစ်ချက်တည်းနဲ့ တန်းမမှတ်မိဘူးဆိုတာ အလိမ္မာက သိလိုက်သည်။

အမေ ... အမေ။ ပြောတော့ သူနဲ့ ဒီအမျိုးသမီးနဲ့ အရမ်းပဲ ရင်းနှီးနေသလိုလို။ သွားတွေ့ရမှာ ဘာမှ အားနာစရာ အကြောင်း မရှိသလိုလို။



www.burmeseclassic.com

www.burmeseclassic.com



အခုကျတော့ ဟိုက သူ့နာမည်ကိုတောင် မကြားဘူး သလိုပါလား။

"ဒေါ်စိန်မြိုင် ဆိုတာ ခင်ဗျား ကားနဲ့တိုက်မိလို့ အိမ်တောင် ပြန်ပို့ပေးရသေးတာလေ"

"ဪ ... မှတ်မိပြီ။ အန်တီစိန် ... အန်တီစိန် ... အင်း ပြောပါဦး၊ အန်တီစိန်က ဘာများမှာလိုက်လို့လဲ"

"ဟိုဒင်းလေ ... သူ မေးထားတဲ့ ကိစ္စတဲ့၊ ဟို ... အလုပ် ဆိုလား"

"အလုပ်က ခုထက်ထိ အဆင်မပြေသေးဘူးလား"

"ဗျာ ... ဘယ်သူ့ကို ပြောတာလဲ"

"ရှင့် အစ်မလေ"

"ကျွန်တော့်မှာ အစ်မမှ မရှိတာ"

"ဪ ... ညီမလား"

"ညီမလည်း မရှိဘူး ခင်ဗျ"

"ဒုက္ခပါပဲ၊ ဒါဖြင့် ရှင်က ဘယ်သူ့အတွက် ပြောပေးဖို့ လာတာလဲ"





"အမေ ခိုင်းလိုက်လို့ လာတာပါ"

"ဒါဆို ရှင့်အမေခိုင်းလိုက်တာ ဘာတဲ့လဲ"

"သူ့တူမအတွက် အလုပ်များ ရမလားလို့"

"အင်းလေ ... အဲဒါပဲ ပြောတာပေါ့၊ ရှင် အစ်မ အလုပ်က အခုထက်ထိ အဆင်မပြေသေးဘူးလားလို့"

"ကျွန်တော့်မှာ အစ်မမှ မရှိတာ"

"ဒါဆို ရှင့်အမေရဲ့ တူမဆိုတာကရော"

အဲ ... ဟုတ်သည်ဘူး။

အမေဟာ မရှိသည့် တူမအတွက်ဆိုပြီး ခေါင်းစဉ် တင်ထားတာလေ။ အမေ့တူမဆိုတော့ အလိမ္မာနဲ့က မောင်နှမတော် ရမည်။ ဒါကို သူက ကိုယ်နဲ့မဆိုင်သလို ပြောနေတော့ အဓိပ္ပာယ် ရှိသေးရဲ့လား။

"မသိဘူးလေ၊ ခင်ဗျား ပြောတော့ ကျွန်တော်က အရင်း မှတ်တာကိုးဗျ၊ အမေ့တူမဆိုတာကို ပြောမှန်း ဘယ်စဉ်းစားမိပါ့မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆန်းတော့ အဆန်းပဲနော်၊ ရှင့်အမေက သူ့တူမအတွက် တအားသိတတ်ပြီး စိတ်ပူပေးနေသလောက် ရှင်နဲ့ကျတော့ စိမ်းပုံရတယ်၊ ရှင်တို့သားအမိက အချင်းချင်း တသီးတသန့် နေတတ်ကြလို့လား"

"ဘယ်ကသာ၊ ကျွန်တော်တို့က သားအမိနှစ်ယောက်တည်း ရှိတော့ သိပ်ချစ်တာ"

တော်တော်ဆိုးသည့် အမျိုးသမီးပဲ။ သူ့ဘာသာ တွေးတော အကွက်ဆင်ပြီး သူများကိစ္စကို လိုက်စပ်စုနေလိုက်တာ။

အင်းလေ။ လာရင်းကိစ္စ ပြီးဆုံးသည်အထိတော့ သည်းခံကာ နေရဦးတော့မှာပါပဲ။

"အမေ မေးခိုင်းလိုက်တဲ့ အလုပ်နေရာ ရမှာလား"

အလိမ္မာ အသံက ဆတ်တောက်တောက်၊ တိုပြတ်ပြတ် ဖြစ်နေသည်။ ဒါကိုပဲ ဟိုမိန်းမက သဘောကျသလို ပြုံးစိစိ ဖြစ်နေသေးရဲ့။





"အန်တီ့ကိုတော့ ပြောထားပြီးသားပါ၊ ဟိုဟာလေ ... အလုပ်ကိစ္စက လောလောဆယ်တော့ အဆင်မပြေသေးဘူး လို့၊ နောက်ကျရင်တော့ ကျွန်မဆိုင်သစ်တစ်ခုဖွင့်ဖို့ အစီအစဉ်ရှိပါတယ်၊ အဲဒီအခါကျတော့မှ ဝန်ထမ်းသစ် ထပ်ခေါ်မှာမို့ အဲဒီအချိန်လောက်အထိ စောင့်နိုင်ရင် စောင့်ပါလို့"

"ဘယ်တော့လောက် ဖြစ်မလဲ"

"သိပ်တော့ မသေချာသေးဘူး၊ ရှေ့နှစ်ထဲမှပဲ ဖြစ်လိမ့်မယ်၊ ခုထက်ထိတော့ နိုင်ငံခြားနဲ့ အဆက်အသွယ်ရထားရုံပဲ ရှိသေးတယ်၊ ဆိုင်ခန်းနေရာ အပြင်အဆင် ကုန်ပစ္စည်းတင်သွင်းဖို့ အားလုံး ဘာမှ အဆင်သင့် မဖြစ်သေးဘူး"

တော်တော်နီးစပ်သည့် မျှော်လင့်ချက်ပါပဲ။ တကယ်လို့သာ သူ့ဆီက အလုပ်တစ်ခုရဖို့ ထိုင်မျှော်လင့်နေရသူ တစ်ယောက် အမှန်စင်စစ် ရှိခဲ့မည်ဆိုလျှင် တော်တော် ကြေကွဲချင်စရာ ကောင်းမည်။



www.burmeseclassic.com

www.burmeseclassic.com



အမေ့ အတွက်ကတော့ အကြိုက်ပဲ နေမှာပေါ့။ တကယ်မရှိသည့် တူမအတွက် အလုပ်ရပြီလား၊ ရပြီလားလို့ အချိန်ပို ကြာကြာလာမေးခွင့် ရနေလေလေ မေခေတ် ဆိုသည့် အမျိုးသမီးနဲ့ ပိုပြီးကြာကြာဆက်သွယ် ပတ်သက်ခွင့် ရလေလေ ဖြစ်နေမှာကိုး။

အမေတို့ လုပ်ပုံများ ရဲတင်းပါ့။ တကယ်လို့သာ ဟိုက အလုပ်ပေးပါတော့မယ်၊ လာဆင်းပါတော့လို့သာ ပြောလျှင် ဘယ်က တူမဆိုတာကိုများ ဆွဲထုတ်ခေါ်လာလေမှာလဲ မသိ။

နေပါဦး ...။ အလုပ်နေရာ မရှိသေးဘူးလို့ ဟိုက ပြောလာလျှင် ဘာစကား ထပ်ပြောရမယ်လို့ အမေက မှာလိုက်ပါလိမ့်။

အဲ ... သိပြီ။

"ဒါဆိုလည်း နောက်တစ်ပတ်လောက်နေမှ တစ်ခါကြည့်ပြီး စုံစမ်းပါဦးမယ်"





ဟိုအမျိုးသမီးရဲ့မျက်နှာ ခပ်ရှုံ့ရှုံ့ ဖြစ်သွားတာကိုတော့ တွေ့ရပါရဲ့။ ဒါပေမဲ့ မတတ်နိုင်ပြီ။ အလိမ္မာအတွက်ကတော့ အမေ ...။ အမေ စိတ်ချမ်းသာဖို့ကသာ အရေးကြီးသည်လေ။

○ ❖ ○



www.burmeseclassic.com

www.burmeseclassic.com



မိထွေးတော် ... မိထွေးတော်။

နှိပ်စက်လှသည့်လို့ မဆိုသာပေမဲ့ တစ်ခါတလေတော့ မိထွေးတော် ခိုင်းလိုက်တာတွေဟာ နှိပ်စက်တာထက် ဆိုးနေတာမျိုးတွေရှိသား။

ဥပမာ ပြောရရင်တော့ လက်ရှိ ယူထားတဲ့ အကြွေးရော၊ ဟိုးအရင်က ယူထားတဲ့ အကြွေးတွေရော ပြန်ဆပ်ဖို့ အချိန်တန်ပေမဲ့ မဆပ်နိုင်သေးပါဘူးလို့ ကြွေးရှင်ကို သွားပြောခိုင်းသည့်ကိစ္စမျိုးပေါ့။

ကြွေးရှင်ဆိုတာလည်း တော်ရုံတန်ရုံမဟုတ်။ အင်မတန်စိတ်သဘောဟပ်၊ ပါးစပ်ပေါက်လည်း ဆိုးသည့် ဒေါ်စိန်မြိုင်





ကြီး။ ကိုယ့်ဆီက ကုတ်ကတ်ခြစ် လိုးပြီး ယူဖို့အတွက်ဆိုလျှင် အင်မတန် တက်ကြွထက်သန်သလောက် သူ့ရပိုင်ခွင့်တွေ လက်လွှတ်ဆုံးရှုံးရတာတို့၊ နှောင့်နှေး ကြန့်ကြာတာတို့ ဖြစ်လျှင်တော့ ဘယ်လိုမှ သည်းမခံတတ်တာ။

ကဲ ... အဲဒီလို မိန်းမကြီးကို ဒီတစ်လအတွက် အတိုးလည်း မပေးနိုင်သေးပါဘူး။ တိုးအရင်က ယူထားပြီး ပြန်ဆပ်ဖို့ ရက်ကျော်နေသည့် ကြွေးလည်း မဆပ်နိုင်သေးလို့ ရက်တိုးဆးပါဦးလို့ ပြောရမှာ ဘယ်လောက် စိတ်ပျက်ဖို့ကောင်းလိုက်သလဲ။

ကိုယ်က စကားစရုံရှိသေး 'နင်တို့တွေက အဲဒါဆော်တာပေါ့၊ မဆပ်နိုင်ဘူးဆိုရင် အစကတည်းက မယူပါနဲ့လား၊ ယူတုန်းကတော့ ကောင်းပြီးကောင်းရဲ့နဲ့ ပြန်ဆပ်ခါနီးကျရင် ကျိုးကျောင်းက အမျိုးမျိုး၊ ငါလည်း ပိုက်ဆံကို အလကားရတာမဟုတ်ဘူး၊ မိန်းမသား မုဆိုးမတန်မဲ့ တပင်တပန်း ရှာဖွေထားတဲ့ ပိုက်ဆံပဲ၊ အလကား ဓတ်တင်းတော့ ဘယ်သူ့ကိုမှ မပေး



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘူး’ စသည့် စကားလုံးအတွဲလိုက်တွေကို စက်သေနတ်ပစ်သလို တရစပ် ဆွဲပြောပါလိမ့်မည်။

ကိုယ်တိုင် ကြုံဖူးတာရော၊ တခြားလူတွေ အပြောခံရတာကို ကြားဖူးတာရော ပေါင်းကာ ဒေါ်စိန်မြိုင်ကြီးထံက တုံ့ပြန်မှု ဘယ်လိုလာမည်ဆိုတာ ခင်ချမ်းသာက ကြိုတွေးလို့ရနေပြီ။

အိမ်မှာ အတူတူနေကြသူချင်းချင်း၊ ဆင်းရဲချမ်းသာ ဒုက္ခ သုက္ခတွေကို မျှဝေခံစားကြသူချင်းချင်းမှာ ဒေါ်စိန်မြိုင်ကြီးကို ရင်ဆိုင်ဖို့ကျတော့ ကိုယ်တစ်ယောက်တည်း တာဝန်ကျနေတာကြီးက သိပ်တော့မဟုတ်လောက်ဘူးဟု ခင်ချမ်းသာက ထင်သည်။

ခက်တာက ကိုယ်မှ မလုပ်လျှင် နောက်ဆုံး ကိုယ့်အဖေပဲ အသုံးမကျသည့် လူကြီးအဖြစ်နဲ့ အပြောအဆို အနှိမ်ခံရဦးမည်။ အဖေ့ကိုတော့ အထိခိုက်မခံနိုင်။ ကိုယ်ပဲ အနစ်နာခံရတော့မှာပဲ။

“ဒေါ်ဒေါ်စိန် ... ဒေါ်ဒေါ်စိန်”





ပါးစပ်က တစာစာအောင်ရင်း အိမ်ပေါ် ဝုန်းဒိုင်း တက်သွားလျှင် တိုက်တိုက်ဆိုင်ဆိုင်ပဲ နောက်ဖေးကနေ ရေမိုးချိုးပြီး ရေလဲပုဆိုးတိုတို၊ ခန္ဓာကိုယ်အထက်ပိုင်းက ဗလာကျင်းလျက်၊ ပခုံးပေါ်မှာ မျက်နှာသုတ်ပဝါ အလတ်စားတစ်ခု တင်ထားသော အလိမ္မာက ထွက်အလာနဲ့ ကြုံလေသည်။

“ဟင်း ... ကြုံပြန်ပြီ”

“ဟာ ... ခင်ဗျား”

အာမေဋိတ်သံနှစ်ခု လေထဲမှာ တိုက်မိသွားသည်။

အလိမ္မာက သူ့ကိုယ်သူ အပေါ်ပိုင်းကို မျက်နှာသုတ်ပဝါနဲ့ ဆွဲဖုံးလိုက်ပြီး ခင်ချမ်းသာကတော့ မျက်စောင်းကြီးတစ်ခု ပျစ်ပျစ်နှစ်နှစ် ထိုးလိုက်လေသည်။

“ရှင်ကလည်း တစ်ချိန်လုံး ရေပဲချိုးနေတယ်ထင်တယ်”

“ခင်ဗျား သူများအိမ်ပေါ် ဒီလိုပဲ စည်းကမ်းမရှိ တက်ချင်တိုင်း တက်လာရလားဗျာ”

ဆုံပြန်ပြီ အပြစ်တင်စကားသံနှစ်ခု။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ကိုယ် ရေချိုးနေကျအချိန်ပဲ ချိုးတာ၊ ခင်ဗျား ရောက်လာတဲ့ အချိန်ကိုက ကျွန်တော် ရေချိုးမဲ့အချိန်နဲ့ တိုက်ဆိုင်နေတာ"

"ဒီရပ်ကွက်ထဲမှာ တစ်ယောက်အိမ်တစ်ယောက် သွားရင် ဒီလိုပဲ အော်ဟစ်ခေါ်ပြီး တက်သွားနေကျပဲ၊ ဘယ်သူက မှ ရှင့်လို မအော်ဘူး"

"တော်ပြီ၊ တော်ပြီ၊ ခင်ဗျားကိုတော့ ပြောလို့နိုင်မှာ မဟုတ်ဘူး"

"ရှင့်ကိုလည်း ပြောမနေချင်ပါဘူး"

ရှေ့ဆက် ပြောနေလျှင် ပြီးမှာ မဟုတ်တော့တာကို မြင်လာ၍ အလိမ္မာက အခန်းထဲ ပြေးဝင်ကာ ရှပ်အင်္ကျီလက်တို တစ်ထည်ကို ဆွဲဝတ်လိုက်ရသည်။ ခင်ချမ်းသာကလည်း ဧည့်ခန်းထဲက ထိုင်ခုံတစ်ခုမှာ အကျအန ဝင်ထိုင်လိုက်ရင်း ...

"ဒေါ်ဒေါ်စိန် ဘယ်သွားလဲ၊ နေ့ပြန်တိုးတောင်းဖို့ပဲလား"

"မဟုတ်ဘူး၊ ဟို ... အလုပ်ကိစ္စ"





"ဘာအလုပ်ကိစ္စလဲ"

တကယ်က သူများကိစ္စ စပ်စုဖို့ စိတ်ဝင်စားတာ ဆော့ မဟုတ်ပါ။ ဒေါ်စိန်မြိုင်ကြီး သွားတာ ဘယ်လောက်ကြာ လဲ၊ ဘယ်အချိန်လောက် ပြန်ရောက်နိုင်သလဲ ဆိုတာ ခန့်မှန်းနိုင် ဖို့ မေးလိုက်မိတာ။ သို့သော် ခင်ချမ်းသာရဲ့ မေးခွန်းကြီးက သူများကိစ္စကို စွက်စွက်ဖက်ဖက် စပ်စုသလိုကြီး ဖြစ်နေသည်။

"ကျွန်တော့်အစ်မအတွက် အလုပ်သွားတောင်းတာ"

"အစ်မ ... ရှင့်မှာ ဘယ်က အစ်မရှိလို့လဲ"

"အစ်မဝမ်းကွဲ"

ပြောပြီးမှ အလိမ္မာက ရယ်ချင်သွားသည်။

အမေက ပြောလွန်း၊ ပြောလွန်းတာမို့ တကယ် ရှိသည့် အမေ့တူမဆိုတာကိုပဲ အလိမ္မာက ကိုယ့်အစ်မဝမ်းကွဲ အစ်ယောက် တကယ်ရှိနေသလို စိတ်ထဲက ထင်ယောင်ထင်မှား ဖြစ်နေတော့တာ။

"ဪ ... အဲဒါက ကြာမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"မြို့ထဲသွားရမယ်၊ စကားပြောဆိုပြီး ပြန်လာရမယ်၊ ပြီး… အမေက မြို့ထဲ ရောက်ပြီဆိုရင်လည်း ဝယ်စရာရှိတာ… တွေ့ဝယ်၊ တွေ့စရာရှိတဲ့လူနဲ့ တွေ့ဆိုတော့ ကြာချင်လ… ကြာမှာ"

ဒီလိုပဲ။ စိတ်ပျက်စရာ အခြေအနေတစ်ခုကို တွေ့… တွေ့ရတော့မှာလို့ ကြိုတင်ပြင်ဆင်ပြီး လာကာမှ လွဲချော်သွ… ပြန်ပြီ။

ခင်ချမ်းသာကလည်း အဲဒီလိုဆိုလျှင် အသည်း… မှယား။ ဒီကို လာဖို့ မနည်းကြိုးစားအားတင်းခဲ့ရတာ။ မတွေ့… ပြန်သွားရလျှင် နောင်တစ်ကြိမ် ပြန်လာဖို့အတွက် အသစ်ပြ… အားတင်းရဦးမှာ။

"ဘာလဲ … ထိုင်စောင့်ဦးမှာလား"

"စောင့်တော့စောင့်မှ ဖြစ်မယ်ထင်တယ်"

"အိမ်ချင်းကလည်း သိပ်ဝေးတာမဟုတ်ဘဲနဲ့ဗျာ၊ ခင်… မှာ အချိန်တွေ ဘယ်လောက် ပိုနေလို့ အကြာကြီး … စောင့်နေနိုင်မှာလဲ"





"အားလို့မဟုတ်ဘူးရှင့်၊ နောက်တစ်ခါလာဖို့ အားတင်းရတာ ပင်ပန်းလွန်းလို့"

"ကိစ္စပြောထားခဲ့လို့ ရမလား"

"ရှင့်ပြောလည်း ထူးမှာတော့ မဟုတ်ပါဘူး။ ချေးထားတဲ့ ပိုက်ဆံကိစ္စ ပြောချင်လို့ပါ"

"ကျွန်တော် ပြောပေးရမလား"

အင်း … စဉ်းတော့စဉ်းစားစရာပဲ။

ပိုက်ဆံချေးဖို့ဆိုလျှင်တော့ ဒေါ်စိန်မြိုင်ကြီး ရှိမှ ဖြစ်မည်။ အခုကိစ္စကတော့ ချေးထားသည့်ပိုက်ဆံ ပြန်မဆပ်နိုင်သေးတာကို အသိပေးရုံဆိုတော့ ဘယ်သူနဲ့ပဲမှာမှာ ရမည်။ ဒေါ်စိန်မြိုင်ကြီးနဲ့ ထိပ်တိုက်တွေ့ပြီး ပြောရမှာ မဟုတ်၊ ပါးစပ်သေနတ်ပစ်ခံရသည့် ဒုက္ခက ကင်းလွတ်သွားတာပေါ့။

"ဟိုဟာလေ … ကျွန်မတို့ … အဲ … ကျွန်မနာမည်ကိုရော မှတ်မိရဲ့လား"

"ခင်ချမ်းသာလေ၊ မှတ်မိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ခင်ချမ်းသာတို့ ... အင်း ... ဒေါ်ရွှေစင်ပေါ့လေ၊ ဒေါ်ရွှေစင် ချေးထားတဲ့ ပိုက်ဆံကို ပြန်မဆပ်နိုင်သေးဘူးလို့၊ အတိုးလည်း မပေးနိုင်သေးဘူးလို့၊ အတိုးကို ပေါင်းသာမှတ်ထားလိုက်ပါလို့၊ ရှေ့လကျမှ ပေါင်းပေးမယ်လို့ နော် ... ပြောပေးနော်"

"ဒေါ်ရွှေစင် ... ပိုက်ဆံ ပြန်မဆပ်နိုင်သေးလို့ အတိုးကို ပေါင်းမှတ်ထား ... အင်း ... အင်း ... မှတ်မိပြီ၊ ဒေါ်ရွှေစင်နော်၊ ခင်ချမ်းသာရဲ့ အမေလား"

"မိထွေး"

ခင်ချမ်းသာက ခပ်ပြတ်ပြတ် တစ်ခွန်းတည်း ပြောလိုက်တာ ဖြစ်သော်လည်း အလိမ္မာကတော့ အားတုံ့အားနာလည်း ဖြစ်၊ စိတ်မကောင်းလည်း ဖြစ်သွားရလေသည်။

"ဆောရီး"

"ဘာလဲ ... အားနာသွားတာလား၊ ရတယ်၊ ဘာမှ စိတ်ထဲ မထားနဲ့၊ အမေဆုံးပြီး အဖေက နောက်အိမ်ထောင်





ပြုလို့ မိထွေးနဲ့ နေရတာ ဘာမှ အားငယ်စရာမရှိဘူး၊ မိထွေးကလည်း ကျွန်မအပေါ် မဆိုးလှပါဘူး၊ ဒီလောက်နဲ့ကတော့ သနားစရာအကြောင်း မရှိဘူး"

တယ်လည်း ပြတ်သားတဲ့ မိန်းကလေးပါလား။ သနားမိသည့် သူတောင်မှ ဆက်သနားရကောင်းနိုး၊ ရပ်ပစ်လိုက်ရကောင်းနိုးနဲ့ အူကြောင်ကြောင်။

ခင်ချမ်းသာကတော့ဖြင့် စိတ်လက်ပေါ့ပါးလွတ်မြောက် သွားသလို ပုံစံမျိုးနဲ့ အိမ်ပေါ်က ဆင်းသွားခဲ့ပြီ။

❂ ❖ ❂

www.burmeseclassic.com

www.burmeseclassic.com



"လာခဲ့ပါ အလိမ္မာရယ်၊ ဆရာတွေက နင် မလာရင် စိတ်
မကောင်းဖြစ်ကုန်ကြမှာတဲ့"

"ဟိုလေ"

"လိုက်ခဲ့ပါလို့ဆို၊ အချိန်တစ်နာရီလောက်ကလေး
သွားတာများ ဘယ်လောက် ထိခိုက်မှာလိုက်လို့"

"စာကျက်စရာတွေကလည်း ရှိလို့၊ ပြီးတော့ အမေအ
သွားရင် အိမ်စောင့်ပေးရဦးမှာ"

တကယ်ကတော့ စာမေးပွဲက မနီးလှသေး
ဟိုဟိုဒီဒီ သွားမည်ဆိုလျှင်လည်း သွားနိုင်ပါသည်။





နောက်ပြီး အမေသွားလို့ အိမ်စောင့်ပေးရမယ်ဆို
ည်း မဟုတ်။ အလိမ္မာ ကျောင်းသွားချိန်၊ အပြင်သွားချိန်
ဆိုလည်း အမေက သူ့ဘာသာ သွားချင်ရာသွားတတ်တာပါပဲ။
တို ဒီအတိုင်းပဲ ပိတ်ထားခဲ့တာ။

တကယ် မဟုတ်သည့် အကြောင်းပြချက်တွေ ဖြစ်ပြီး
မှာက ဘာဖြစ်လို့ တတွင်တွင် ငြင်းနေရသလဲဆိုလျှင်
အမေ့ရဲ့ အထူးတလည်မှာကြားချက်ကြောင့်ပါပဲ။

အမေက ဒီရပ်ကွက်ထဲက လူတွေနဲ့ သိပ်ကြီး
ရောနှောနှော မနေဖို့ မှာထားတာလေ။ အထူးသဖြင့်တော့
င်မလေးတွေ။

ဟုတ်လေလား၊ မဟုတ်လေလားတော့ မသိ။ ရပ်
ထဲက မိန်းကလေးတွေဟာ အလိမ္မာကို ဝိုင်းကြိုက်နေကြတာ
။

ဒါကြောင့် အလိမ္မာက သူတို့နဲ့ တတ်နိုင်သမျှမနီး
အောင် ရှောင်ရှားရမည်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ထိုမိန်းကလေးတွေထဲမှာ နွယ်ချို ပါသလား၊ မပါသလားတော့ အလိမ္မာက မသိပါ။ သို့သော် အမေ စိတ်တိုင်းကျဖြစ်ရအောင် အားလုံးကိုပဲ အပြီးရှောင်ထားလိုက်တော့တာ။

"အတန်းကြီးက အစ်ကိုကြီးတွေကလည်း အလိမ္မာရောဆိုပြီး တဖွဖွ မေးနေကြတာ၊ ငါ့ကိုလည်း တစ်လမ်းထဲနေပြီး နင့်ကို ရအောင် မခေါ်ခဲ့နိုင်ရကောင်းလားလို့ အပြစ်တင်နေကြတယ်၊ နင်သာ ဒီတစ်ခါ ပါမလာလို့ကတော့ ငါ လူညံ့ကြီး ဖြစ်ပြီပဲ"

"ဒါဆိုလည်း သွားနှင့်လေ၊ ငါ အမေ့ပြောပြီး လိုက်လာခဲ့မယ်"

"အမေ့ ပြောရုံပဲဆိုရင် ငါ စောင့်ပေးမယ်လေ"

နွယ်ချိုက တမင်ပဲလား၊ စကားပြောရင်း မသိမသာ မှားယွင်းသွားတာလားတော့မသိ။ ဒေါ်စိန်မြိုင်ကို အလိမ္မာ ခေါ်သလို အမေလို့ လိုက်ခေါ်လိုက်သေးသည်။

"ရတယ်၊ ရတယ်၊ သွားနှင့်၊ ငါ ပြင်စရာရှိတာလေး ပြင်ဆင်ရဦးမှာမို့လို့"





"ငါ စောင့်မှာပေါ့၊ အားနေတာပဲဟာ"

ဘယ်လိုမှ ပြောမရပါလား။

တစ်ဖက်က ဖွတ်ကြီး ဖြစ်နေတော့ အလိမ္မာကလည်း အားနာလာသည်။

ကိုယ့်ကို လာခေါ်သည့် ကိစ္စကလည်း အလည်အပတ် အပျော်အပါးကိစ္စ မဟုတ်။ ဆရာကန်တော့ပွဲဆိုတော့ ငြင်းရတာလည်း ခက်သည်။

"ကဲ … ဒါဆိုလည်း အိမ်ပေါ်တက်ပြီး ခဏစောင့်နေ၊ ငါ အဝတ်အစား လဲလိုက်ဦးမယ်"

အလိမ္မာက နွယ်ချို့ကို ခဏစောင့်ခိုင်းကာ အမြန်ဆုံး အဝတ်အစား လဲရပါသည်။

အိမ်နောက်ဖေးမှာ အဝတ်လျှော်ရေချိုးနေသည့် အမေ ထွက်လာပြီး နွယ်ချိုနဲ့ တွေ့သွားမှာကိုလည်း စိုးရသေးသည်။

ရပ်ကွက်ထဲမှာ 'ဒေါ်ဒေါ်စိန် … ဒေါ်ဒေါ်စိန်'နဲ့ သိသူ မရှိသော အမေဟာ ပါးစပ်ပေါက်က သွက်လည်းသွက်၊



www.burmeseclassic.com

www.burmeseclassic.com



ဆိုးလည်း ဆိုးလှတာ။ သူ မကျေနပ်လျှင် မကျေနပ်သလို ဘယ် အရပ်ဒေသမှ မရှောင်တတ်သော အမေက နှယ်ချို့ကို မကြည်ဖြူဘူးဆိုလျှင်လည်း မကြည်ဖြူသည့်အတိုင်း ပြောချလိုက်မှာပင်။

ယောက်ျားလေးဘက်က မလိုမလား ဆက်ဆံခံရသည်ဆိုပြန်တော့လည်း အဲဒီမိန်းကလေးခမျာ သနားစရာကောင်းရှာမှာပေါ့။ နှယ်ချို့ကို မခင်လှပေမဲ့ အလိမ္မာက အားတော့နာပါသည်။

အရေးထဲ ဗီရိုသော့က ပျောက်နေသေး၍ ရှာနေရတာနဲ့တင် အချိန်က ကြာသည်။

အဝတ်အစားလဲပြီး အပြင်ပြန်ထွက်လာသည့် အချိန်မှာတော့ ရေချိုးနေသည့် အမေကလည်း အိမ်ရှေ့ရောက်လာခဲ့ချေပြီ။

○ ❖ ○





အလိုတော် သင်းက ကျုပ်သားကို ပိုင်စိုးပိုင်နင်းအကျီလက်တွေ ဘာတွေဆွဲလို့။

မြင်လိုက်ရတာနဲ့တင် မူ ၁ဝ်စိထဲက အမြင်ဆူးချင်စရာ။

ခုခေတ် မိန်းကလေးတွေဟာ ဣန္ဒြေသိက္ခာကို မရှိကြတော့ပါဘူး။ ယောက်ျားလေးတွေကို အတင်းပဲလိုက်ပြီး ရင်းနှီးတော်သက်နေလိုက်ကြတာ။

တခြားယောက်ျားလေးတွေနဲ့ သူတို့ ဘာတွေပဲဖြစ်ဖြစ်၊ ဘယ်လိုပဲနေနေ အကြောင်းမဟုတ်ပေမဲ့ ကျုပ်သားကို သာပတ်သက်ကြမယ်ဆိုရင်တော့ ကျုပ်က ဘယ်လိုမှ သည်းခံနိုင်မှာ မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဟွန်း ...။ သင်းတို့က ကျုပ်သားကို လာပတ်သက်ရအောင် ဘာအရည်အချင်းတွေ ရှိလို့လဲ။

မိဘက ပိုက်ဆံလေး နည်းနည်းပါးပါး ရှိတာနဲ့ပဲ သူက သူ့ကိုယ်သူ ဟုတ်လှပြီ ထင်နေတာ။ သူလို မိန်းကလေးမျိုးကိုတော့ ကျုပ်က သဘောတူရလိမ့်မပေါ့လေ။

ဘယ်ကသာ။ မိစိန်မြိုင်တို့က ဒီလောက်နဲ့ ရောင့်ရဲတင်းတိမ်နိုင်ပါ့ရိုးလား။

ဒီလောက်ချော၊ ဒီလောက်တော်ပြီး ဒီလောက်လိမ္မာတဲ့ သားမျိုး မွေးထားတာ။

ကျုပ်က ချွေးမရဲ့ အရည်အချင်းကို ဒီလောက်နဲ့ပဲ ကျေနပ်လိုက်ရမှာလား။

အနည်းဆုံးတော့ မေခေတ်လောက်ချော၊ မေခေတ်လောက်ချမ်းသာပြီး မေခေတ်လောက် ဂုဏ်ကျက်သရေနဲ့ ပြည့်စုံမှ ကျုပ်က ချွေးမတော်နိုင်မှာ။

"ဒါက ဘယ်သွားကြမလို့လဲ"





ကျုပ် အသံက ကျားဟိန်းသံလို ဟိန်းထွက်သွားတယ်။ ဒီအသံနဲ့ အမေးခံရတဲ့ သူတွေမပြောနဲ့ ကျုပ်ဟာ ကျုပ်ကောင် ခပ်လန့်လန့် ပြန်ဖြစ်သွားတယ်။

အို ... ဘာပဲဖြစ်ဖြစ် အသံကျယ်တော့ အဟန့်မိကောင်းတာပေါ့။

ကျုပ်သားအနားကို ကပ်ချင်တဲ့ ကောင်မလေးတွေ ... လန့်သွားတာပေါ့။

"ဟို ... ဟိုဒင်း ... ဆရာကန်တော့ပွဲပါ"

"ကျောင်းမှာ လုပ်မှာ မဟုတ်လား၊ ဘယ်အချိန်လဲ"

"ကိုးနာရီ စမှာပါရှင်"

"ကိုးနာရီစမှာကို ခုနစ်နာရီကတည်းက လာခေါ်ရလား၊ နှစ်နာရီတောင် နစ်နာတာပေါ့၊ ဒါတောင် အခမ်းအနားဆိုတာမျိုးက ချက်ချင်း စတတ်ကြတာ မဟုတ်ဘူး၊ ကိုးနာရီစမယ်ဆိုရင် ဆယ်နာရီလောက်မှ စဖြစ်မှာ၊ အချိန်တွေ အများကြီး ပုပ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ တပည့်ရင်းတွေဆိုတော့ ပွဲအတွက် ကူစရာ ကူလုပ်ပေးရဦးမှာမို့လို့ပါ၊ သမီး သွားရင်းနဲ့ တစ်ခါတည်း ဝင်ခေါ်လိုက်တာ"

"ကျောင်းမှာပဲဆိုရင်တော့ သားလည်း နေရာသိနေတာ ကွယ့်၊ သူ့ဘာသာ လိုက်လာမှာပေါ့"

နှယ်ချိုဆိုတဲ့ ကောင်မလေး တော်တော်မျက် ပျက်နေပြီ။ ကျုပ်ကိုလည်း ကလန်ကဆန် မလုပ်ရဲ။ အလိမ္မာ ခေါ်မရတော့မှာလည်း စိုးရိမ်။

အောင်မယ်။ ဒီလို အခြေအနေမျိုးမှာတောင် သင် ကျုပ်သားရဲ့ ရုပ်အင်္ကျီလက်ဖျားကို ဆွဲထားတဲ့ လက်ကို မ သေးဘူးတော့။

ဒီလောက်ကဲတဲ့ မိန်းကလေးကိုများ ဘယ်သ က ကြည်ဖြူနိုင်မှာလဲလို့။

"စိတ်ချပါ ဒေါ်ဒေါ်စိန်ရဲ့၊ နှယ်ချို ပါတာပဲဟာ၊ ဒေါ်ဒေါ် သားကို တအားမခိုင်းပါဘူး၊ ဆရာတွေက သူ့ကို တွေ့





ကြတယ်ဆိုလို့ လာခေါ်ရတာ၊ သူ့ဘာသာဆိုရင် ပျင်းနေတာနဲ့ပဲ ရောက်မှာ မဟုတ်တော့ဘူး"

"အလိုတော် ... ကျုပ်သားက လူပျင်းမဟုတ်ပါဘူး၊ သူ မလာတာ မလာချင်လို့ ဖြစ်မှာပေါ့"

ကျုပ်က ဘွင်းဘွင်းပြောချလိုက်တော့ သားက အားနာရှာပုံရတယ်။

"ဟာ ... အမေကလည်း မဟုတ်ပါဘူး၊ ကျွန်တော် မအားလို့ပါ"

"အားလည်း အနားယူရမှာပဲ၊ ရှေ့နှစ်ခါအတွက် စာကြိုဖတ်ရမှာနဲ့၊ အစုံပဲ ရှိပါတယ်ကွယ်၊ ညည်းသိတဲ့အတိုင်းပဲ သားက ဆရာဝန်လောင်းဆိုတော့ သိပ်တန်ဖိုးရှိတာကွယ့်၊ ရိုးရိုးလူတွေလိုတော့ ဘယ်လာပြီး အားအားယားယား နေနိုင်ပါ့မလဲ"

ကောင်မလေး မျက်နှာ ပျက်သည်ထက် ပျက်နေပြီ။ ကျုပ်သား မျက်နှာလည်း အလားတူပျက်နေတာ မှန်ပေမဲ့ ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



ကတော့ ဥပေက္ခာပြုထားလိုက်တယ်။ သူ ကောင်းစားဖို့အတွက်
လုပ်နေတာပဲ။

"ကဲ ... ကဲ ... ညည်း သွားသာသွားနှင့်၊ ဆရာကန်တော့

အချိန်အမီ သားကိုလွှတ်လိုက်မယ်၊ စိတ်ချလက်ချသာသွား"

ဘယ်လောက်တောင် အရသာ ရှိလိုက်သလဲလို့
ကောင်မလေး မျက်နှာ ဟန်မဆောင်နိုင်လောက်အောင် ပျက်ယွင်း
ပြီး စိတ်ပျက်လက်ပျက် ဖြစ်သွားတဲ့ပုံကို ကြည့်ရတာ ကျုပ်ရဲ့
အောင်မြင်မှုကို တွေ့နေရသလိုပဲ။

သားကတော့ အားနာရှာလို့ထင်ရဲ့။ ခေါင်းငိုက်စိုက်
နဲ့ ထွက်သွားတဲ့ နှယ်ချို့ကို လိုက်ငေးကြည့်နေတယ်။

ကိုယ့်သမီးအရွယ် ကလေးမလေးတစ်ယောက်နဲ့
ပြိုင်ပြီး တွက်ကတ်ချင်တဲ့ ကျုပ်ကို အပြစ်တော့ တင်ကြမလား
မသိဘူး။ ဘာပဲဖြစ်ဖြစ် ကျုပ်ကတော့ ကိုယ့်သားရဲ့ ရှေ့ရေး
ကောင်းစားဖို့ လူကြမ်းမကြီး လုပ်သင့်လည်းလုပ်ရတော့မှာပါဲ





မျက်ရည်ဝဲဝဲကလေးနဲ့ အိမ်ပေါ်ကနေ ကုပ်ကုပ်
ကလေး ဆင်းသွားသည့် နှယ်ချို့ကို ကြည့်ပြီး ရင်ထဲ နင့်ခနဲ
နေအောင် ခံစားလိုက်ရသည်။

အမေ့ရဲ့ အုပ်ချုပ်မှုအောက်မှာ အမေ့စိတ်၊ အမေ့
သဘော၊ အမေ စီမံသမျှ နာခံနေထိုင်လာခဲ့ရတာ ကြာတော့
အလိမ္မာမှာ ကိုယ်ပိုင် ခံစားချက်ရယ်လို့တောင် မရှိတော့ပါ။

အထူးသဖြင့်တော့ မိန်းကလေးတွေအပေါ်မှာပေါ့။
အမေက ဘယ်မိန်းကလေးကိုမှ ခေါင်းထဲမထည့်ရဘူးဆိုသဖြင့်
အလိမ္မာကလည်း သူတို့အပေါ် စိတ်ကို မဝင်စားမိအောင် နေလာ
ခဲ့တာ။ အခုလိုမျိုး သနားစိတ်ဝင်မိတာဟာ မိန်းမတစ်ယောက်နဲ့
ပတ်သက်လို့ ပထမဆုံး ဖြစ်ပေါ်လာသည့် ခံစားချက်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



"သား ... မင်းက ဘာဖြစ်နေတာလဲ၊ စိတ်မကောင်းဖြစ်နေတာလား"

"မဟုတ်ပါဘူး အမေ"

"ဒါဆို ဘာလို့ တမျှော်တခေါ် ကြေကြေကွဲကွဲနဲ့ လိုက်ကြည့်နေရတာလဲ"

"ဟာ ... အမေကလည်း၊ မကြေကွဲပါဘူး"

"မင်းတို့အကြောင်းတွေ အမေ အကုန်သိတယ်နော်၊ ဒီလောက် တားမြစ်ထားတဲ့ကြားက အမေကို ကလန်ကဆန် လုပ်မယ်တော့ မကြံနဲ့"

"မလုပ်ပါဘူး အမေရယ်၊ ကျွန်တော် အမြဲတမ်း အမေ့ စကားနားထောင်လာတာ အမေလည်း သိသားပဲဟာ"

"သိတာကတော့ သိတယ်၊ ဒါပေမဲ့ ဒီခေတ် မိန်းကလေးတွေကို စိတ်မချနိုင်လွန်းလို့ ထပ်ခါတလဲလဲ သတိပေးနေရတာ၊ အခုပဲကြည့်၊ အမေတစ်ယောက်လုံး ရှိနေတာတောင် ယောကျ်ားလေးကို အိမ်ပေါ်တက်ပြီး လက်ဆွဲခေါ်ရတယ်လို့"





"အဲဒါကတော့ ... ဟို ... သူငယ်ချင်းတွေပဲ အမေရာ၊ ဒီခေတ်ထဲမှာ ယောကျ်ားလေးနဲ့ မိန်းကလေး ရင်းရင်းနှီးနှီး နေတာ မဆန်းတော့ပါဘူး။ အမေတို့ ခေတ်တုန်းကသာ နည်းနည်းလေး စကားပြောမိတာနဲ့ပဲ မရိုးမသားစိတ် ဝင်တာတို့ ဘာတို့ ဖြစ်လာကြတာ၊ အခုခေတ်မှာတော့ အားလုံးက သူငယ်ချင်းစိတ်၊ မောင်နှမစိတ်နဲ့ ရိုးရိုးသားသား တရင်းတနှီး ဆက်ဆံကြတာပါ၊ လက်ဆွဲရုံနဲ့တော့ မရိုးသားဘူးလို့ ပြောလို့မရပါဘူး"

"အဲဒါကြောင့် မယုံတာ၊ အမေ့သားက ရိုးတော့ သူများပြောသမျှ ယုံလွယ်တယ်၊ နားယောင်လွယ်တယ်၊ ဒီတော့ အမှားတွေဖို့ လမ်းပိုများတယ်"

အလိမ္မာက ဘာမှ ဆက်ပြောမနေတော့။ အမေနဲ့ သူ့ဦးပြိုင်ငြင်းခုန်နေလျှင် အမေ့ကို မောစေတာသာ အဖတ်တင်မည်။ အမေ့လို ခေါင်းမာမာ မိန်းမမျိုးကတော့ အလွယ်နဲ့ အလျှော့ပေးသူမှ မဟုတ်။

"မင်းက ဆရာကန်တော့ပွဲ သွားဦးမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... သွားရရင် ကောင်းမလားလို့"

"ဘာလို့ သွားရမှာလဲ"

"နွယ်ချိုက ပြောတော့ ဆရာတွေက ကျွန်တော့်ကို မေးနေတယ်တဲ့၊ ကျောင်းမှာ ကျွန်တော်က အတော်ဆုံးဆိုတော့ ဆရာတွေက ချစ်လည်းချစ်၊ အထင်လည်းကြီးကြတာလေ၊ ဆရာကန်တော့ပွဲကို ရှိမှန်းသိသိကြီးနဲ့ မသွားဘူးဆိုရင် ကျွန်တော် မကောင်းဘူး ဖြစ်သွားမှာပေါ့"

"နောက်မှ တောင်းပန်လိုက်"

"အမေကလည်း နောက်မှ တောင်းပန်ရအောင် ဆရာတစ်ယောက်ချင်းစီကို လိုက်ရှာပြီးတွေ့ဖို့ လွယ်မှ မလွယ်တော့တာ၊ အကုန်လုံးကို လိုက်ပြီး တောင်းပန်ဖို့ ဘယ်လွယ်တော့မလဲ"

"မလွယ်လည်း မတောင်းပန်နဲ့တော့ပေါ့။ ကိုယ် လက်လှမ်းမီသလောက်ပဲ တောင်းပန်၊ ဆရာတွေ အထင်လွဲခံရတာက အရေးမကြီးဘူး၊ ငါ့သား မဟုတ်တဲ့ မိန်းမတွေနောက် ပါမသွားဖို့က အရေးကြီးတာ"





ကဲ ... ဘယ်လောက်တောင် စိတ်ခေတ်ပြတ်သွားလိုက်တဲ့ အမေလဲလို့။ သူ့သား ကောင်းစားဖို့အတွက်ဆိုရင် ဘယ်သူ့ကိုမှ အားမနာဘူးဆိုတဲ့ စိတ်ထားမျိုးပေါ့။

"အမေ ... မကောင်းတတ်ဘူး ထင်တယ်"

"ဘာလဲ ... မင်းက ဟိုမာမလေးကို အားနာနေတာလား၊ ဘာမှ အားနာစရာမလိုဘူး သား၊ ကိုယ့်ဘက်က အမြဲတမ်း ပြောထားနိုင်မှ တန်ကာကျမယ်၊ မဟုတ်ရင် သူတို့ကိုလည်း မျှော်လင့်ချက်ပေးရာရောက်၊ ကိုယ်လည်း အနှောင့်အယှက်ဖြစ်"

ဘယ်လိုမှ ပြောလို့မနိုင်တော့ပါ။ အမေဟာ နွယ်ချိုကို အတော်မျက်မုန်းကျိုးနေမှတော့ နွယ်ချိုနဲ့ ပတ်သက်ပြီး ကိုယ်က ရှေ့နေလိုက်ပေးမိလျှင် အမေရဲ့ မသင်္ကာစိတ်တွေကို နှိုးဆွပေးရာပဲ ရောက်သွားလိမ့်မည်လေ။



www.burmeseclassic.com

www.burmeseclassic.com



မောလိုက်တာတော်။

နေပူထဲ လျှောက်သွားနေကျ အကျင့်ရနေတဲ့ လူတောင် နွေနေ့လယ်ခင်းကတော့ မခံသာအောင် ရက်ရက်စက်စက် ပူနိုင်ပါပေ့။

အသက်ကလေးလည်း ထောက်လာလို့လားတော့ မသိပါဘူး။ တော်ရုံတန်ရုံ ပင်ပန်းတာလောက်ကိုတောင် မခံနိုင်ဘူး ဖြစ်နေတယ်။

ရေလည်း ဆာလာပြီ။ သားပြောတော့ လမ်းဘေးဆိုင်က ရေခဲရေတွေ မသောက်နဲ့ဆိုလို့သာ အောင့်အည်းပြီး မသောက်ဘဲ နေရတာ။





အလို ... နှာခေါင်းထဲက ခိုးလိုးခုလု၊ ယားကျိကျိနဲ့ ဘာပါလိမ့်။ ကျုပ် လက်ညှိုးနဲ့ အသာနှိုက်ကြည့်လိုက်တယ်။

အောင်မယ်လေး။ သွေးတွေတော့၊ သွေးတွေ။

လက်စသတ်တော့ ကျုပ်နှာခေါင်း သွေးလျှံတာပဲ။ ကြောက်ဖို့ကောင်းလိုက်တာ။

ကြည့်နေကျ ကိုရီးယားကားတွေထဲမှာတော့ မင်းသမီး နှာခေါင်းသွေးလျှံတာကို ပြပြီးရင် သိပ်မကြာခင်မှာ အဲဒီမင်းသမီးဟာ သွေးကင်ဆာ ဖြစ်တော့တာပဲ။ ကျုပ်ရော အဲဒီရောဂါ ရှိနေပြီလား။

နှာခေါင်းအပြင်ကို စီးကျလာတဲ့ သွေးတွေကို လက်ခုံနဲ့ ပွတ်သုတ်လိုက်တယ်။ လက်ခုံတစ်ခုလုံး သွေးတွေ ရွှဲနေအောင်ပါလာတာပဲ။

ကျုပ်လည်း သိပ်တော့ သတ္တိနည်းတဲ့ မိန်းမ မဟုတ်ပါဘူး။ ဒါပေမဲ့ ကိုယ့်ကိုယ်က (အထူးသဖြင့် နှာခေါင်းလိုမျိုး အလကားနေရင်း သွေးမထွက်သင့်တဲ့နေရာက) သွေးထွက်



www.burmeseclassic.com

www.burmeseclassic.com



တာ တွေ့ရတော့ ထိတ်လန့်ပြီး ခေါင်းမူးချင်သလိုလို ဖြစ်လာတယ်။

ခေါင်းမူးမူး၊ မျက်စိပြာပြာနဲ့ ကြည့်လိုက်တော့ အောင်မယ် ... ကံကောင်းချင်သလို ဖြစ်နေပါရောလား။

ရှေ့မှာ ရှိနေတာ မေခေတ်ရဲ့ဆိုင်။ နေ့ခင်းကြောင် တောင်ကြီးတောင်မှ တစ်ဆိုင်လုံး မီးရောင်တွေ ထိန်ထိန်ညီးအောင် ထွန်းထားလိုက်တာ။ ကျုပ်တို့ တစ်ရပ်ကွက်လုံးမှာရှိတဲ့ အိမ်တွေက မီးချောင်းတွေ အကုန်လုံး ပေါင်းပြီး ထွန်းရင်တောင် ဒီတစ်ဆိုင်စာကို မမီလောက်ဘူး ထင်တယ်။

ကျုပ်ကတော့ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဖို့ ဖြစ်လာတဲ့ အခြေအနေကိုပဲ ကျေနပ်မိတယ်။ ကျုပ်အတွက် အနားယူစရာနေရာလည်းရ၊ မေခေတ်နဲ့ တွေ့ဖို့ကလည်း ဖြစ်လာ။

ပိုပြီး ကံကောင်းချင်တော့ ကျုပ်လည်း ဒယီးဒယိုင်နဲ့ ဆိုင်ရှေ့နား ရောက်သွားရော ဆိုင်ထဲက ထွက်လာတဲ့ မေခေတ်နဲ့ တန်းတိုးရော။





"ဟယ် ... အန်တီစိန်ပါလား၊ မေ့ဆီလာတာလားဟင်"

"မဟုတ်ဘူး၊ မြို့ထဲက အသိတစ်ယောက်ဆီလာရင်း"

"ဟင် ... အန်တီစိန် နှာခေါင်းသွေးယိုနေတယ် ထင်တယ်၊ ဟုတ်ပါရဲ့ ... လာ ... လာ ... ဆိုင်ထဲဝင်"

တွေ့လား။ နှာခေါင်းသွေးနဲ့ ရင်းလိုက်တာ ကျုပ်က တောင် ခွင့်တောင်းနေစရာမလိုဘဲ သူကအရင် ဆိုင်ထဲခေါ်ရတဲ့ အခြေအနေကို ရောက်သွားပါရော။

"ချိုသီ ... သွားစမ်း၊ ရေခဲသေတ္တာထဲက ရေအေးအေး ယူပြီး ဇလုံတစ်လုံးထဲ ထည့်ခဲ့၊ နောက်ပြီး ဒီမှာ လက်ကိုင်ပဝါ၊ ရေခဲတုံးနည်းနည်းကို ထည့်ပြီး ထုတ်ခဲ့၊ အန်တီစိန် ခေါင်းကို ငုံ့မထားနဲ့၊ မော့ထား၊ ဟုတ်ပြီ၊ အဲဒီလိုနေ"

စိတ်သဘောထား ကောင်းလှတဲ့ မိန်းကလေးဟာ ကျုပ်ကို အချိန်အတော်ကြာအောင်ပဲ အရေးတယူ ပြုစုရှာပါတယ်။

"အန်တီစိန်ရယ် ... ဒီလောက် နေပူစပ်ခါး လျှောက်သွားနေမှတော့ နှာခေါင်းသွေးမလျှံဘဲ နေပါ့မလား၊ ဒီအရွယ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက် အပင်ပန်းမခံနဲ့တော့လေ၊ ကိစ္စရှိရင် သားကို နှိုင်းပေါ့”

“သားလေးက ကျောင်းတစ်ဖက်နဲ့ဆိုတော့ မနိုင်းရက်လို့ပါ၊ သိတဲ့အတိုင်းပဲ ဆေးကျောင်းဆိုတော့ စာတွေက တအားများတာ၊ စာမေးပွဲကလည်း အပတ်တိုင်းလိုရှိတာ၊ ကျောင်းပိတ်ရက်လည်း မအားရပါဘူး၊ ဆရာတွေဆီ စာသွားသင်ရ၊ သူငယ်ချင်းတွေနဲ့ စာသွားဖတ်ရ သိပ်ပင်ပန်းတာ”

ကြိုးတုံး ကျုပ်သားနဲ့ ပညာရေးဟာ ဘယ်လောက်ကြိုးကြိုးစားစား သင်ယူရတယ်ဆိုတာ မေခေတ် အထင်ကြီးအောင် ပြောထားလိုက်တယ်။

“အန်တီစိန် ခဏနားပြီးရင် မေနဲ့ လိုက်ခဲ့၊ အိမ်ပြန်ပို့ပေးမယ်”

ကျုပ် ရင်ထဲ လှိုက်ခနဲ ဝမ်းသာသွားပေမဲ့ ကောင်မလေးရှေ့တော့ ဣန္ဒြေဆောင်ပြီး ...





“ရပါတယ်ကွယ်၊ အန်တီစိန့်အိမ်က အဝေးကြီး၊ အားနာစရာ”

“မလိုပါဘူး အန်တီစိန်ရဲ့၊ မေက အန်တီစိန့်ကို ကိုယ့်အမေနဲ့ ကိုယ်ချင်းစာပြီး ကူညီချင်တာပါ၊ ဒီလောက်ကလေး ပို့ပေးရတာ မေ့အတွက် ဘာမှ အခက်အခဲမဖြစ်ဘူး၊ အန်တီစိန် ခေါင်းတွေ မူးပြီး အားနည်းနေတာ၊ ထပ်အပင်ပန်းခံလို့ ဘယ်ဖြစ်မှာလဲ၊ အိမ်ရောက်ရင်လည်း ဘာမှ လှုပ်လှုပ်ရှားရှား ထပ်လုပ်မနေနဲ့၊ တစ်ခါတည်း အနားတန်းယူတော့နော်၊ ဪ ... နေဦး ... နေဦး ... ဒီမှာ ... ဒီမှာ”

မေခေတ်က သူ့လက်ကိုင်အိတ် လှလှကလေးကို ဖွင့်ပြီး ဆေးဘူးတစ်ဘူးကို ထုတ်လိုက်ကာ ...

“ဒီမှာ မာမီ့အတွက် ဝယ်ထားတဲ့ အားဆေး၊ ယူကေက သူငယ်ချင်းဆီက မှာထားတာ၊ အန်တီစိန် ယူလိုက်”



www.burmeseclassic.com

www.burmeseclassic.com



"အို ... ဒီလောက်အဖိုးတန်ကြီးကွယ်၊ ဆေးဘူးကို ကြည့်ကတည်းက မနည်းဘူးပေးရမယ်ဆိုတာ အန်တီစိန်သိတယ်၊ မယူချင်ပါဘူး"

"ယူပါ အန်တီစိန်ရယ်၊ မာမီ့အတွက်က ရှိသေးတယ်၊ ဒါက ကြဲလို့သာ မှာထားတာ၊ အန်တီစိန်က အားနည်းနေတဲ့ပုံဆိုတော့ အားဆေး သောက်သင့်တာ၊ ယူသာယူလိုက်"

ကဲ ... ကျုပ် ဘယ်လောက် ဂဲကောင်းနေသလဲ တွေ့လား။ ပိုပြီး ဂဲကောင်းမယ်ဆိုရင်တော့ အိမ်ပြန်ရောက်တဲ့အခါ သား အိမ်ကို ရောက်နေမှာပေါ့။

❂ ❖ ❂





"အမေ ... အမေ ဘာဖြစ်လို့လဲ"

မေခေတ်ဆိုတဲ့ အမျိုးသမီး အမေ့လက်မောင်းကိုတွဲပြီး အိမ်ပေါ် တက်လာသည့် မြင်ကွင်းကြောင့် အလိမ္မာကအထိတ်တလန့် ဖြစ်သွားရလေသည်။

အမေက သန်စွမ်းကျန်းမာသည့် သူတစ်ယောက်။ပြီးတော့ သူ့ကို အားနည်းသူအဖြစ် ဖေးမကူညီခံရမှာကိုလည်းအရှမ်းကြောက်တတ်သူတစ်ယောက်။

အဲဒီလို လူမျိုးက ဘာဖြစ်လို့ အတွဲအကူခံပြီး အိမ်ပြန်ရောက်လာရတာလဲ။

"ရှင့်အမေ ပင်ပန်းအားနည်းလို့ ခေါင်းတွေ မူး၊ နှာခေါင်းသွေးလည်း လျှံနေတာနဲ့ တို့ လိုက်ပို့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ တော်တော် ဖြစ်သွားတာလားဟင်"

"အရမ်းတော့ စိုးရိမ်စရာ မရှိလောက်ဘူး ထင်ပါတယ်၊ လူကြီးဆိုတော့ နေပူထဲ သွားလာလှုပ်ရှားရတာများတော့ မခံနိုင်ဘူးပေါ့၊ ရှင်က ဆရာဝန်လောင်းဆိုတော့ ပိုသိမှာပေါ့လေ၊ အန်တီစိန့်ကို နားနားနေနေ နေပါစေဦး၊ သူ့ကိစ္စရှိရင် ကူလုပ်ပေးလိုက်ပေါ့၊ ပြီးတော့ ဆရာဝန်လေး ဘာလေး ပြပြီး ချက်ခ်အပ် လုပ်ရင်ကောင်းမယ် ထင်တယ်"

"ဟုတ်ကဲ့"

"တကယ်လို့ အကူအညီ လိုတယ်ဆိုရင် ပြောပါ၊ ရှင့်မှာလည်း ဆရာတွေတော့ ရှိမှာပေါ့၊ တကယ်လို့ ဆရာဝန်ပြဖို့ အဆင်မပြေရင်တော့ တို့ အမျိုးတွေ အသိဆရာဝန်တွေ ရှိတယ်၊ စီစဉ်ပေးလို့ရတယ်"

"ကျေးဇူးတင်ပါတယ် ခင်ဗျာ"

"ဒါဆို သွားဦးမယ်၊ ဒီတစ်နေ့တော့ အန်တီစိန့်ကို လုံးဝ အနားပေးလိုက်ပါ"





မေခေတ် မှာစရာရှိတာမှာပြီး ပြန်သွားလျှင် ဒေါ်စိန်မြိုင်က သဘောအကျကြီး ကျလျက်၊ အလိမ္မာကတော့ သူ့များအမေကိစ္စ စွက်စွက်ဖက်ဖက် ဝင်ပါရလားရယ်လို့ မခံချင် ဖြစ်လျက် ကျန်ခဲ့လေသည်။

❂ ❖ ❂



www.burmeseclassic.com

www.burmeseclassic.com



"နွယ်ချို ... နွယ်ချို"

ကိုယ့်ရှေ့တည့်တည့်ကြီးက လျှောက်လာတာ ဖြစ်သော နွယ်ချိုဟာ အလိမ္မာကို မမြင်စရာ အကြောင်းမရှိပါဘဲ လျက် လုံးဝ မတွေ့မမြင်သလို ကျော်ထွက်သွားတာမို့ အလိမ္မာက လိုက်ခေါ်ရတာပင်။

ခေါ်သံကြားလို့ လှည့်ကြည့်လာတော့လည်း နွယ်ချို မျက်နှာဟာ သာမန်သူစိမ်းတစ်ယောက်ကို တွေ့လိုက်ရသလို ထူးမခြားနား။

"နွယ်ချို ဘယ်သွားမလို့လဲ"

"လမ်းထိပ်က စတိုးဆိုင် သွားမလို့"



"မတွေ့တာတောင် ကြာပြီနော်"

"အင်း"

"ထမင်းစားပြီးပြီလား"

"အင်း"

ဘယ်လိုဖြစ်လို့ မေးတစ်ခွန်း ဖြေတစ်ခွန်း လုပ်နေတာပါလိမ့်။

အရင်ဆို နွယ်ချိုဟာ အလိမ္မာက မခေါ်လျှင်တောင် သူက အတင်းလိုက်ခေါ်ပြီး စကားတွေ ရွှန်းရွှန်းဝေအောင် ပြောနေကျ။

သူက တစ်ခွန်းမေး၊ တစ်ခွန်းဖြေလုပ်နေတော့ အလိမ္မာမှာ ဘာစကားဆက်ပြောရမှန်းတောင် မသိ။ နဂိုကတည်းကလည်း နှုတ်ရေးကြွယ်လှသူတစ်ယောက် မဟုတ်လေရကား တစ်ဖက်လူက လိုက်လိုက်လှဲလှဲ တုံ့ပြန်မှု မရှိသောအခါ ပုံမှန်မေးစရာရှိတာတွေ မေးပြီးလျှင် နောက်ထပ် ဘာဆက်ပြောရမှန်း မသိတော့။

www.burmeseclassic.com

www.burmeseclassic.com



ဘာပြောရမှန်းသာ မသိတာ။ ပြောချင်တာတွေက ဖြင့် အများကြီး။

"ငါ သွားတော့မယ်"

"အဲ ... ဟို ... ဟိုဟာလေ ..."

နွယ်ချိုက နှုတ်ဆက်တော့မှ အလိမ္မာက ယောင်ကန်းကန်းတားဆီးမိသည်။ နောက်ပြီးတော့လည်း ဘာပြောရမှန်း မသိပြန်။

"ဟိုဟာပါ၊ ဟိုနေ့ကလေ ဆရာကန်တော့ပွဲကို မလာဖြစ်လိုက်တာ အဲဒါ တောင်းပန်ချင်လို့"

"ရပါတယ်၊ နင် တောင်းပန်ရမှာက ဆရာတွေကိုပါ။ ငါနဲ့ ဘာမှမဆိုင်ဘူး၊ ငါ့အကျိုးယုတ်သွားတာမှ မဟုတ်တာ"

"ဒါပေမဲ့ နင်က အတင်းလာခေါ်ပြီး ငါက မလိုက်တော့"

"အဲဒါတွေက အရေးမကြီးပါဘူး၊ ငါက ခေါ်ချင်ခဲ့ နှင့်အတွက်က လိုက်ဖို့ အဆင်ပြေချင်မှ ပြေမှာပေါ့





အမှန်တော့ ငါပဲ မှားတာပါ၊ အခြေအနေကို မသိဘဲ အတင်းခေါ်မိတာ"

နွယ်ချိုလေးသက ပုံမှန် ဖြစ်သော်လည်း မျက်နှာလေးကတော့ တစ်ခုခုကို စိတ်နာနေသည့်ပုံ ပေါက်နေသည်။

ဟုတ်တော့လည်း ဟုတ်တာပါပဲ။ သူတို့ သားအမိရဲ့ လုပ်ရပ်ကလည်း မိန်းကလေးတစ်ယောက်ရဲ့ သိက္ခာကို စော်ကားသလို ဖြစ်နေတာ။

နွယ်ချိုကလည်း အဘက်ဘက်က ပြည့်စုံသည့် မိန်းကလေးတစ်ယောက်ပဲ။

ယောကျ်ားလေးဘက်က 'မတူမတန်' ဆိုသည့် ပုံစံမျိုးနဲ့ အသားလွှတ် စော်ကားတာကိုတော့ ဘယ်လာပြီး ခံနိုင်ပါ့မလဲ။

"အမေက ဒီလိုပဲ၊ ငါ့ဆို ဘယ်မှ သွားစေချင်တာ မဟုတ်ဘူး၊ အချိန်ရှိသမျှ ကျောင်းတက် စာကျက် ဒါပဲ လုပ်စေချင်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



နှယ်ချိုက ပြုံးသည်။ နှုတ်ခမ်းထောင့်စွန်းလေး တစ်ဖက်ကို လွန့်ခနဲနေအောင် ကွေးလိုက်သည့် ထိုအပြုံးဟာ 'နင်ဘာတွေပဲ ဖုံးကွယ်ဖုံးကွယ် ငါ အားလုံးကို သိပြီးသားပါ' ဆိုသည့် အဓိပ္ပာယ်မျိုး သက်ရောက်သည်။

"ဆရာကန်တော့ပွဲ သွားဖို့ အမေက ပြောပါသေးတယ်၊ ငါကသာ ပျင်းပျင်းရှိတာနဲ့ မလာဖြစ်တော့တာ"

"အလိမ္မာရယ်၊ နာမည်နဲ့ လိုက်အောင် သားလိမ္မာလုပ်ပြီး ကိုယ့်အမေကို ကာကွယ်မနေပါနဲ့တော့၊ နင့်အမေ ဒေါ်ဒေါ် စိန့် အကြောင်း နှယ်ချို တစ်ယောက်တည်း မဟုတ်ဘူး၊ တစ်ရပ်ကွက်လုံး သိတယ်"

"ငါ တောင်းပန်ပါတယ်ဟာ"

"တောင်းပန်စရာ မလိုပါဘူး၊ အဲဒီနေ့က ငါ ရှက်လည်း ရှက်တယ်၊ ဝမ်းလည်းနည်းတယ်၊ ခံလည်းပြင်းတယ်၊ ဒါပေမဲ့ တွေးကြည့်တော့လည်း အမေတစ်ယောက်ဟာ သူ့ သားသမီးကို ကြိုက်သလို ထိန်းသိမ်းအုပ်ချုပ်ခွင့် ရှိတာပဲ၊ ဘယ်သူကမှ ဝင်ပြီး တားဆီးပြုပြင်လို့ မရဘူး လေ"

"ဒါပေမဲ့ အမေ လွန်တယ်၊ ငါ သိပါတယ်ဟာ၊ အဲဒီနေ့က ငါ အရှိန်းစိတ်မကောင်းဖြစ်နေရတာ၊ နင့်ကိုလည်း အားနာ လိုက်တာ အလွန်ပဲ၊ ငါ လာတောင်းပန်ဖို့တော့ စဉ်းစားပါ တယ်၊ ဘယ်ကစပြောရမှန်း မသိလို့"

"တောင်းပန်စရာ မလိုပါဘူး၊ အလိမ္မာ့ကို နှယ်ချို နားလည် ပါတယ်"

နားလည်ပါတယ်ဆိုတော့မှ အလိမ္မာ စိတ်ထဲ ဝန်ထုပ် ဝန်ပိုးလို ပိုပြီး ခံစားလာရသည်။

တကယ်လို့ နှယ်ချိုက ရန်လုပ်ပြဿနာရှာသည် ဆိုလျှင်တောင် အလိမ္မာက ဒီလောက် စိတ်မကောင်းဖြစ်မိမှာ မဟုတ်။ နှယ်ချို့ဘက်က လျှော့ပေါ့ သိတတ်လွန်းသည့်အခါ အလိမ္မာ ရင်ထဲ ပိုပြီးအားနာစရာ ဖြစ်နေလေသည်။

"နင် ငါ့ကို ပြောချင်တာ ဒါပဲဆိုရင် ငါ သွားတော့မယ်"







www.burmeseclassic.com

www.burmeseclassic.com



သူ့အမေ ကျူးလွန်လိုက်သည့် အမှုအတွက် အားနာ သွားရာကနေ ကိုယ့်အပေါ် ဘာညာဘာညာ စိတ်ကလေးများ ပြောင်းလဲလာဦးမလားလို့ နွယ်ချိုက မျှော်လင့်လိုက်ပါသေးသည်။

သို့သော် အလိမ္မာ မျက်နှာမှာ အားတောင့်အားနာ ဖြစ်ခြင်း၊ တောင်းပန်လိုခြင်းကလွဲလို့ တခြား ဘာအရိပ်အယောင်မှ မထင်သောအခါ နွယ်ချိုက စိတ်လက်တပျက်နဲ့ ထွက်လာခဲ့ရတော့သည်။

◎❖◎





လူက ချမ်းစိမ့်စိမ့် ဖြစ်လာတာမို့ အင်္ကျီပေါ်ကထပ် ဝတ်လာသော အဖေ့ဂျာကင်အဟောင်းကြီးကို ရင်ဘတ်ရှေ့ ဆွဲစေ့ လိုက်ရသည်။

အင်း ...။ ဒီဘဝမှာတော့ နေမကောင်းလို့ အနား ယူရသည်ဆိုတဲ့ အခွင့်အရေးမျိုး ရမှာ မဟုတ်တော့ဘူး ထင်ပါရဲ့။

ဒါတောင် ဆီးထုပ် ထုပ်ဖို့ မသွားတော့ပေလို့။ မနက်စောစော ပန်းခြံကို သွားပြီး ပန်းရူး၊ ပန်းသီ၊ ပန်းပို့စရာ ရှိတာပို့ပေး။ အိမ်ကို ပြန်ရောက်တော့ နားမလား ကြံပါတယ်၊ မိထွေးတော်က တစ်ရက်တလေ အိမ်မှာရှိတုန်း အိမ်အလုပ်လုပ် တဲ့။



www.burmeseclassic.com

www.burmeseclassic.com



အရင်နေ့တွေက အိမ်မှာ မရှိရတာဟာ အပျော်အပါး သွားနေတာကြောင့်ကျလို့။ တစ်နေကုန် အပြင်ထွက်ပြီး အလုပ်လုပ် ပိုက်ဆံရှာကာ မောပန်းနေရသူကိုများ တစ်ရက်ရလောက်ကလေး နေမကောင်းလို့ အနားယူချင်တာကို အိမ်အလုပ် လုပ်ရဦးမည်တဲ့။

ထားပါ။ ခင်ချမ်းသာကလည်း အလုပ်နဲ့လက်နဲ့ မပြတ်ရမှ ကျန်းမာတတ်သူမို့ အပြင်ထွက်စရာမလိုဘဲ အိမ်အလုပ် လုပ်နေရတာကို ဘယ်လိုမှ သဘောမထားပါ။

ခင်ချမ်းသာအတွက် အထိခိုက်ဆုံးသော ကိစ္စကတော့ ဒေါ်စိန်မြိုင်ကြီး အိမ်ကို သွားရတာပါပဲ။

ဒီတစ်ခါက အကြွေးထပ်တောင်းဖို့လည်း မဟုတ်၊ အတိုးမပေးနိုင်သေးတာကို ခွင့်တောင်းဖို့လည်း မဟုတ်။ အဲဒီ နှစ်ခုစလုံး မဟုတ်လို့ တော်လှပြီရယ်လို့တော့ မထင်လိုက်ပါနဲ့။ ဒေါ်စိန်မြိုင်ကြီးဆီမှာ အပေါင်ပစ္စည်းအဖြစ် အပ်ထားသော ချိတ်ထဘီကို မင်္ဂလာဆောင်မှာ ဝတ်ဖို့ ခဏပြန်ယူချင်သည်လို့ လာပြောရမှာ။





မင်္ဂလာဆောင် သွားမှာက သူ၊ ချိတ်ထဘီ ဝတ်ပြီး လှလှပပ ပြင်ဆင်မှာက သူဖြစ်ပါလျက် မျက်နှာအငယ်ခံ၊ အဆူ အပြောခံပြီး ပစ္စည်းပြန်တောင်းရမည့်သူကျတော့ ခင်ချမ်းသာ ဖြစ်နေတာကတော့ မိထွေးတော်ရဲ့ မတရားမှုပဲဖြစ်သည်။

နဂိုကတည်းက ဖျားနေရသည့် ကြားထဲ စိတ်ညစ်ဖွယ် ကိစ္စကို လုပ်ရဦးမှာဆိုတော့ ဘယ်လောက်တောင် စိတ်နှလုံး သွီးချုံးဖွယ်ကောင်းနေသလဲလို့။

ဒီတစ်ခါလည်း ဒေါ်ဒေါ်စိန့်ကို မတွေ့ဘဲ ဟိုဆရာဝန်လောင်းကိုပဲ တွေ့ရလျှင် ကောင်းမည်။ သူ့ကို အတင်းတောင်းပန်ပြီး ကိုယ်လိုချင်သည့် ပစ္စည်းကို တောင်းယူခဲ့။

ကျန်သည့် ပြဿနာကတော့ သူ့အမေနဲ့ သူ့သားပဲ ရှင်းကြ။

ကံကောင်းထောက်မစွာပဲ အခြေအနေက ခင်ချမ်းသာ မျှော်လင့်ထားသလို ဖြစ်လာခဲ့လေသည်။

"ကိုအလိမ္မာ ... ရှင် တစ်ယောက်တည်းလား"



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခေါက်တော့ ခြံထဲမှာ ခုံတစ်လုံးချပြီး စာထိုင်ကျက်လျက်သား အနေအထားနှင့် အလိမ္မာကို တွေ့ရတာဖြစ်သည်။

"အမေ အပြင်ခဏသွားတယ်၊ ဒီတစ်ခါတော့ ထိုင်စောင့်ချင်စောင့်၊ သိပ်ကြာမှာ မဟုတ်ဘူး"

အလိုလေး။ သိပ်မကြာဘူးတဲ့။ ဒါဆိုရင် လုပ်စရာရှိတာတွေ မြန်မြန်လုပ်ထားမှဖြစ်မည်။ တော်ကြာ ဒေါ်စိန်မြိုင်ကြီးပြန်ရောက်လာလို့ အစီအစဉ်တွေ အကုန်ပျက်ကုန်ဦးမည်။

"ကျွန်မက ဒေါ်ဒေါ်စိန်နဲ့ တွေ့ဖို့လာတာ မဟုတ်ပါဘူး။ ပစ္စည်းလေးတစ်ခုလောက် လိုချင်လို့ပါ"

"အင်းလေ … ဘာပဲဖြစ်ဖြစ် အမေမှပဲ သိမှာဆိုတော့ ခဏစောင့်ဦးပေါ့"

"စောင့်လို့မရဘူး၊ အရေးတကြီးလိုနေလို့ပါ၊ ဟိုဒင်းလေ ရှာရလည်း သိပ်ခက်မယ်တော့ မထင်ပါဘူး၊ ကိုအလိမ္မာပဲ ရှာပေးလိုက်ပါလားဟင်"





ရယ်စရာကောင်းသား။

ခင်ချမ်းသာဟာ ဘယ်လောက်ပဲ ဆင်းရဲဆင်းရဲ သေသံကိုတော့ ဘယ်တုန်းကမှ လျှော့ခဲ့တာမဟုတ်။ အထူးသဖြင့် သူစိမ်းယောကျ်ားတစ်ယောက်ကို တောင်းပန်တိုးလျှိုးသော လေသံမျိုးနဲ့ စကားပြောဖို့ကား ဝေးစွ။

ဒီတစ်ခါတော့ မိထွေးတော် ကောင်းမှုနဲ့ လူ့အောက်ကျို့ မျက်နှာငယ်နေရသော ဘဝကို ရောက်ရပြီ။

အလိမ္မာကလည်း ခင်ချမ်းသာရဲ့ မျက်နှာငယ်လေးကို ကြည့်ပြီး သနားသွားကာ …

"ဒါဆိုလည်း ပြောလေ၊ ဘာပစ္စည်းများလဲ"

"လုံချည်တစ်ထည်ပါ"

"လုံချည် … အား … ဒါဆိုရင်တော့"

"ဘာလဲ … လုံချည်မို့ မကိုင်ချင်လို့လား ဒါဆိုရင် စောင့်ပေးနေလေ၊ ကျွန်မ ကိုယ်တိုင်ပဲ ဝင်ရွေးလိုက်မယ်"

"ဖြစ်ပါ့မလား၊ အမေ သိရင် ဆူမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုချည် ပါမသွားရင်လည်း ကျွန်မ မိထွေးက ဆူမှာရှင့် ရှင် စဉ်းစားကြည့်ပေါ့၊ ရှင့်ကို ဆူမှာက ရှင့်အမေအရင် ကျွန်မကို ဆူမှာက မိထွေး၊ ဘယ်သူက ပိုပြီး နစ်နာမလဲ ဆိုဘာ"

အလိမ္မာ မျက်နှာမှာ တွေဝေသည့် အရိပ်အယောင် ပေါ်လာသည်။

"ဟုတ်တော့လည်း ဟုတ်တာပဲ၊ ဒါဆိုလည်း ဒီလို လုပ်လေ အမေ့မှာ အပေါင်ခံထားတဲ့ အဝတ်အစားတွေ သိမ်းတဲ့စီရီ ရှိတယ်၊ ကျွန်တော် သော့ဖွင့်ပေးမယ်၊ ခင်ဗျား ရွေးယူပေါ့ သေသေသပ်သပ်ကလေးတော့ ရွေးနော်၊ အမေက သူ့ပစ္စည်း ပြန်လည်းယူသွားသေး၊ ဖွလည်း ဖွသွားသေးဆိုရင် ပိုပြီး စိတ်ဆိုးမှာစိုးရတယ်"

ပစ္စည်း အပေါင်ခံ၊ ငွေတိုးချေးစားသည့် အမေ့ရဲ့ အလုပ်နဲ့ ပတ်သက်ပြီး အလိမ္မာက (ရှက်သလိုလိုလည်း ရှိတာ ကြောင့်) မပတ်မသက် ကင်းကင်းရှင်းရှင်း နေခဲ့တာ။





အမေဟာ လိုအပ်တာထက် ပိုပြီး အမြတ်ကြီးစားတာ၊ မတန်မရာ ဈေးနှိမ်တာ၊ လူမှုရေး ထောက်ထားငဲ့ညှာမှု မရှိဘဲ ကိုယ် ရစရာရှိတာကို ဖွတ်တောင်းယူတတ်တာတွေကြောင့် ရပ်ကွက်ထဲမှာ နာမည်ဆိုးရှိနေတာကိုတော့ အလိမ္မာက သိပါသည်။

အလိမ္မာကတော့ ဘယ်သူ့အပေါ်မှလဲ သိန်းမနေ၊ ကိုယ်နဲ့ သိကျွမ်းသူတွေအတွက်လည်း ကူပြောပေးတာတို့ ဘာတို့ မလုပ်ဘဲ ကိုယ်နဲ့ ဘာမှ မဆိုင်သလို နေခဲ့တာ။ အမေ့ဆီက အကြွေးယူသူတွေထဲမှာ အလိမ္မာ ကူညီမိသူဆိုလို့ ခင်ချမ်းသာ တစ်ယောက်တည်းရှိသည်။

"တွေ့ပြီ၊ ဒီမှာ မီးခိုးနဲ့ ပန်းရောင်ကျား ဖဲင်းမယ်၊ ဒါ ကျွန်မ မိထွေးရဲ့ တစ်ထည်တည်းသော အကောင်းဆုံး ဝတ်စုံလေ"

ခင်ချမ်းသာက အကောင်းဆုံးဆိုသည့်တိုင် လုံချည်သာ အနည်းငယ် နွမ်းချင်နေပြီး ကြေလည်းကြေမွလို့။



www.burmeseclassic.com

www.burmeseclassic.com



အမေဟာ ဒီလို အဝတ်အစားမျိုးကိုတောင် အပေါင်ခံ ပစ္စည်းအဖြစ် ယူသေးသတဲ့လား။ စိတ်ပျက်ဖွယ်ပင်။

“ကျွန်မ အခု ယူသွားမယ်နော်၊ တကယ်လို့ ရှင့်အမေသာ မသိဘူးဆိုရင် သန်ဘက်ခါကျ ကျွန်မ ပြန်လာပေးမယ်၊ အသာလေး ပြန်ထားလိုက်ပေါ့နော်”

“အင်းပေါ့ဗျာ၊ ခင်ဗျားနဲ့ ပူးပေါင်းလိုက်မိမှတော့လည်း ကိုယ့်အမေကိုယ် ပြန်ပြီး သစ္စာဖောက်ရတော့မှာပေါ့”

ခင်ချမ်းသာက ခပ်သဲ့သဲ့လေး ပြုံးသည်။

အောင်မယ်။ ပိန်ညှော်ညှော်၊ ညစ်ထေးထေး ကောင်မလေးက ပြုံးလိုက်တော့လည်း အလှသားပါလား။

အသေအချာ ကြည့်တော့မှ ခင်ချမ်းသာဟာ နဂိုရုပ် ကလေးတော့ ချောပေသား။ သူမသာ အစားကောင်းစား၊ အရိပ် ထဲမှာ သက်သောက်သက်သာနေ၊ အဝတ်အစားကောင်းတွေ ဝတ်ပြီး လှလှပပ ပြင်ဆင်ခွင့်ရမည်ဆိုလျှင် လက်ရှိ ရုပ်ရှင်မင်းသမီး လောက်တော့ လှမှာပင်။





ခများလေး ဘဝက မပြည့်စုံတော့ လောကဓံကို ခံနေရရှာတာ။

“ဒါနဲ့ ခင်ဗျား ဝတ်ထားတဲ့ ဂျာကင်ကြီးကလည်းဗျာ တစ်ဆိတ် မကြီးလွန်းဘူးလား”

“အဲဒါ အဖေ့ဂျာကင်လေ၊ ကျွန်မမှာ ဝတ်စရာ ကိုယ်ပိုင် အနွေးထည်မှ မရှိတာ”

“မရှိလည်း မဝတ်နဲ့ပေါ့ဗျာ၊ လူက ပိန်ပိန်နဲ့ဆိုတော့ ဂျာကင် တအားပွတာကြီးက သိသာပြီး အကြည့်ရဆိုး လိုက်တာ၊ ရာသီဥတုကလည်း သိပ်အေးသေးတာဖြင့် မဟုတ်ဘဲနဲ့၊ ခင်ဗျားက ချမ်းတတ်လို့လား”

“နေမကောင်းလို့ရှင့်”

ခပ်ဆတ်ဆတ် ပြန်ဖြေသံကြားတော့မှ အလိမ္မာက ခင်ချမ်းသာကို သေသေချာချာ ကြည့်မိသည်။

ဟုတ်ရှာသားပဲ။ သူမ မျက်နှာလေးက နွမ်းလျနေ တာ မျက်လုံးလေးတွေ၊ နှာခေါင်းထိပ်ဖျားလေးတွေ နီရဲနေသည်ကို ကြည့်ရတာ တော်တော်လေး နေထိုင်မကောင်းသည့်ပုံ။



www.burmeseclassic.com

www.burmeseclassic.com



"နေမကောင်းလည်း ဆေးလေးဘာလေး သောက်ပြီး အိမ်မှာ နားနေပါလားဗျာ"

"ဪ … ရှင့်နှယ်၊ ပြောတတ်ပလေ၊ ဆေးဝယ်သောက် ဖို့က ပိုက်ဆံရှိဦးမှ၊ အိမ်မှာ နားဖို့ကလည်း မိထွေးက မခိုင်းပါမှ"

သနားစရာလေးပါလား။

ခင်ချမ်းသာရဲ့ မျက်နှာဟာ အကြောတင်းတင်းနဲ့ ဂျစ်ကန်ကန် ပေကတ်ကတ်နိုင်သည့် ပုံစံမျိုးမို့ ရုတ်တရက်တော့ အမြင်ကတ်စရာကောင်းသလိုလို ထင်ရသည်။ အခုလို အတွင်း ကျကျ သိရတော့မှ သူမရဲ့ ဘဝလေးဟာ သနားစရာပါလားလို့ တွေးမိတော့တာ။

"ဖျားရုံသက်သက်ဆိုရင် အိမ်မှာ ဘိုင်အိုဂျက်ဆစ်တွေ ရှိတယ်၊ နည်းနည်းယူသွားပါလား၊ ကိုယ်ပူတာ၊ ခေါင်းကိုက်တာအတွက် ကောင်းတယ်"

"ကျွန်မက ဆေးလည်း သိပ်မသောက်ဖူးဘူး၊ တည့်ပါ့ မလား"





"ဒီဆေးက လူနဲ့မတည့်စရာ ဘာမှ မပါဘူး၊ သောက်သာ သောက်"

"ကျေးဇူးပဲ၊ ဒါဆို ကျွန်မ သွားတော့မယ် … အဲ …"

ကံဆိုးလေစွာတကား။

အလိမ္မာ ပေးသည့်ဆေးကို ယူပြီး အိမ်ပေါက ဦ့အပြင် 'မကြာခင် ပြန်လာမည်' ဆိုသော ဒေါ်စိန်မြိုင်ကြီး ရောက်ချလာပါရောလား။

ခင်ချမ်းသာကို တွေ့တာနဲ့ ဒေါ်စိန်မြိုင်ကြီး မျက်စိ နှာ ပျက်ကျသွားလိုက်တာများ။

"ခင်ချမ်း ‹ ဒီကို ဘာလာလုပ်တာလဲ၊ အတိုးလာပေးတာ လား၊ ကြွေးလာဆပ်တာလား၊ အပေါင်ပစ္စည်း ပြန်လာရွေး တာလား"

မဖြစ်ဘူး … မဖြစ်ဘူး။ ကိုယ် ရောက်လာရသည့် ကြောင်းရင်းကို အသိပေးလို့မဖြစ်။ သူ့ဆီ ပေးထားပြီးသား ခေါင်ပစ္စည်းကို ပြန်လာယူမှန်းသာ သိလျှင် ဝက်ဝက်ကွဲ နာတက်ကုန်တော့မှာ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိန်မြိုင်ကြီး ရှာမည့် ပြဿနာတစ်ခုတည်းတင် မကသေး။

သူ လိုချင်သည့် ပစ္စည်း ပါမလာလျှင် မိထွေးတော် ကလည်း ပြဿနာရှာဦးမည်။ ဒေါ်စိန်မြိုင်ကြီးကို လွတ်အောင် ရှောင်ပြေးလို့ရသည့်တိုင် တစ်အိမ်တည်းနေသော မိထွေးတော်ကို တော့ ဘယ်လိုမှ လွတ်အောင်ရှောင်နိုင်မှာ မဟုတ်။

ဒီတော့ လွတ်ရာလွတ်ကြောင်း ...

"ကျွန်မ နေမကောင်းလို့ ကိုအလိမ္မာဆီမှာ ဆေးသွား တောင်းတာပါ"

"အလို ... ညည်း နေမကောင်းရင် ဆရာဝန် သွားပြပါလား ငါ့သားနဲ့ ဘာဆိုင်လို့လဲ၊ တကတဲတော် ပတ်ပတ်သက်သက် ငါ့သားဆီကိုများ လာပြီး"

"ဒေါ်ဒေါ်စိန့်သားက ဆေးကျောင်းသား၊ ဆရာဝန်လောင်း ဆို၊ နေ့တိုင်း စာတွေ ကြိုးစားသင်၊ ကြိုးစားကျက်နေ တာ သာမန်အဖျားလောက်တော့ ကုနိုင်ပြီပေါ့"



ဒေါ်စိန်မြိုင် ခဏတော့ ကြောင်သွားသည်။ သူ့သား ကို ကြီးကြီးကျယ်ကျယ်တွေ ကြွားထားတာဆိုတော့ ရောဂါအသေး အမွှားလေးလောက်ကို မကုတတ်ဘူး ပြောရမှာလည်းအခက်။ ကုတတ်ပါတယ်ဆိုလျှင် ဆက်ကုနေရမှာကိုလည်းစိုး။

"ညည်းတို့ကိုက ရှုပ်ကိုရှုပ်ပါတယ်၊ ရှိစုမဲ့စု ရောဂါတွေ ရှာဖွေလာပြီး ကျုပ်သားနားကပ်ရဖို့၊ အမြဲတမ်း ကြိုးစား နေကြတာ၊ ကိုယ်က မိန်းကလေးပဲအေ၊ ဣန္ဒြေရရ တည်တည်တံ့တံ့နေပေါ့"

"ရှင်"

အပြောပက်စက်လှချည်။ ဒေါ်စိန်မြိုင်ဟာ သူ့သား ကို အထင်တွေကြီးပြီး၊ ဂုဏ်မောက်နေတာတော့ ထားပါ။ ဒါပေမဲ့ သူများ သားသမီးကိုတော့ ဒီလောက် နာကျင်ထိရှအောင် မပြောသင့်ဘူးထင်သည်။

ခင်ချမ်းသာက ဒေါ်သထွက်လွန်းလို့ တဆတ်ဆတ် ပင် တုန်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်လို့သာ အခုလို ပြောလိုက်သူဟာ ဒေါ်စိန်မြိုင် မဟုတ်ဘူးဆိုလျှင် ခင်ချမ်းသာက အကြီးအကျယ် တုံ့ပြန်မိမှာ။ အခုတော့ သူမတို့ တစ်အိမ်သားလုံးရဲ့ အားကိုးမှီခိုရာကြီး ဖြစ်နေတော့ ဘယ်လိုမှ မတတ်သာ။

"ကဲ ... ကဲ ... သွားတော့ ... သွားတော့၊ နောက်ဆို ကျုပ်အိမ်ကို အသွားအလာ ဆင်ခြင်ပါအေ၊ ယောကျ်ားပျိုလေး တစ်ယောက်တည်းရှိတဲ့အချိန် ရောက်လာမိရင် ကျုပ်သားလည်း သိက္ခာကျ၊ ညည်းလည်း နာမည်ပျက်တာပေါ့"

ခင်ချမ်းသာက ဒေါ်စိန်မြိုင်ကြီးရဲ့ မျက်နှာကို လက်ထဲက အထုပ်နဲ့ ပစ်မပေါက်မိအောင် မနည်းပဲ ထိန်းချုပ်လိုက်ရလေသည်။





"အန်တီစိန်ရေ"

နားထဲ အကြားဆန်းနေသော ခေါ်သံမို့ ပထမတော့ ...လိမ္မာက အမေ့ကို ခေါ်သည်ပင် မထင်မိ။

ဒီကလူတွေအားလုံးက အမေ့ကို ဒေါ်ဒေါ်စိန်လို့ပဲ ...ကြတာ။ ဒေါ်ဒေါ်စိန်ဆိုသည့် အသံကို ကြားမှပဲ အမေ့ကို ...တာလို့ ထင်သည်။ အန်တီစိန်ဆိုတော့ ကိုယ့်အမေနာမည်ပဲ ...တ်သလို။

"အန်တီစိန် ... အန်တီစိန် ရှိလား"

နောက်ထပ်နှစ်ခွန်းဆက်တိုက် ခေါ်သံက ကိုယ့်အိမ် ...းပေါက်လောက်အထိ နီးနီးကပ်ကပ် ရောက်လာတော့မှ ...မ္မာလည်း သတိရကာ ...

www.burmeseclassic.com

www.burmeseclassic.com



"လာပြီ ... လာပြီ"

အိမ်ရှေ့ရောက်တော့ အလွန်ဆရာလုပ်ချင်သည့် သူဌေးမကို တွေ့လိုက်ရသည်။

"ဩော် ... ခင်ဗျားကို ဘာကိစ္စရှိလို့လဲခင်ဗျ"

ကိုယ့်ကို မြင်လိုက်တာနဲ့ မျက်နှာပျက်သွားချင်သော ကောင်လေးကို မေခေတ်က ရယ်ချင်နေသည်။

ကောင်လေးက ချောတော့ အချောသား။ သူ့အသိုင်းအဝိုင်း၊ သူ့ဘဝပေးနဲ့မို့ ခပ်နုပ်နုပ်ကလေးသာ ဖြစ်နေတာ။ တကယ်လို့ သူ့ကို ကောင်းကောင်း ပျိုးထောင်၊ ဝတ်စားပြင်ဆင်ပေးလိုက်မည်ဆိုလျှင် လူတိုင်း သတိမထားမိဘဲ မနေနိုင်လောက်အောင် ထင်ရှားတောက်ပလို့သွားမှာ။

မေခေတ် မျက်စိထဲမှာ သူမ အသစ်ဖွင့်မည့် ဆိုင်အတွက် အဝတ်အစားသစ်တွေ မှာထားသည့်အထဲ ရောနှောပါလာသော ယောကျ်ားလေးဝတ်စုံတစ်စုံကို ဖျတ်ခနဲ မြင်ယောင်လိုက်သည်။





ကိုယ့်ဆိုင်က အမျိုးသမီးဝတ် သီးသန့်ရောင်းတာဆိုတော့ မှာတုန်းက အမျိုးသမီးဝတ်စုံတွေပဲ မှာတာ။

ဟိုဘက် အဝတ်အစားကုမ္ပဏီကလည်း မှာသည့် အရေအတွက်များလွန်းတာမို့ မေတ္တာလက်ဆောင်ပေးချင်သည့် သဘောရယ်။

နောင်အခါ အမျိုးသားအဝတ်အစားဆိုင်များ တိုးချဲ့ဖွင့်လျှင်လည်း မှာနိုင်အောင် သူတို့ဆီက အမျိုးသားဝတ်စုံကို ကြော်ငြာချင်သည့် သဘောရယ်နဲ့ ယောကျ်ားဝတ် အဝတ်အစား သုံးစုံ ထည့်ပေးလိုက်သည်။

နှစ်စုံကတော့ ပေးစရာလူ ရှိပြီးပြီ။ ကျန်သည့် တစ်စုံကျတော့ လူငယ်နည်းနည်းဆန်နေတာရယ်၊ အရွယ်အစားလေးလည်း သေးနေတာရယ်ကြောင့် ယူမည့်သူ မရှိဘဲ မေခေတ်ထံမှာ ကျန်နေတာ။

ကိုယ့်အတွက် အသုံးမတည့်မည့်အတူတူတော့ သုံးလို့ရသည့် သူကို ပေးလိုက်တာ ကောင်းတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ချိုင့်လာပေးတာပါ"

"ခင်ဗျာ ... ဘာလို့လဲ"

"ဟိုတစ်နေ့က အန်တီစိန် ဆိုင်ကို ရောက်လာပြီး အုန်းနို့ခေါက်ဆွဲတွေ လာပေးသွားတာလေ၊ ကျွန်မနဲ့ မတွေ့တော့ ဘယ်သူကမှလဲ ချိုင့်လှယ်မပေးဘဲ ယူထားလိုက်တာ အဲဒါ ပြန်လာပေးတာ"

ဩော် ... အမေဟာ ဒါကြောင့် သူမနဲ့လည်း မတည့်၊ အလိမ္မာလည်း မကြိုက်သော အုန်းနို့ခေါက်ဆွဲတွေကို ချွေးတလုံးလုံးနဲ့ ချက်ပြုတ်နေပေတာကိုး။

"အန်တီစိန်က အုန်းနို့ခေါက်ဆွဲ အရမ်းကြိုက်တာလား"

"ကြိုက်တယ် ... ဒါပေမဲ့ ..."

မတည့်လို့ မစားရတာ ကြာပြီလို့ ပြောဖို့ ကြံပြီးတော့မှ အဲဒီလို ပြောလိုက်လျှင် ရှေ့က အမေက ဘာတွေ ပြောထားမှန်း မသိတာမို့ တစ်လွဲတွေ ဖြစ်ကုန်မှာစိုးကာ ဆက်မပြောဖြစ်တော့။





"ရှင်ကလည်းနော် ကိုယ်တိုင်က ဆရာဝန်လောင်း ဖြစ်နေပြီး ဒီလောက်ကလေးတောင် မသိဘူးလား၊ ဒီအသက်အရွယ် လူကြီးတစ်ယောက်ဟာ အုန်းနို့ခေါက်ဆွဲလို အစားမျိုး စားဖို့ မသင့်တော့ဘူး"

အလိမ္မာက ဘာမှ မပြော။ အဲဒီနေ့က အမေ ချက်သည့် အုန်းနို့ခေါက်ဆွဲဟာ အလိမ္မာ စားဖို့လည်း မဟုတ်၊ အမေ ကိုယ်တိုင်လည်း မစားဘဲ သူမတို့ကို ပေးဖို့သက်သက်ပဲ ဆိုတာ ပြောပြဖို့မှ မဖြစ်နိုင်ဘဲ။

"ပြီးတော့ ကျွန်မတို့ဆီလည်း တကူးတက လာမပို့ပါစေနဲ့ရှင်၊ စားလို့ကောင်းတာတော့ ကောင်းပါတယ်၊ ဒါပေမဲ့ လူကြီးတစ်ယောက်က နေပူစပ်ခါး လိုင်းကားနဲ့ ချိုင့်ကြီးဆွဲပြီး လာပို့ရတာ မကောင်းလွန်းလို့"

"ကျွန်တော် သိရင် တားပါတယ်၊ ဒါမှမဟုတ် ကျွန်တော်ပဲ ပို့လိုက်ပါတယ်၊ ခုဟာက မသိလိုက်လို့"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ဒီမှာ အန်တီစိန့်အတွက် ပါတိတ်၊ သိပ်အကောင်း စားကြီးတော့ မဟုတ်ပါဘူး၊ ထသွားလာသွားလေး ဝတ်ရ အောင်ပါ"

အလိမ္မာက ယူထားရကောင်းနိုး ငြင်းလွှတ်ရကောင်းနိုး စဉ်းစားဆဲ မေခေတ်က အထုပ်ကို စားပွဲပေါ် ချထားခဲ့ကာ ...

"အန်တီစိန့် လာရင် ပြောလိုက်ပါ၊ မေ လာသွားတယ်လို့၊ အန်တီစိန့် အုန်းနို့ခေါက်ဆွဲ စားကောင်းလို့ မနက်စာ ထမင်း လွှတ်စားပစ်လိုက်တယ်လို့၊ အဲ ... နောက်ပြီး အုန်းနို့ခေါက်ဆွဲ မစားသင့်တဲ့အကြောင်းကတော့ ရှင့် ဘာသာပဲ ပြောနော်၊ ကိုယ့်အမေက သန်သန်စွမ်းစွမ်း ကျန်းကျန်းမာမာဆိုပေမဲ့ အစစ သတိထားနေနိုင်မှ"

ခင်ဗျားပဲ ကျွန်တော့်အမေကို ခေါ်ပြီး စောင့်ရှောက် လိုက်ပါတော့လားဗျာ။

အလိမ္မာက စိတ်ထဲက ပြောနေမိပေမဲ့ မျက်နှာကို တော့ မပျက်အောင် ထိန်းရသည်။





အမေဟာ ဒီမိန်းမကို သူနဲ့ အောင်သွယ်ချင်နေပုံပဲ။ ... အကယ်လို့ အမေ့အစီအစဉ်များ အောင်မြင်သွားလို့ကတော့ ... အစ်သက်လုံး သူမ ဩဇာခံပေတော့ပဲ။

✿ ◆ ✿



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာသား … ဝတ်ကြည့်စမ်း"

ကျောင်းက ပြန်ရောက်ရောက်ချင်း မှီရသလို မထိန်းနိုင် မသိမ်းနိုင် ဝမ်းသာအားရ ဖြစ်နေသည့် မျက်နှာနဲ့ အမေ့ကို တွေ့ရလို့ တစ်ခုခုတော့ တစ်ခုခုပဲ ဆိုပြီး သင်္ကာမကင်း ဖြစ်နေတာ။

သိပ်တောင် မကြာလိုက်။ အမေက ဒီနိုင်းလှလှ အသားကောင်းကောင်းနှင့် တန်ဖိုး အတော်ကြီးမည့် ဝတ်စုံတစ်စုံကို ယူလာပြီး မအောင့်နိုင်တော့ပုံနှင့် အတင်းဝတ်ခိုင်းတော့တာပါပဲ။

"ဒါက ဘာတွေလည်း အမေရဲ့ အပေါင်ဆုံး ပစ္စည်းတွေလား"



"မဟုတ်တာကွယ်၊ ဒါတွေက အသစ်စက်စက်တွေဥစ္စာ၊ ပြီးတော့ ဒီရပ်ကွက်ထဲမှာ ဒီလောက်အကောင်းစားတွေ လာပေါင်နိုင်မဲ့သူ ဘယ်သူများ ရှိလို့လဲ"

"မသိဘူးလေ၊ သူများက ခိုးဖုက်လာပြီး အမေဆီ လာပေါင်တာကို မသိဘဲနဲ့ လက်ခံမိတာမျိုးလည်း ဖြစ်ချင်ဖြစ်နေနိုင်တာပဲ"

"အောင်မယ်၊ ငါ့ကိုများ သူခိုးလက်ခံလို့ ထင်နေသေးတယ်၊ မိစိန်မြိုင်တို့ ဒီလောက်တော့ မအ,ဘူးပေါ့"

အမေက ဒီလောက် ပြောလိုက်လျှင်ပဲ ရှုးရှုးရှားရှား ဒါသတွေ ထွက်လာပြီမို့ အလိမ္မာက အသာငြိမ်နေလိုက်ရသည်။

"ကဲပါ … ဝတ်မှာသာဝတ်ကြည့်စမ်းပါ၊ ဒါတွေက သား အတွက်တဲ့"

စကားအဆုံးမှာ 'တဲ့'ပါနေတာကို ကြည့်ခြင်းအားဖြင့် ဒါတွေဟာ အမေကိုယ်တိုင် ဝယ်ပေးတာတော့ မဖြစ်နိုင်။ ဆစ်ယောက်ယောက်ဆီက ရလာတာပဲ ဖြစ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေ ဘယ်သူ ပေးတာလဲ အမေ"

"စကားရှည်လိုက်တာ သားရယ်၊ အမေက ဝတ်ဆို ဝတ်လိုက်ပြီးပြီပေါ့"

အမေ့ လေသံက မာလာသည်။ မျက်နှာထားက တင်းလာသည်။ ဒီလောက်ဆိုလျှင်ပဲ အမေ့ဩဇာကို ထာဝရ နာခံလာခဲ့ရသော အလီမ္မာအတွက် လုံလောက်ပြီ။

ပခုံးတစ်ဖက်တစ်ချက်စီမှာ အိတ်အသေးလေးတစ်လုံးစီပါသော လည်ပင်းအတိ တီရှပ်အဖြူလက်ရှည်နဲ့ ချောကလက်ရောင်ဖျော့ဖျော့ ဘောင်းဘီတို့ဟာ အလီမ္မာ ကိုယ်ပေါ်မှာ အတိအကျနဲ့ ပုံကျကြည့်ကောင်းနေလေသည်။

"အင်း ... ထင်တော့ထင်သား၊ ဒီအဝတ်အစားတွေ မြင်ကတည်းက ငါ့သားလေးနဲ့ တအားလိုက်မှာပဲလို့၊ ကြည့်စမ်း ထင်ထားတာထက်တောင် သားနားနေသေးတယ်"

ပြောရင်း ဒေါ်စိန်မြိုင်က မျက်ရည်တွေ ဝဲတက်လာသည်။





"သားရယ် ... အမေက သားကို ပုဆိုးနဲ့ ရှပ်အင်္ကျီအပေါ်စားလေးတွေပဲ ဆင်နိုင်လို့ ငါ့သားလေး နဂိုရုပ်ရှိသလောက် မတောက်မပြောင် ဖြစ်နေရတာ၊ အခုလို အကောင်းစားတွေများ ဆင်လိုက်ရရင် ဘာပြောကောင်းမလဲ၊ ဖိတ်ဖိတ်ကို တောက်သွားမှာ"

"ဘာဖြစ်သေးလဲ အမေရာ၊ ဒီအဝတ်အစားတွေက လေးတယ်ဗျ၊ ပြီးတော့ အခုလို မိုးတွင်းမဟုတ်ပဲ နွေခေါင်ခေါင်ဆို တအားအိုက်မှာ၊ ရှပ်အင်္ကျီနဲ့ ပုဆိုးက လွတ်လွတ်လပ်လပ် အေးအေးချမ်းချမ်း ရှိတယ်"

ဒါဟာ အလီမ္မာက အမေ့ကို စိတ်ချမ်းသာအောင် ကြံဖန်ပြောလိုက်တာ မဟုတ်ပါ။ သူကိုယ်တိုင်က ဘောင်းဘီထက်စာလျှင် ပုဆိုးကို ပိုပြီး သဘောကျတတ်တာပါ။

"ဘာပဲဖြစ်ဖြစ် ဒါကိုတော့ ဝတ်ပေါ့ သားရယ်၊ ငါ့သားနဲ့က တအားလိုက်တာ၊ ပေးတဲ့သူလည်း ကျေနပ်တာပေါ့"

"ပေးတဲ့သူဆိုတာ ဘယ်သူလဲ အမေ"



www.burmeseclassic.com

www.burmeseclassic.com



"မေခေတ်လေ သားရယ်၊ ကလေးမလေးက သိပ်သဘော ထားကောင်းတာပဲ၊ အမေ့အတွက်ဆိုလည်း အားဆေးတွေ ပေး၊ အဝတ်အစားတွေပေး၊ အစားကောင်းတွေကျွေး ကြည့်ရတာ ကောင်မလေးတော့ အမေ့သားကို ..."

"ဟာ ... ဟာဗျာ ... အမေကလည်း ... မထင်ကောင်း တာ၊ မိန်းကလေးတစ်ယောက်ကို အဲဒီလိုကြီးတော့ မသေချာ ဘဲ မစွပ်စွဲသင့်ပါဘူး"

"ဟဲ့ ... အမေလည်း ငယ်ရာက ကြီးလာတာပါပဲ ဘယ်သူကများ အကြောင်းမဲ့ ဒီလောက်ကောင်းမှာလဲ အမေ့ဆိုလည်း ပေးလိုက်ရတာ၊ အိမ်ကိုလည်း အကြောင်း ရှာပြီး လာရတာ၊ အဲဒါ သားကို သဘောကျလို့ပဲ ဖြစ်မှာ ပေါ့၊ ကဲ ... ဒီဝတ်စုံကိုပဲကြည့်၊ ဒါတွေ ဘယ်လောက်တန် မလဲ"

"ငါးသောင်းအထက်မှာတော့ ရှိမယ်"

"အင်းလေ ... ဒီလောက်တန်ဖိုးကြီးတာကြီးကို ဘယ်သူ တွေ့ရာကြုံရာလူကို ပက်ခနဲ ပေးမလဲ"





အမေ ပြောတာ ဟုတ်များဟုတ်နေမလား။

အမေဟာ သူ့သားကို သူဌေးသမီး၊ သူဌေးမနဲ့ ညားစေချင်လွန်းလို့ အမျိုးစုံ ကြိုးစားနေတာ။ အခုကိစ္စဟာ ဟိုဘက်က သွေးရိုးသားရိုး သဘောထားတာကို အမေကပဲ ဖြစ်စေချင်တာနဲ့ အထင်တွေ လွဲနေတာလား။

"ဘာပဲဖြစ်ဖြစ် ဒီလောက် တန်ဖိုးကြီးတာကြီးတော့ ယူထား ဖို့ မသင့်ဘူးထင်တယ်၊ အားနာစရာကောင်းတယ်၊ အမေ ပြောတဲ့ သဘောမျိုးနဲ့ ပေးတာဆိုရင်တော့ ပိုပြီးတော့ တောင် ယူဖို့မကောင်းတော့ဘူး၊ သူ့ကို မျှော်လင့်ချက်ပေး သလို ဖြစ်သွားတော့မှာပေါ့"

"အို ... ကိစ္စမရှိပါဘူး၊ ပေးတဲ့သူက ပေးတာကို စိတ်ပျက် သွားအောင် မလုပ်ရဘူးကွယ့်၊ ဟိုက သူဌေးမလေးဖြစ်ရဲ့ သားနဲ့ အမေတို့အပေါ် ကြည်ကြည်ဖြူဖြူ ရှိတာ ကျေးဇူး တောင်တင်ရဦးမှာ"

"အမေရာ ... ဒါပေမဲ့"



www.burmeseclassic.com

"တော်တော့၊ အမေ့စကား နားထောင်စမ်း သား၊ ဒီအဝတ် အစားတွေ မင်း ယူကိုယူရမယ်၊ ပြီးတော့ ဝတ်လည်း ဝတ်ရမယ်"

အမေက ယတိပြတ် ပြောလိုက်လျှင် အလိမ္မာလည်း ဘယ်လိုမှ မတတ်နိုင်ပြီ။ အမေ့ စကားဆို မြေဝယ်မကျ နား ထောင်ရသူပီပီ ဒီတစ်ခါလည်း နားထောင်ဖို့ကလွဲလို့ ဘာမှ မရှိတော့ပြီ။

○◆○





ကိုယ် ဝတ်နေကျ မဟုတ်သည့် အဝတ်အစားကို ဝတ်ရတာများ တယ်ခွကျပါလား။

မေခေတ် ပေးသည့် အဝတ်အစားတွေဟာ အကောင်း စားတွေ ဖြစ်တာမှန်ပေမဲ့ အလိမ္မာကတော့ သူ ဝတ်နေကျ ခပ်ညံ့ညံ့ အမျိုးအစား ရှပ်အင်္ကျီနဲ့ ပုဆိုးလောက်တော့ ဝတ်ရတာ အဆင်မပြေဘူးဟု ထင်သည်။

ကိုယ့်ဘာသာ အနေခက်စက်၊ ရှိုးတိုးရှန့်တန့်နဲ့ ထွက်လာသော အလိမ္မာတစ်ယောက် ဖန်းတွေ တစ်ပွေ့တစ်ပိုက် သယ်ပိုးထားသော ခင်ချမ်းသာကို တွေ့လိုက်လျှင် ခြေလှမ်းတွေ တုံ့ခနဲ ဖြစ်သွားရသည်။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



အမေဟာ နွယ်ချို့ကိုလည်း မခံသာအောင် ပြော လိုက်ပြီးပြီ။ အဲဒီတုန်းကလည်း အလိမ္မာတို့ ရက်အတော်ကြာ အောင် အားတုံ့အားနာကြီးဖြစ်ပြီး အိပ်မပျော်စားမဝင် ဖြစ်ခဲ့ရ သေးသည်။

ခင်ချမ်းသာ အလှည့်ကျတော့ ပိုလို့ဆိုး။ အမေဟာ သူ နိမ်လို့ရမည့်သူကျတော့ ပိုပြီး နစ်နစ်နာနာ ထိထိခိုက်ခိုက် တွေ ပြောချလိုက်တာ။

အဲဒီနေ့က ဒေါသလည်းဖြစ်၊ အခံရလည်းခက်၊ ရှက်လည်းရှက်၊ ဝမ်းလည်းနည်း၊ ခံစားချက်ပေါင်းစုံနဲ့ ပြန်သွား သော ခင်ချမ်းသာကို ကြည့်တောင်မကြည့်ရက်တော့ပါ။

ခင်ချမ်းသာလည်း ပြန်သွားပြီးရော အလိမ္မာတို့ အဆူခံလိုက်ရတာ ဝက်ဝက်ကွဲ။

နွယ်ချိုနဲ့ သဘောမတူနိုင်ဘူး ဆိုပေမဲ့ အဲဒီလောက် ဖြစ်တာကမှ တော်ဦးမည်တဲ့။ ခင်ချမ်းသာလို ဆင်းရဲမွဲတေ စုတ် ပြတ်နေတာမျိုးနဲ့ကတော့ သဘောတူနိုင်ဖို့ နေနေသာသာ လေသံ တောင် အဟမခံနိုင်ပါတဲ့။





အမေက ပက်ပက်စက်စက် ပြောလွန်းအားကြီးလို့ လားတော့ မသိ။ အလိမ္မာက ခင်ချမ်းသာကို သနားလွန်းလို့ မျက်ရည်တောင် ဝဲချင်လာသည်။

သူ့ခမျာ ဘဝအကျိုးပေးလေး နံ့ချာလို့ ဆင်းလည်း ဆင်းရဲ၊ မိတ္တေးရဲ့ အနိုင်ကျင့်ကိုလည်း ခံနေရတာ။ အဲဒီမှာမှ ကိုယ်က တစ်ခါထပ်ပြီး မြေနိမ့်ရာလှံစိုက် စော်ကားမော်ကား ပြုဦးမည်ဆိုလျှင် ဘယ်လောက်တောင် ဆိုးဝါးလိုက်မလဲ။

အလိမ္မာက ခင်ချမ်းသာကို တောင်းပန်ဖို့ စောင့်နေခဲ့ ပါသည်။ သူမ ခဏယူသွားသော လုံချည်ကို ပြန်လာပေးမှာပဲလို့ တစ်ထစ်ချ ထင်ထားခဲ့ပေမဲ့ ခင်ချမ်းသာက လာမပေးခဲ့ချေ။ သူ့မိတ္တေးရဲ့ သမီးဆိုသော ကောင်မလေးသာ ရောက်လာခဲ့သည်။

ခင်ချမ်းသာကို မတောင်းပန်ရသေးသမျှ ရင်ထဲ တအုံနွေးနွေးနဲ့။ တောင်းပန်ဖို့၊ တောင်းပန်ဖို့ဆိုသည့် အသိကြီး ရှိနေသမျှလည်း ခင်ချမ်းသာဟာ အလိမ္မာရဲ့ စိတ်ကို တစ်ချိန်လုံး စိုးမိုးထားနိုင်ခဲ့တာ။

www.burmeseclassic.com

www.burmeseclassic.com



ခင်ချမ်းသာကတော့ နှယ်ချိုလိုမျိုး ရှောင်မသွားချေ။ ခနဲ့တဲ့တဲ့ အပြုံးတစ်ခုနဲ့ ...

"အောင်မယ်... သူဌေးမရဲ့ လက်ဆောင်တွေနဲ့ ကိုယ်ရောင်ကိုယ်ဝါ တောက်ပနေပါလား"

မြတ်စွာဘုရား။ ခင်ချမ်းသာက သူ့အဝတ်အစားတွေဟာ မေခေတ် လက်ဆောင်ပေးထားတာတွေလို့ ဘယ်လိုလုပ်ပြီး သိနေတာလဲ။

"လောကကြီးမှာ ခင်ချမ်းသာ မသိတာဆိုလို့ ဘာမှ မရှိဘူး၊ ရှင်တို့ကိုယ်ရှင်တို့ သိပ်လုံခြုံပြီ ထင်မနေနဲ့"

"ရှက်စရာကြီးဗျာ၊ ကျွန်တော် ဒါကြီးကို စိတ်ညစ်ညစ်နဲ့ ဝတ်ထားရတာ၊ အခု ခင်ချမ်းသာက သိနေတော့ ပိုတောင် စိတ်ညစ်ဖို့ကောင်းသွားပြီ"

"ဘာဖြစ်လဲရှင်၊ ကားအကောင်းစားနဲ့ ပျံလန်နေအောင် ဝတ်စားထားတဲ့ သူဌေးမကြီးက ကိုယ့်ကို အရေးပေးတာဲ ဂုဏ်တောင်ယူရဦးမယ်၊ ခင်ချမ်းတို့များ အဲဒီလို စပွန်ဆာ



လုပ်မဲ့ သူဌေးကြီး တွေ့လို့ကတော့ လက်မထောင်ဖြီး တစ်ရပ်ကွက်လုံး လည်ကြွားမှာ"

"မလှောင်ပါနဲ့ဗျာ၊ ကျွန်တော်လည်း ဝတ်ချင်လို့ ဝတ်ရတာ မဟုတ်ပါဘူး၊ အမေ့ကြောင့်ပါ"

"သိပါတယ် သားလိမ္မာကြီးရဲ့၊ ရှင်ဟာ ယောက်ျားဖြစ်ပြီး အမေကို မလွန်ဆန်ရဲဘူးဆိုကတည်းက ဒီလောက်တော့ ခံသင့်တာပေါ့"

"ကျွန်တော်က ခင်ချမ်းသာကို တောင်းပန်ချင်နေတာပါ"

"နေပါစေရှင်၊ တောင်းပန်တယ်ဆိုတာက အပိုကိစ္စတွေပါ၊ အငှော်ကား ခံလိုက်ရပြီးတာကိုတော့ ပြန်မချေဖျက်နိုင်တော့ပါဘူး"

"ကျွန်တော် တကယ်စိတ်မကောင်းတာပါ၊ ခင်ချမ်းသာက ဣန္ဒြေသိက္ခာနဲ့ ပတ်သက်ရင် အပြစ်ပြောစရာမရှိဘူး၊ အနေအထိုင် တည်တယ်ဆိုတာ ကျွန်တော် သိပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို မိန်းကလေးတစ်ယောက်ကို စွပ်စွပ်စွဲစွဲ အပြော ခံလိုက်ရတော့ အရမ်းအထိနာသွားမယ်ဆိုတာ”

“တော်ပါတော့၊ အဲဒီနေ့က ကိစ္စကို ကျွန်မ မေ့လိုက်ပြီ၊ ရှင်လည်း ပြန်ပြီး အစဖော်မနေနဲ့တော့၊ စိတ်မကောင်းလည်း ဖြစ်မနေနဲ့”

ခင်ချမ်းသာက နှုတ်မဆက်ဘဲ ဆက်ထွက်သွားတော့ ဖို့ဖြင့်သည်။

ထူးဆန်းလေစွ။

ထိုခဏမှာပဲ အလိမ္မာ့ရင်ထဲ လှစ်ခနဲ လစ်ဟာသွားသလို ခံစားလိုက်ရကာ ခင်ချမ်းသာကို ထွက်မသွားစေချင်သေးသည့်ဆန္ဒ ပြင်းပြင်းရှရှ ဖြစ်ပေါ်လာသည်။

အလိမ္မာတစ်သက်မှာ လူတစ်ယောက်ကို ကိုယ့်အနား ရှိစေချင်သည့်ဆန္ဒ ဖြစ်ပေါ်လာတာ ( အမေကလွဲလျှင်) ဒီတစ်ခါဟာ ပထမဆုံးပါပဲ။

“ခင်ချမ်းသာ”





ခင်ချမ်းသာ ထွက်သွားစိုးလို့ လုပ်မိလုပ်ရာအဖြစ် လှမ်းသာခေါ်လိုက်မိပေမဲ့ တကယ်တမ်းကျတော့ ဘာစကားပြောရမယ်မှန်းလဲမသိ။

“ဘာကိစ္စရှိသေးလို့လဲ”

“ဟိုဒင်း ... ဟိုလေ ... ကျွန်တော်”

“ရှင် တောင်းပန်ချင်နေတာ တောင်းပန်ပြီးပြီ၊ တာဝန်ကျေပြီမို့လား၊ ဩော် ... ဘာလဲ ... ရှင့်အကျိုးကိစ္စ သူများတွေကို လျှောက်မပြောဖို့ တားမလို့လား၊ ဒါတော့ မစာတ်နိုင်ဘူးနော်၊ အဲဒီကိစ္စ သူများတွေ ပြောလို့ ကျွန်မလည်း သိရတာ”

“အဲဒါတွေ မဟုတ်ပါဘူး၊ ဟိုလေ ... ကျွန်တော် ပြောချင်နေတာ တစ်ခုခုတော့ ရှိတယ်၊ ဒါပေမဲ့ အဲဒါ ဘာလဲဆိုတာ ကိုယ့်ဘာသာလည်း မသိဘူး”

အလိမ္မာ မျက်နှာကိုကြည့်ပြီး သူကိုယ်တိုင် မသိသော ပြောချင်နေသည့် စကားကို ခင်ချမ်းသာက သိလိုက်သလိုရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အောင်မယ်။ ဒီသားအမိကို စိတ်အနာကြီးနာသည့်ကြားက ရင်ထဲ ဒိတ်ခနဲနေအောင် တုန်ခါလှုပ်ရှားလို့သွားရသေး။

ကိုယ့်နှလုံးခုန်သံကို ကိုယ်တိုင် ပြန်ကြားနေရသော်လည်း ခင်ချမ်းသာက ခပ်တည်တည်နှင့်ပင် ...

"ရှင် ကိုယ်တိုင်တောင် မသိဘူးဆိုတဲ့ ကိစ္စ ကျွန်မကို လာပြောနေလို့တော့ အပိုပဲ၊ ကိုယ့်ဘာသာပဲ ပြန်သိအောင် လုပ်လိုက်ဦးပေါ့"

ခင်ချမ်းသာက ကြော့ကြော့မော့မော့ ထွက်လာခဲ့ ချိန်မှာ အလိမ္မာကတော့ ယောင်ချာချာနဲ့ ကျန်ခဲ့လေသည်။

○◆○





အခုတလော ကျွန်ုပ် အတော်လေး စိတ်ရှုပ်နေတယ်။ ကျွန်ုပ် ဖြစ်ချင်တာတွေ အတော်များများ ဖြစ်ရဲ့ [illegible] [illegible]စေ။

အစကတည်းက ပြောစရာမှုအလိုပဲပေါ့၊ ကျွန်ုပ် ဘဝသက်မှာ အဖြစ်ချင်ဆုံးက ချမ်းချမ်းသာသာနေရဖို့။

နောက်ဆုံး ကိုယ်တိုင်ကမချမ်းသာရင်တောင် ကိုယ့် အဖေလေး ချမ်းသာဖို့။

ဒါ့အတွက် ကျွန်ုပ်မှာ လုံးပမ်းလိုက်ရတာ၊ မိကြီး ဆံပတော်တာကော် မိန်းကလေးတွေနဲ့ ဖြစ်သွားမှာ စိုးလို့လည်း အကွယ်လိုက်ရတာ။

www.burmeseclassic.com



အစက ကျုပ်စကား သိပ်နားထောင်တဲ့ သားလေး လည်း နွယ်ချိုနဲ့ ခင်ချမ်းသာဆိုတဲ့ မိန်းကလေးနှစ်ယောက်နဲ့ ပတ်သက်ပြီး ကျုပ်ရဲ့ စည်းကမ်းတွေကို ဖောက်ချင်ချင် ဖြစ်လာ တော့ ကျုပ် စိတ်ပူလိုက်ရတာ ဆိုတာလေ။

အခုတော့ စိတ်အေးရပြီ။ ကျုပ်သားလေးဟာ မေခေတ်ဆိုတဲ့ ချစ်စရာသူဌေးမလေးနဲ့ နီးစပ်ဖို့ အခွင့်အလမ်းတွေ ရလာခဲ့ပြီ။

တခြားသူဌေးသမီးတွေနဲ့ မတူတာက မေခေတ်ဟာ စိတ်ရင်းသဘောအေးကာပါ ဖြူစင်ပြီး ကျုပ်ကိုဆိုလည်း ဆင်းရဲ သူမကြီးလို့ အထင်မသေးဘဲ ရိုးလေးစားစား ဆက်ဆံတာပဲ။

အောင်မယ်လေး၊ အခြေအနေတွေက ကျုပ် ထင် ထားတာထက်တောင် ကောင်းနေသေး။

သူဌေးမလေးက ကျုပ်သားကို အိမ်ရှိမ်းလုပြီး သိပ် အပိုးတန်တဲ့ ဝတ်စုံတစ်စုံတောင်မှ လက်ဆောင်ပေးတဲ့ အဆင့်ကို ရောက်နေပြီ။



စဉ်းစားကြည့်ကြလေ။ ဘယ်မိန်းကလေးကများ ကိုယ်နဲ့ လုံးဝမပတ်သက်တဲ့ သူစိမ်းယောကျ်ားလေးတစ်ယောက် ကို ငါးသောင်းတန်ထက်မနည်း တန်ဖိုးရှိတဲ့ အဝတ်အစားတွေ လက်ဆောင်ပေးမှာလဲ။

သားလေးကတော့ မယူချင်ရှာပါဘူး။ ကျုပ်က အတင်းယူပြီး ဝတ်ခိုင်းလို့သာ ဝတ်နေရတာ။ သူ ဒီဝတ်စုံဝတ်တာ ကို မေခေတ် တွေ့အောင်လည်း ကျုပ်က စီစဉ်ရသေးတယ်။ ဒါမှ ပေးရတဲ့သူလည်း ကျေနပ်မှာလေ။

ပြီးတော့ ကျုပ်သား စန်းပွင့်နေတဲ့အကြောင်း အရပ်နဲ့ တကာလည်ပြီးလည်း ကြွားရသေးတယ်။ ဒါမှ ကျုပ်သားကို မျှော်လင့်ချင်နေတဲ့ အနုဉာဏ်မိန်းကလေးတွေ နောက်ဆုတ်သွား ကြမှာလေ။

သားကတော့ သူ့ရဲ့ လှပအဖိုးတန်တဲ့ ဝတ်စုံ အကြောင်း လူတွေ ဘယ်လိုသိသွားတာလည်းလို့ အံ့သြနေရှာလ ရဲ့။

www.burmeseclassic.com

www.burmeseclassic.com



"အမေ … တစ်ဗီရိုလုံးလည်း ပွတတက်နေပြီ၊ ဘာတွေ ရှာနေတာလဲ"

ဟုတ်ပါရဲ့။ သား ပြောမှပဲ သတိထားမိတော့တယ်။ ကိုယ့်စိတ်ကူးကလေးနဲ့ ဗီရိုထဲက အဝတ်တွေ ထုတ်ထုတ်ပြီး ပုံနေလိုက်တာ တစ်ဗီရိုလုံး ကုန်သလောက် ရှုပ်ပွပေါ်လာ။

"အမေနဲ့ သားအဖေ မင်္ဂလာဆောင်တုန်းက ဝတ်တဲ့ ဇော်မယ် ပန်းနုရောင်ကလေး ရှာနေတာပါ သားရယ်"

"အမေကလည်း ကြာလှပြီဟာကို၊ ဘာလုပ်မလို့လဲ၊ အမေ့ အမှတ်တရ ကြည့်မို့လား"

"ဝတ်ချင်လို့ကွယ်၊ အမေ့မှာလည်း ကောင်းကောင်း ကန်ကန်းဆိုလို့ သိမ်းရှိတာ မဟုတ်ဘူး"

"ဘာလဲ … ဖိုးသဲတို့ မင်္ဂလာဆောင် ဝတ်ဖို့မဟုတ်လား၊ အမေ ဒါတိုင်း ဝတ်နေကျ ကိမုန် အပြာလေးရော ပြီးတော့ ချိတ်အညိုရောင်လေးလည်း ရှိသေးတယ် မဟုတ်လား"



"အဲဒါတွေက ဝတ်ဖန်များလွန်းလို့ ဟောင်းနေပြီကွယ်၊ အခု သွားမဲ့ပွဲက ပွဲကြီးမို့လို့ ကောင်းကောင်းလေး ဝတ်ချင်တာ၊ ဖိုးသဲတို့ မင်္ဂလာဆောင် မဟုတ်ဘူး"

"ဒါဖြင့် ဘာလဲ"

"မွေးနေ့"

"ဪ … ဆရာတော့်မွေးနေ့လား၊ အမေကလည်း အဲဒီ ပွဲအတွက် ယောဂီထဘီ ဝတ်တာကမှ ပိုသင့်တော်ဦးမယ်"

"သား … မင်း ထင်ရာတွေ စွတ်ပြောနေနဲ့၊ အခု မွေးနေ့က မေခေတ်ရဲ့ မွေးနေ့"

အလိုလေး … မြတ်စွာဘုရား။

ဒီမိန်းမကလည်း သူ့ရဲ့ အဆင့်အတန်း မြင့်လှသည့် မွေးနေ့ပွဲကို အလိမ္မာတို့ ဆင်းရဲသား သားအမိကိုလည်း ဖိတ်တာ ပဲတဲ့လား။

"မေခေတ်က သားကို တော်တော်နှစ်သက်ရှာတဲ့ပုံပဲကွယ်၊ အမေတို့ သားအမိကို ဖိတ်လောက် အရေးတယူ လုပ်နေတာ ဟာ သား မျက်နှာကြောင့်ပေါ့"





www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တာပဲ အမေရာ၊ သူ့ဘာသာ အမေ့ကို ခင်လို့ပဲ ဖြစ်ရမှာပေါ့"

"သားကြောင့်ပါ"

"အဝတ်အစားလေး ပေးရုံနဲ့တော့ စွပ်စွဲဖို့ မသင့်ပါဘူးဗျာ။ သူက သူဌေးသမီး၊ ကျွန်တော်က အညတြ ပတ်သက်စရာကို မရှိဘူး"

"ငါ့သားက ဆရာဝန်လောင်းလေ၊ ချောလည်းချောတယ်လေ"

အမေကတော့ ဆရာဝန်လောင်းဆိုတာကို အထင်ကြီးစိတ် ဘယ်တော့မှ ပျောက်တော့မှာ မဟုတ်ဘူး ထင်သည်။

"ယော ... ဒီမှာတွေ့ပြီ၊ ကောင်းရောကောင်းသေးရဲ့လား မသိဘူး၊ အသေအချာတော့ သိမ်းထားတာပဲ"

ဒေါ်စိန်မြိုင်က ထဘီကို ဖြန့်ပြီး ဟိုဘက်သည်ဘက် အပြန်ပြန် အလှန်လှန် စစ်ဆေးကြည့်ပြီးတော့မှ စိတ်တိုင်းကျသွားပုံနှင့် ...





"တော်သေးတယ်၊ ထဘီက အကောင်းကြီး ကျန်သေးလို့"

"ပရုပ်နံ့တော့ တထောင်းထောင်းနဲ့ အမေရာ"

"ဟဲ့ ... အင်္ကျီတာရှည်ခံအောင် ပရုတ်ထည့်ပြီး သိမ်းထားရတာကိုးဟဲ့၊ ပိုတောင်မွှေးသေးတယ်"

ဒါပေမဲ့ နှစ်ရှည်လများ သိမ်းထားတာကြီး ထုတ်ဝတ်လာသည်ဆိုတာကတော့ ပိုပြီး သိသာသွားတာပဲ မဟုတ်လား။

"ကဲ ... ကဲ ... စကားရှည်မနေနဲ့၊ သားလည်း ရေမိုးချိုးပြီး ပြင်စရာရှိတာပြင်"

"ဘာအတွက်လဲ အမေရဲ့"

"မွေးနေ့သွားဖို့လေ"

"အလို ... ကျွန်တော်ပါ လိုက်ရမယ်"

"လိုက်ရမှာပေါ့၊ ဟိုက သားကိုအဓိကထားဖိတ်တာကိုး ပြောတောင်ပြောလိုက်သေးတယ်၊ သူ ပေးထားတဲ့ ဝတ်စုံ



www.burmeseclassic.com

www.burmeseclassic.com



လေး ဝတ်နေပါတဲ့ သူ မပြောလည်း ကိုယ်မှာ ကောင်းကောင်း
ကန်းကန်းဆိုလို့ ဒါပဲ ရှိတော့ ဒါပဲ ဝတ်ရမှာပါပဲ"

"အာ ... အမေကလည်း ကျွန်တော် မဝတ်ပါဘူး။ အဲ_
လိုက်လည်း မလိုက်ချင်ဘူး"

"လိုက်ရမှာပဲ၊ သားမပါလို့ ဖြစ်မလား သားရယ်၊ သူ့
သူဌေးမလေးကတောင် ကိုယ့်လို အဆင့်အတန်းကို ချိုး
လိုက်ပေါင်းနေသေးတာ ကိုယ်က အနိမ့်သမားဖြစ်ပြီး
သူ့ကို ရှောင်နေဖို့ သင့်မလား၊ နောက်ပြီး ဒီကလေးမလေး
နဲ့ သားကို ရင်းနှီးမှုရှိ အမေ ဘယ်လောက် မျှော်လင့်
ထားရသလဲ၊ မဖြစ်ဘူး သား၊ လုံးဝ မငြင်းနဲ့"

"ဒါဆိုလည်း သူ ပေးထားတာကြီးတော့ မဝတ်ဘူး
ကျွန်တော် ဆယ်တန်းဆုယူတုန်းက အမေ ဝယ်ပေးထားတဲ့
ယောပုဆိုးရှေ့ညှိစိမ်းနဲ့ ရှပ်အဖြူကို ဝတ်မယ်လေ"

"နပ်လိုက်တာကွယ်၊ သားက အမေ့ အရှက်ကို ခွဲချင်လို့
လား"





ဒေါ်စိန်မြိုင်က ပြုံးပြုံးကြောက်ကြောက်လည်း လုပ်၊
မျက်ရည် တဝဲဝဲ ဝမ်းနည်းဟန်လည်း လုပ်ပြလိုက်သောအခါ
အမေကို ချစ်ကြောက်ရသော အလိမ္မာလည်း ချေးရှေ့ရဲ့ လိုက်ဖို့
သဘောတူလိုက်ရတော့သည်။

○◆○



www.burmeseclassic.com

www.burmeseclassic.com



မေခေတ်ကို မျက်နှာလုပ်ချင်လွန်းလို့၊ ရင်းနှီးမှု ရချင်လွန်းလို့သာ အားတင်းပြီး လာခဲ့ရတာ။ ဒီပွဲတက်ဖို့ ကျုပ်မှာ အတော်ဝန်လေးသား။

ဘေးက ခပ်ကုပ်ကုပ် ပါလာတဲ့ သားလေးကိုလည်း သနားတော့ သနားမိသား။ ကျုပ်တောင် ဒီလောက်ဝန်လေးနေမယ်ဆိုရင် သားတော့ ဘယ်လောက်တောင် စိတ်ညစ်နေရှာမလဲ မသိ။

အို ... တတ်နိုင်ပါဘူး။ ဒါက သားရှေ့ရေး။ ကျုပ်ရဲ့ မျှော်လင့်ချက်ပဲ။

ဒီလောက်တော့ ကြိုးစားရဦးမှာပေါ့။



"နေရာက / သံလွင်လမ်းထဲမှာ အမေရှာ၊ ရှုပ်ကရှုပ်နဲ့၊ ရှာလည်း ရှာရဦးမယ်၊ လိုင်းကားလည်း ပြေးတာမဟုတ်ဘူး"

"ဒါဖြင့် တက္ကစီငှားသွားမလား"

"အပိုကုန်အောင်မဲ အမေရာ"

"တစ်ခါတလေတော့လည်း အကုန်ခံသင့်ခံရတာပေါ့ သားရဲ့၊ ကိုယ့်အတွက် အရှုံးမရှိပါဘူး"

"ကားငှားခကို အမေ့အတွက် တရုတ်ပိတ် ထဘီတစ်ထည် ဝယ်လိုက်တာကမှ ရေရှည်သုံးရဦးမယ်"

ကျုပ်သားက တစ်ခါတလေတော့ အဲဒီလို ကျစ်ကျစ်သတ်သတ်ကလေးတွေ တွက်တတ်သား။ ရယ်တော့ရယ်ချင်စရာ။

"ရှေ့က ဆီးတုပ်အိမ်ကကား မဟုတ်လား"

ခပ်ဖြည်းဖြည်း မောင်းလာတဲ့ ကားတစ်စင်းက တက္ကစီ ငှားဖို့ မငှားဖို့ အငြင်းပွားနေတဲ့ ကျုပ်တို့ သားအမိရှေ့

www.burmeseclassic.com

www.burmeseclassic.com



နား ရောက်လာတယ်။ ကားက အကောင်းစားကြီးတော့ မဟုတ်ပါဘူး။ ကျွန်ုပ် တွေ့ဖူးတဲ့အထဲမှာတော့ အလယ်အလတ်တန်းစား အမျိုးအစားပါပဲ။

ဒီကားဟာ နှယ်ချိုလို့ ခေါ်သည့် ကောင်မလေးရဲ့ အိမ်ကကားပဲ။ အောင်မယ်။ အထူးအဆန်း။ ကောင်မလေးက ကားကို ကိုယ်တိုင်မောင်းလာတာပါလား။

သူနဲ့ ကျွန်ုပ်က ပြဿနာဖြစ်ထားတာ ရှိတော့ရှိတာပေါ့။ ဒါပေမဲ့ သူ ကားရပ်ပြီး နှုတ်ဆက်သင့်တယ်။ နှုတ်မဆက်ဘူးဆိုရင်တော့ ကျွန်ုပ်ကို လူကြီးတစ်ယောက်အဖြစ်နဲ့ လေးစားမှု မရှိလို့ပဲ။

ဟိုအရှိုင်းအစိုင်းကောင်မလေး ခင်ချမ်းသာဆိုရင် ကျွန်ုပ်ကို တွေ့တာတောင် မမြင်ချင်ဟန်ဆောင်သွားတာ။ အရှိုင်းတဲ့ဟာလေး။

အင်း ... မဆိုးဘူးတော့။ ကားက ကျွန်ုပ်တို့ဘေးရှပ်သွားပြီး ...



"ဒေါ်ဒေါ်ဝိနီတို့သားအမိ ဘာလုပ်နေကြတာလဲ"

"တက္ကစီငှားဖို့ စောင့်နေတာ"

ကျွန်ုပ်ကို နှုတ်ဆက်လို့ ကျေနပ်သွားပေမဲ့ လေသံကိုတော့ လျှော့မပေးဘူး။ သိတယ် မဟုတ်လား။ သားရှင်လေ။

"ဟုတ်လား ... ဘယ်သွားကြမလို့လဲ"

"သံလွင်လမ်းကို"

ကျွန်ုပ် အသံက ဂုဏ်မောက်နေတဲ့ အသံပါနေလိမ့်မယ်။

"သံလွင်လမ်းဆို အဝေးကြီးပဲ၊ နှယ်ချို လိုက်ပို့ပေးရမလား"

"ဟာ ... မလုပ်နဲ့"

ကျွန်ုပ်ရှေ့မှာဆို ကောင်မလေးကို နှုတ်မဆက်ရဲတဲ့ ရှိနေတဲ့ သားက ဒီတစ်ခါတော့ မနေနိုင်ဘူး ဝင်တားရော။

ပထမတော့ ကျွန်ုပ်လည်း ငြင်းပစ်မလို့ပါပဲ။ နောက်မှ ပြန်စဉ်းစားလိုက်တော့ နှယ်ချို ကျွန်ုပ်တို့ကို လိုက်ပို့စေချင်မှာ အကျိုးရှိတဲ့ အချက်နှစ်ချက်ကို သွားတွေ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်က ကျုပ်တို့ကားငှားခ မကုန်ဘဲ လိုရာကို ရောက်မယ်၊ ကိုယ်ပိုင်ကားနဲ့ ဆိုတော့ ဂုဏ်လည်း မငယ်တော့ဘူး။

နှစ်အချက်ကတော့ နွယ်ချိုဆိုတဲ့ ကလေးမ ကျုပ်သားဟာ ဘယ်လို အသိုင်းအဝိုင်းအထိ ဝင်ဆန့်တယ်ဆိုတာ သိသွားရတာပေါ့။

"ကောင်းသားပဲ၊ ဒေါ်ဒေါ်တို့လည်း ကားငှားဖို့ အခက်အခဲတွေ့နေတာ"

"အမေ"

သားက တားပေမဲ့ ကျုပ်က နားမထောင်တော့ဘူး။ ကားထဲ ဈေးခနဲ ဝင်ထိုင်လိုက်ပြီ။

ကောင်မလေး သနားတော့သနားစရာပါ။ တစ်လမ်းလုံး ကျုပ်ရဲ့ ကြွားဝါခြင်းတစ်ဝက်၊ သတိပေးခြင်းတစ်ဝက်ပါတဲ့ စကားတွေကို နားထောင်ပြီး ရှုပ်ထွေးတဲ့ လမ်းတွေကို တစ်လမ်းဝင် တစ်လမ်းထွက်နဲ့ အိမ်လိုက်ရှာပေးရှာတယ်။



ကျုပ်သာ သိစိတ်အမြင့်ကြီး မမှန်းတတ်တဲ့ အမေမျိုးဆိုရင်တော့ မိုက်ဆဲလည်း အသင့်အတင့်ရှိ၊ ရုပ်ကလေးလည်း ချော၊ ကျုပ်သားကိုလည်း ချစ်၊ ကျုပ်အပေါ်လည်း ကျိုးနွံမဲ့ ဒီကလေးမလေးကို ကျေကျေနပ်နပ် ချွေးမတော်ချင်မှာပေါ့။

သူ ကံဆိုးသွားတာက ကျုပ်က သိပ်ကို အမြင့်မှန်းလွန်းတဲ့အမေ ဖြစ်နေတာပဲ။

မေခခတ်တို့ ခြံကို တွေ့ပြီး ကားပေါ်က ဆင်းတော့မှ သားက ကျုပ်ကို တိုတ်ခိုတ် အပြစ်တင်တယ်။

"အမေရယ် ... အမေလည်း သူ့ကို ကြည်ဖြူတာ မဟုတ်ဘဲနဲ့ ဒီအထိ လိုက်ပို့ခိုင်းတာ အားနာစရာကောင်းလိုက်တာ"

"အားမနာပါဘူး၊ သူ ဒီလောက် ဖျပ်ဖျပ်လူး လိုက်ပို့ချင်နေတာ"

"ပြီးတော့ လမ်းမှာလည်း ပြောလာလိုက်သေးတယ်။ ကျွန်တော်နဲ့ ဟိုအမျိုးသမီးရာပဲ ဘာလိုလို"

www.burmeseclassic.com

www.burmeseclassic.com



"ဆိုတော့ … ဝက်ခြံရှေးဆိုတာ ကြိုကြိုတင်တင်ဟန့်တားထားနိုင်မှ မင်း၊ အလှအပနေပေါ်ပါ သားရယ်၊ အမေ အားလုံးသိပါတယ်"

သားက ကျေနပ်ပုံမရပေမဲ့ ပြုံးတော့ ပြုံးသွားရှာသား။

တစ်ချိန်လုံး ကိုယ့်စိတ်ဓာတ်ကျနေ ပြုံးပြီး အကျေနပ်ကြီး ကျေနပ်လာတဲ့ ကျုပ်မှာ ခံစွေးကြီးတွေ စုနေတဲ့ ပွဲခင်းထဲ ရောက်တော့မှ စပ်ကုပ်ကုပ်ကလေး ပြုံးသွားတော့တယ်။

"ဟယ် … အန်တီစိန် … လာ … လာ …"

မခေတ်က ဝမ်းသာလှုပ်လှုပ်လေး ကြိုရှာပါတယ်။ ပြီးတော့ ကျုပ်တို့ကို အမျိုးသမီးကြီးနှစ်ယောက် ရှိတဲ့ ဝိုင်းမှာ နေရာချပေးတယ်။

"အစားအသောက်ကတော့ ဘူဖေးကျွေးတာဆိုတော့ ကိုယ့်ဘာသာပဲ ယူစားကြနော်၊ ဪ … အန်တီထင်းပါလား၊ အန်တီစိန် … စကားနော်"



နောက်ထပ် ချည့်သည်တွေ ထပ်ဝင်လာတော့ နံ့သာရောင် ပိုးဂါဝန်လေးနဲ့ လှပတင့်တယ်လှတဲ့ မခေတ်က ကျုပ်တို့အနားက ထွက်သွားရော။

"သား … ဘူဖေးဆိုတာ ဘယ်လိုအစားမျိုးလဲ၊ သား စားဖူးလား"

မခေတ် ပြောသွားတဲ့ စကားကို နားမလည်လို့ သားနား တိုးတိုးကပ်မေးလိုက်တော့ သား မျက်နှာ ညိုခနဲ မှုန်သွားပြီး …

"အမေကလည်း ဘူဖေးဆိုတာ အစားနာမည် မဟုတ်ဘူး စားစရာအမျိုးစုံကို စားပွဲတွေပေါ်မှာ ခင်းကျင်းထားပြီး ကိုယ်ကြိုက်တာကို ကြိုက်သလောက် ခပ်စားရတဲ့ စားသောက်ပုံစနစ်ကို ပြောတာ"

ကျုပ်နဲ့ ကျုပ်သား တီးတိုးပြောနေတာကို ဘေးက မိန်းမနှစ်ယောက်က အကဲခတ်နေကြလေရဲ့။ သူတို့တွေ ကျုပ်ကို ဘယ်လိုထင်မလဲ။ ဣန္ဒြေမရတဲ့ မိန်းမကြီးလို့ ထင်မလား။ ဒါမှမဟုတ် ဘူဖေးတောင် မသိတဲ့ တောသူမလို့ ထင်လေမလား။

www.burmeseclassic.com

www.burmeseclassic.com



"ဒီက အစ်မကြီးက မေခေတ်နဲ့ အမျိုးလား"

ဟော။ သူတို့လို လူကုံထံ အသိုင်းအဝိုင်းက လူတွေဟာလည်း ကျုပ်တို့ ဆင်းရဲသားတွေလိုပဲ စပ်စုတတ်ကြတာ ပါပဲလား။

"အမျိုး ... ဟင်း ... အမျိုးလို့ ပြောရင်လည်း ရတော့ ရလောက်ပါတယ်"

"ဩော် ... ကိုမောင်မောင်ကြီးဘက်ကလား၊ ခင်ခင်ကြီး ဘက်လား"

ဘာတွေပါလိမ့်။ ကြည့်ရတာတော့ မေခေတ်ရဲ့ မိဘတွေကို ပြောတာပဲ ဖြစ်ရမယ်။

"ဘယ်ဘက်ကမှတော့ မဟုတ်ပါဘူး"

မိန်းမနှစ်ယောက် ကျုပ်ရဲ့ မရေမရာ အဖြေကြောင့် အူကြောင်ကြောင်နဲ့ စိတ်ပျက်ကုန်ကြပုံရတယ်။

ကျုပ်ကလည်း ကိုယ့်အတွေးနဲ့ကိုယ်လေ။ တကယ်လို့သာ သားလေးနဲ့ မေခေတ်တို့ အိမ်ထောင်ကျသွားရင် ကျုပ်က မေခေတ်ရဲ့ ယောက္ခမ၊ မေခေတ်က ကျုပ်ရဲ့ ချွေးမအဖြစ်နဲ့ ဆွေမျိုးတော်စပ်သွားမှာ မဟုတ်လား။

"ကြည့်ရတာ မေခေတ်ရဲ့ စီးပွားဖက်တွေ ထင်တယ်"

"အစ်မကြီးက ဆန်းရတာနော် စိန်ရွှေဆိုင်ကများလား၊ အဲဒီက ညီအစ်မတွေနဲ့ တူသလိုလို ရှိလို့"

"မဟုတ်ပါဘူး"

"ကျွန်မက ခေတ်လုံမေ ပါတိတ်တိုင်းပြည်ကများလားလို့"

"မဟုတ်ဘူးရှင့်"

"ဩော် ... ဒါဆို အစ်မကြီးက ဘာလုပ်ငန်း လုပ်တာလဲ"

"ငွေချေး ... အဲ ... ဘဏ် ... ဘဏ်လုပ်ငန်းပါ"

သားရဲ့ ခန္ဓာကိုယ်တောင့်ခဲနဲ့ ဖြစ်သွားတာကို သတိထားမိလိုက်ပေမဲ့ လှည့်ကို မကြည့်တော့ဘူး။ သူတို့ အသိုင်းအဝိုင်းထဲဝင်ဖို့ ဆိုရင် မျက်နှာပြောင်နိုင်မှ ဖြစ်မှာလေ။

"ဟုတ်လား၊ ဘာဘဏ်များလဲ၊ ကျွန်မ အသိထဲမှာတော့ ဘဏ်သူဌေးတွေ အများကြီး ရှိပါတယ်"





www.burmeseclassic.com

www.burmeseclassic.com



ခက်ပြီ။ ရှိပြီးသားဘဏ်တစ်ခုရဲ့ နာမည်ကို ဆွဲထည့်ဖို့ကလည်း မဖြစ်။ ကြံ့ရာနာမည်တစ်ခုပြောဖို့ကလည်း လျှာကမရဲ။

ကဲ ... တတ်နိုင်ပါဘူးလေ။

"ဟို ... စိန်စိန်နဲ့သားများဘဏ်ပါ"

အရင်ခေတ်က ကုမ္ပဏီတွေကို မှည့်တတ်တဲ့ နာမည်တွေကို သွားသတိရပြီး ပါးစပ်ထဲ တွေ့ရာပြောချလိုက်တော့ မိန်းမနှစ်ယောက် မျက်လုံးတွေ ပြူးထွက်သွားကြပြီး ...

"ဟင် ... တစ်ခါမှ မကြားဖူးပါလား"

"အသစ်ဖွင့်တာများလား"

"ဖွင့်ထားတာ ကြာပါပြီ၊ ဆယ်နှစ်ကျော်လောက် ရှိပြီ"

"အမေ ... တစ်ခုခု စားတော့မလား၊ ကျွန်တော် သွားယူပေးမယ်လေ၊ ဒါမှမဟုတ် ဘာစားချင်သလဲ လိုက်ရှေးလေ"

သားက အတင်းဝင်ပြီး စကားဖြတ်လိုက်တယ်။ သူ့ လုပ်ပုံက ရပ်ပျက်ဆင်းပျက်နိုင်ပေမဲ့ ဟိုမိန်းမတွေရဲ့ မေးခွန်း





စက်သေနတ်တွေကို ရင်ဆိုင်ရတာထက်စာရင်တော့ တော်ပါသေးတယ်။

"ကဲကောင်းလို့ပေါ့ သားရယ်၊ အမေ အကျပ်တွေ့နေတာ၊ စားစရာတွေ ခပ်ပြီးသွားရင် တခြား စားဖွဲ့ ပြောင်းထိုင်ကြရအောင်နော်"

"အမေ့ သဘောပဲ"

သားက မတတ်သာလို့ လိုက်လျှောသဘောတူလိုက်ရသည့် ပုံနဲ့ ခေါင်းညိတ်ကာ ...

"ဟိုနားက ခုံက လူရှင်းတယ်၊ အဲဒီပဲ ရွှေ့ကြစို့"

ကျုပ်တို့အတွက် နေလို့ကောင်းမဲ့ တစ်နေရာတော့ ရှာတွေ့လိုက်ပါရဲ့။ ဒါပေမဲ့ ...

"အန်တီစိန်တို့ အဆင်ပြေပါရဲ့လား"

မေခေတ်က တစ်ခေါက် ပြန်ရောက်လာသည်။ တစ်ယောက်တည်းတော့ မဟုတ်။ သူမ ဘေးမှာ ယောကျ်ား ခပ်ရွယ်ရွယ်တစ်ယောက်၊ အမျိုးသမီးနှစ်ယောက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာလေ ... တို့ပြောတဲ့ ကောင်လေး၊ ဘယ်လိုလဲ၊ ကြည့်လို့ကောင်းတယ် မဟုတ်လား"

"အင်း ... မဆိုးဘူး၊ သူ့ ဝတ်သလောက်သာ တွက်ရင်တော့ ဒီဒီဇိုင်းကို ကောင်လေးတွေ သဘောကျကြမှာ သေချာတယ်"

"စိတ်မရှိနဲ့နော် အလီမွာ၊ တို့တွေက ဝတ်စုံသစ်တစ်မျိုး တင်သွင်းဖို့ ဖြစ်မဖြစ် လေ့လာနေတာ၊ အခု ရှင် ဝတ်ထား တဲ့ ဒီဇိုင်းမျိုးပေါ့၊ ရှင်နဲ့ ဒီလို အဆင်ပြေတယ် ဆိုရင် ဈေးကွက်ထဲမှာ ရောင်းစွံနိုင်မယ်လို့ တွက်ကြည့်တာပေါ့"

"ဒီက ညီလေး ဝင်လာကတည်းက ကိုယ် စောင့်ကြည့်နေတာ၊ လန်းဆန်းတို့တစ်သိုက် ငြိမ်ကျပြီး သူ့ဒီဇိုင်းကို သဘောတွေ ကျနေကြတယ်"

"လန်းဆန်းတို့တောင် ကြိုက်တယ် ဆိုရင်တော့ ဖြစ်မှာပဲ"



ဘာတွေလဲတော့ မသိဘူး။ ကျုပ် နားလည်သလောက် မှန်းကြည့်ရရင်တော့ မေခေတ် ပေးတဲ့ ဝတ်စုံဟာ သူတို့အသစ်တင်သွင်းမဲ့ အဝတ်အစားတွေအတွက် နမူနာဖြစ်ပြီး ကျုပ်သားနဲ့ လိုက်ရင် လူကြိုက်များမှာပဲလို့ အကဲဖြတ်နေကြတာ ဖြစ်မှာ။

ဒါဖြင့် မေခေတ်က ဒီဝတ်စုံ လက်ဆောင်ပေးတာ ကျုပ်သားကို ကြိုက်နေလို့ မဟုတ်ဘူးပေါ့။ သူ့စီးပွားရေးအတွက် လိုအပ်လို့ပေါ့။

ကျုပ် သိတယ်။ ကျုပ်တောင် စိတ်ထဲ မခံချိမခံသာ ဖြစ်သွားသေးလို့ရှိရင် ကျုပ်သားလေးခမျာ အတော်ထိခိုက်နေတော့မှာ။

"ဒါနဲ့ တစ်ခါတည်း မိတ်ဆက်ပေးရဦးမယ်၊ ဒါက ကိုလှမော်တဲ့၊ မေ့ခင်ပွန်းလောင်းပေါ့၊ သူက ဝင့်ဝါ၊ သူက စန္ဒီ၊ မေနဲ့အတူပေါင်းပြီး အလုပ်လုပ်နေကြတဲ့ သူငယ်ချင်းတွေ"

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် ပြောနေတဲ့ မေခေတ်ရဲ့ စကားတွေကို မကြားမိတော့။ ခင်ပွန်းလောင်း ... ခင်ပွန်းလောင်း။ ဆိုးဝါးလှသည့် ထိုစကားလုံးကပဲ နားထဲမှာ မွဲတင်ထပ်နေတော့တာ။

လက်စသတ်တော့ ကျုပ် အထင်တွေက ပါစင်အောင် လွဲနေခဲ့တာကိုး။

မေခေတ်က ကျုပ်သားကို ရိုးရိုးပဲ သဘောထားတာ။ ပြီးတော့ လုံးဝ ချော်လှင့်ချက် ကင်းမဲ့စရာအချက်က သူ့မှာ ခင်ပွန်းလောင်း ရှိပြီးသား။

အဲဒီခဏမှာ ကျုပ်ဟာ စိတ်ကုန်စိတ်ပျက်လွန်းလို့ အသိစိတ်ကင်းမဲ့သူတစ်ယောက်လိုတောင် ဖြစ်သွားရတော့တာ။

◉ ◆ ◉





"ဟာ ... ခင်ချမ်းသာ၊ ဘာတွေ သယ်လာတာလဲ"

ခြင်းတောင်းကြီးကြီး ဖောင်းဖောင်းကြီးတစ်လုံးကို ခန္ဓာကိုယ်လေး ဘယ်ညာယိမ်းခါနေလောက်အောင် မနိုင်မနင်း သယ်ပိုးလာသော ခင်ချမ်းသာက အလိမ္မာ မေးခွန်းကို ပြန်တောင် မဖြေနိုင်ရှာ။

"ဆီးထုပ်တွေလား၊ ဆိုင် သွားပို့မလို့လား"

"အင်း"

"ဒါတိုင်း မောင်သန်း သယ်နေကျ မဟုတ်ဘူးလား"

"ဒီနေ့ မောင်သန်း ဖျားနေလို့"



www.burmeseclassic.com

www.burmeseclassic.com



"အာ … မဟုတ်သေးပါဘူး၊ ဒါကြီးက အလေးကြီး၊ မိန်းကလေးတစ်ယောက်တည်း သယ်လို့ ဖြစ်ပါ့မလား၊ ခိုင်းတဲ့လူတွေကလည်း"

"ဘယ်သူမှ ခိုင်းတာ မဟုတ်ဘူး၊ မောင်သန်းက ဒီတစ်ရက်ကလေး ကူညီပေးပါဆိုလို့"

"မောင်သန်းကလည်း ဒီလောက် ပိန်ပိန်သေးသေး မိန်းကလေးကိုပဲ"

"ဒီလောက် အလေးအပင်တွေ သယ်နေရတဲ့ အချိန်မှာများ အားမနာ ဧကားလာပြောမဲ့သူနဲ့ တွေ့နေရသေးတယ်"

ခင်ချမ်းသာက စိတ်မရှည်သလို ညည်းညူလိုက်တော့မှပဲ အလိမ္မာက ကိုယ့်အမှားကိုယ် သိသွားကာ …

"ဟုတ်သားပဲ၊ ပေးလေ ကျွန်တော် သယ်ပေးမယ်"

"နေပါစေ"

"ပေးပါ၊ မိန်းကလေးတစ်ယောက် မင်ပန်းနေတာကို မကူညီဘဲ ကြည့်နေလို့ ဘယ်ဖြစ်မလဲ"





ပထမတော့ ခင်ချမ်းသာက မပေးဘဲ ထားမလို့ပါ။ နောက်တော့ ဒီလောက်တောင် အလွယ်မှတ်လွန်းသည့် သူကို ဗျာပေးဦးမှပဲလို့ စိတ်ကူးပေါက်သွားကာ …

"ရော့ … ဒီလောက် သယ်ချင်နေလည်း သယ်"

အား …။

လက်ထဲ ရောက်လာသည့် ခြင်းတောင်းကြီးရဲ့ စီးပိုးလှသော အလေးချိန်ကြောင့် အလိမ္မာက တိတ်တိတ်လေး ကျိတ်အော်လိုက်ရတာပေါ့။

တစ်ဆိတ်လေးလိုက်တဲ့ ခြင်းကြီးဗျာ။ အထဲမှာ ဆီးထုပ်တွေ ဘယ်လောက်များအောင် ထည့်ထားလို့ ဒီလောက် လေးနေရတာလဲ။

ခြင်းတောင်းကလည်း ကြိမ်ခြင်းတောင်း ကြမ်းကြမ်းကြီး။ လက်ကိုင်ကိုင်းမှာ ပတ်ထားတဲ့ ကြိမ်တွေကိုက ထူထဲတောင့်တင်းလှတာ။ အထဲက ပစ္စည်းတွေရဲ့ အလေးချိန်က ဖိချလိုက်တဲ့အခါကျတော့ လက်ဖဝါးတွေ ပူပြီး နာကျင်လာရော။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်ရင် ဆက်တောင် မသယ်ချင်တော့။ ခင်ချမ်းသာ ရှေ့မှာ ရှက်လို့သာ။

ဒီလောက်လေးသည့် တောင်းကြီးကို ခင်ချမ်းသာ သယ်လာတုန်းက (လိမ်ဖယ်ဖယ် စောင်းငန်းငန်းကြီး ဖြစ်နေပေမဲ့) သိပ်ကြီး ပင်ပန်းသည် မထင်ရ။

ခုနေများ ပြန်ပေးလို့ရလျှင် ပြန်တောင်ပေးလိုက်ချင်ပါရဲ့။ အဲ ... မဖြစ်သေးဘူး။ ယောကျ်ားသိက္ခာဆိုတာ ရှိသေးသည်။ ဒီတော့ အံတင်းကာဆွဲ။

အလိမ္မာ ချွေးပြိုက်ပြိုက်ကျကာ မျက်စိပျက် မျက်နှာပျက် ဖြစ်နေတာကို ခင်ချမ်းသာက ကြည့်ကာ ရယ်လည်း ရယ်ချင်၊ သနားလည်း သနား။

ဒီလူဟာ အမေ မုဆိုးမကြီးရဲ့ ကျွေးမွေးစောင့်ရှောက်ထားတဲ့ အရိပ်အောက်မှာ ခိုပြီး လူဘော်ကြော့လို ဖြစ်နေတာ။ ခင်ချမ်းသာလို ပိန်ပိန်လှီလှီ မိန်းကလေးတစ်ယောက်က လုပ်နိုင်သော အလုပ်ကိုတောင် သူ့အတွက် ပင်ပန်းခက်ခဲနေသေးတာ။



"ကဲပါ ... တော်လောက်ပါပြီ၊ ပေးတော့"

"ရပါတယ်၊ မပေးပါဘူး"

"ရပါတယ်သာဆိုတာ အသံက မမှန်တော့ဘူး၊ ကျွန်မ နိုင်ပါတယ်၊ ရှင့်ကို တမင်နောက်ချင်လို့ ပေးလိုက်တာ"

ဒီတစ်ခါတော့ အလိမ္မာက ဟန်ဆောင်မနေနိုင်တော့ဘဲ လက်ထဲက ခြင်းတောင်းကြီးကို ခင်ချမ်းသာ လက်ထဲ ပြန်ထည့်လိုက်တော့သည်။

"ကျေးဇူးတင်ပါတယ်"

"မနောက်ပါနဲ့ဗျာ"

"နောက်တာမဟုတ်ပါဘူး၊ တကယ်ပြောနေတာ၊ ကိုအလိမ္မာမှာ ခင်ချမ်းသာကို သနားပြီး ကူညီချင်စိတ် ရှိနေတာကပဲ ကျေးဇူးတင်စရာကောင်းနေတာပါ"

"ခင်ချမ်းသာရယ် ... အလုပ်က မပင်ပန်းလှန်းဘူးလား၊ ကြည့်လိုက်ရင် ဘယ်တော့မှ နားရတယ် မရှိဘူး"

"ဒီလောက်တော့ လုပ်ရမှာပဲပေါ့ရှင်၊ ကျွန်မတို့က ပညာမှ မတတ်တာ"

www.burmeseclassic.com



ခင်ချမ်းသာက သူ့ကို ရွဲ့များရွဲ့လိုက်လေသလားလို့ အလီမွှာက သံသယဝင်မိပေမဲ့ မဟုတ်ပါ။ ခင်ချမ်းသာရဲ့ မျက်နှာဟာ ပကတိ ရိုးသားသန့်စင်စွာ။

သနားကြင်နာခြင်းဆိုတဲ့ ခံစားချက်ဟာ ဘယ်လောက်တောင် ထိရောက်လိုက်ပါသလဲ။

ဘယ်မိန်းကလေးအတွက်မှ နေရာမထားတတ်ခဲ့သော အလီမွှာရဲ့ နှလုံးသားဟာ ခင်ချမ်းသာအတွက် နူးညံ့စွာ ပြောင်းလဲခဲ့ပြီ။

အခုနေမှာ အမေက ဘာမှာထားသလဲလို့ အလီမွှာကို လာမေးလျှင် ရုတ်တရက် ပြန်မဖြေနိုင်လောက်အောင်ပဲ မေ့လျော့နေမိလိမ့်မည်ထင်သည်။

လက်စသတ်တော့ အချစ်ဆိုတာ သိပ်လည်း မထူးဆန်းဘဲ ဖြစ်ပေါ်တတ်သည့် အရာပါလား။

○ ◆ ○



"သေသေချာချာ တွေးကြည့်တော့ နွယ်ချိုဆိုတဲ့ ကလေးမလေးဟာ သိပ်မဆိုးဘူးလို့ အမေတော့ ထင်တာပဲ သားရဲ့"

နွယ်ချို လာပေးသော သာကူပြင် အုန်းနို့ဆမ်းကို အားပါးတရ စားရင်း ဒေါ်စိန်မြိုင်က စကားစလိုက်သည်။

သားတော်မောင်နဲ့ ခင်ချမ်းသာဆိုသည့် မိန်းကလေးတို့ရဲ့ တရင်းတနှီး စကားပြောဆိုနေကြသည့် မြင်ကွင်းဟာ ဒေါ်စိန်မြိုင်ရဲ့ စိတ်ကူးတွေကို ပြောင်းလဲစေခဲ့တာဖြစ်သည်။

အရင်ကတော့ ကိုယ့်သားဆို တော်ရုံတန်ရုံလောက်နဲ့ သဘောမတူနိုင်။ မေခေတ်တို့လောက် ဒိတ်ဒိတ်ကြဲ ထိပ်တန်းရောက်နေမှ။

www.burmeseclassic.com



တဖြည်းဖြည်းနဲ့ မေခေတ်လောက် အဆင့်အတန်းရှိသည့် မိန်းကလေးဟာ သူမရဲ့ သားလောက်ကို မိတ်ဆွေအသိအကျွမ်းထက်ပိုပြီး သဘောထားမှာ မဟုတ်ဘူးဆိုတာ ဒေါ်စိန်မြိုင်သဘောပေါက်ခဲ့ပြီ။

တစ်ချိန်တည်းမှာ ထိတ်လန့်စရာ အဖြစ်အပျက်တစ်ခုကလည်း ရှိခဲ့ပေတာကိုး။

သူမရဲ့ သွန်သင်ဆုံးမမှုကြောင့် ဘယ်မိန်းကလေးကိုမှ စိတ်ဝင်စားစရာလို့ မထင်ခဲ့သော သားတော်မောင်ဟာ ခင်ချမ်းသာဆိုသည့် ဆင်းရဲစုတ်ပြတ် မွဲတေလှသော ကောင်မလေးတစ်ယောက်နဲ့ ရင်းနှီးနေပြီ။

ထိုအဖြစ်အပျက်ဟာ ဒေါ်စိန်မြိုင့်ကို တော်တော်လေးပဲ တုန်လှုပ်ချောက်ချားစေသည်။

မဖြစ်တော့။ သားကို ဒီအတိုင်း ပစ်ထားလို့ကတော့ ဘယ်လိုမှ မဖြစ်သင့်သော လမ်းကြောင်းကြီးကို တန်းတန်းမတ်မတ်လျှောက်ချသွားတော့မည်။





ဒီတော့ကာ ...

"ဘာလဲ ... သာကူပြင် စားကောင်းလို့လား"

"ဒါချည်းပဲ မဟုတ်ဘူးကွယ့်၊ သူ့သဘောထားလေးကို ချီးကျူးမိလို့ပါ၊ အမေက ဒီလောက် ပြောထားတာတောင် အမေ့ကို သူ စိတ်မနာရှာဘူး"

"လူကြီးနဲ့ လူငယ်ပဲ အမေရယ်၊ ပြီးတော့ တစ်ရပ်ကွက်သားချင်းတွေ၊ တစ်သက်လုံး စိတ်ကွက်သွားဖို့မှ မဖြစ်နိုင်တာ"

"ဘာပဲဖြစ်ဖြစ် အမေ့ဘက်ကတော့ တော်တော်လွန်ခဲ့တာတော့ အမှန်ပဲ သားရဲ့"

"ခင်ချမ်းသာ အပေါ်လည်း အမေ ပြောတာပဲ"

ကြည့်စမ်း။ တခြားလူတစ်ယောက်အကြောင်းပြောရင်းနဲ့တောင် ခင်ချမ်းသာ နာမည်က ပါလာပြီ။

"သူတော့ ထည့်မပြောစမ်းပါနဲ့ကွယ်၊ ဆင်းရဲစုတ်ပြတ်နေတဲ့ ကောင်မလေး"

www.burmeseclassic.com

www.burmeseclassic.com



"ဆင်းရဲလို့ ပိုပြီး တောက်ထားညှာတာသင့်တာပေါ့ အ
ရဲ့၊ ချမ်းသာတဲ့ သူကို အပြစ်ကျူးလွန်မိတာက ကိစ္စမရှိ
နဂိုကတည်းက အားနည်းနေတဲ့သူကျတော့ မြေနိမ့်
လှံစိုက်"

"ဟော့ ... တော် ... တော် ... ငါ အားနာချင်တဲ့ သူ
အားနာမယ်၊ ဆင်းရဲတဲ့ဟာတွေဆို အပတ်အသက် လု
တာ မဟုတ်ဘူး"

အလိမ္မာက သူ့အမေကို အကဲခတ်နေသည်။
မှာ ပထမဆုံးအကြိမ် အပြစ်လည်း အမေ့ရဲ့ အစွန်းရောက်လ
စိတ်ဓာတ်ကို အပြစ်တင်နေမိသည်။

"သား ... နွယ်ချို့ကို ပြန်ပြီး ခေါ်ခေါ်ပြောပြော ရှိ
သူ့ခများ သူငယ်ချင်းကို ခင်တတ်ရှာတဲ့ပုံပဲ"

တွေ့လား။ အမေဟာ တစ်ယောက်မရတော့
ယောက်။





မေခေတ်လောက် ထိပ်ဆုံးတန်း မဟုတ်နိုင်လျှင်
တောင် နွယ်ချို့လောက်ဆို တော်သေးသည်လို့ လျှော့ချလိုက်ပြန်ပြီ။
အရင်ကတော့ နွယ်ချိုဆိုတာ အမေ့စာရင်းထဲ ရှိခဲ့တာ မဟုတ်။

ဒီတစ်ခါတော့ နွယ်ချို့ကို ခင်ချမ်းသာနဲ့ ယှဉ်လျှင်
အပုံကြီးသာသည်ရယ်လို့ အမေက တွေးကာ တစ်ထစ်လျှော့လိုက်
တာဖြစ်မည်။

"ကျွန်တော်တို့က အစကတည်းက ခေါ်ပြောနေတာပါပဲ"

"အေး ... အေး ... ကောင်းတယ် ... ကောင်းတယ်၊
တစ်ရပ်တည်းသားတွေပဲကွယ်၊ ပြတ်လို့လည်း ဖြစ်မှမဖြစ်
တာ"

လူကြီးတန်မဲ့ ပလောင်းပလဲနိုင်ရာတော့ကျသည်။
ဒါဆမဲ့လည်း သားအတွက်ဆိုတော့ မတတ်နိုင်။ ဒေါ်စိန်မြိုင်က
ခင်တည်တည်နဲ့ပဲ ဖြစ်ချင်တာကို ပြောထားလိုက်တော့သည်။

◎ ❖ ◎



www.burmeseclassic.com

www.burmeseclassic.com



မဆိုးဘူး။ တကယ်ပဲ မဆိုးဘူး။

ကြက်သွန်ကို ပါးပါးလှျားလှျားလေး ဖြစ်အော
လှီးနေတဲ့ နွယ်ချိုကို နောက်က ကြည့်ပြီး ကျုပ် အမှတ်
ပေးနေမိတယ်။

နွယ်ချိုဟာ အလှတွေ အလွန်ပြင်၊ နောက်ဆုံး
အဝတ်အစားတွေကို ထည်လဲဝတ်ပြီး ခပ်ပေါ့ပေါ့ နေတတ်
အိမ်မှုကိစ္စဆို စိတ်မဝင်စားတတ်တဲ့ မိန်းကလေးလို့ ထင်နေတာ
အခုတော့ ဟုတ်ပါရဲ့လား၊ လုပ်တတ်ကိုင်တတ်ကလေးပဲ။

(အမှန်တော့ နွယ်ချိုဟာ မီးဖိုချောင်ကိစ္စဆိုလျှ
ပါးပါးလှီးတာကလွဲလို့ တခြားဘာကိုမှ တတ်တာမဟုတ်





ယ်ငယ်က အသီးအရွက် လှီးတမ်း အဆော့မက်လွန်းလို့ အိမ်ဂရ
ကြက်သွန်တို့ ဟင်းရွက်တို့ကို ပါးပါးဝင်လှီးရင်း ကျွမ်းကျင်နေတာပဲ
သည်။ ဒီကတစ်ဆင့်တက်ပြီး ခိုင်းလျှင် ဘာမှ တတ်မှာ
ဟုတ်။

သို့သော် ကံကောင်းထောက်မစွာ နွယ်ချို့မှာ လှီး
ပြီးခြင်းနိုင်သော ကြက်သွန်ပုံကြီး ရှိလေသည်။)

ရပ်ကွက်ထဲက မွှော်ရုံမှာ စုပေါင်းရဟန်းခံရှင်ပြုပွဲ
လှူအတွက် ထမင်းဟင်း ဝိုင်းချက်နေကြတာ။

ရပ်ကွက်ထဲက မိန်းမတွေအားလုံးနီးပါး စုဝေးနေ
ရာမှာ ဟင်းပွဲထဲပါမည့် သရက်ချဉ်သုပ်အတွက်နဲ့ တခြားဟင်း
သတ်ရာ ဘာညာမှာ ထည့်ဖို့ ကြက်သွန်တွေကို နွယ်ချို တစ်
ာက်တည်း ထိုင်လှီးနေတာ။ နွယ်ချို ကြက်သွန်လှီးပုံက
းလည်းပါး၊ မြန်လည်းမြန်။

မိန်းကလေးတစ်ယောက် မီးဖိုချောင် ဘယ်လောက်
င်နင်းသလဲ သိချင်ရင် ငရုတ်သီး ထောင်းခိုင်းရတယ်၊ ဒါ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ် ကြက်သွန်လှီးနိုင်းရတယ်တဲ့။ ငရုတ်သီး အစေ့တွေ တောင်တောင်မြောက်မြောက် ဖိတ်စဉ်မထွက်ရင်၊ ကြက်သွန်ဖတ် လေးဟာ ဟိုဘက်သည်ဘက် ထွင်းဖောက်မြင်နိုင်လောက်အောင် ပါးလျားရင် အဲဒီမိန်းကလေးဟာ မီးဖိုချောင် နိုင်နင်းသူပဲတဲ့။

အောင်မယ်။ ဟိုခင်ချမ်းသာတစ်ယောက်ကတော့ ချွေးတလုံးလုံး၊ အိုးမည်းတပေပေနဲ့ မီးဖိုကို မီးထိုးတဲ့အလုပ် လုပ်နေပါရောလား။

"ခင်ချမ်းသာ ... ဒီမှာ ကြက်သွန် လာကူလှီးပါလား"

ဂျူပ်ရဲ့ အသံကျယ်ကျယ်ကြောင့် မီးရဲနေတဲ့ ထင်း ချောင်းကြီးတစ်ချောင်းကို မီးဖိုထဲက ဆွဲထုတ်တဲ့ ခင်ချမ်းသာက လှည့်ကြည့်တယ်။

"ကြက်သွန်"

"အင်းလေ ... ဒီမှာ နှယ်ချိုတစ်ယောက်တည်း လှီးရတာ မွန်တောင်မွန်နေပြီ"

"ကျွန်မ မလှီးတတ်ဘူး"





အောင်မယ် ရုပ်ကွက်ထဲမှာ အချမ်းသာဆုံး သူဌေး သမီးကတောင် လှီးတတ်သေးတာကို ဒီလောက်ဆင်းရဲမွဲတေနေတဲ့ မိန်းကလေးက မတတ်ဘူးတဲ့လား။

"ညည်းကလည်းအေ၊ မိန်းကလေး ဖြစ်ပြီးတော့"

"ဒေါ်ဒေါ်စိန်ကလည်း မိန်းကလေးဖြစ်တိုင်း ကြက်သွန် လှီးတတ်ရမလား၊ ကျွန်မတို့အိမ်မှာ ဟင်းချက်စားနိုင်တာ ကြာပြီ၊ ကြက်သွန်လည်း မလှီးရတာ ကြာလှပြီပဲ"

ခင်ချမ်းသာကတော့ ခပ်တည်တည် ပြန်ဖြေတာပဲ။ ကျူပ်မှာတော့ အတော်လေး ထိတ်လန့်သွားရတယ်။

ခင်ချမ်းသာတို့ဟာ တကယ့်ကို အဲဒီလောက် ဆင်းရဲ တာပဲကိုး။

ပြီးတော့ သူ့ပုံစံ ကြည့်ရတာ ဆင်းရဲတာကိုလည်း စိတ်ညစ် စိတ်ပျက်စရာရယ်လို့ တွေးပုံမရ။ ဒီဆင်းရဲနွံထဲက လွတ်မြောက်ချင်ပုံ၊ လွတ်မြောက်အောင် ကြိုးစားမည့်ပုံလည်း မရ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလို မိန်းကလေးမျိုးနဲ့သာ ငါသား အိမ်ထောင်ကျရရင် လက်ရှိအနေအထားထက် မမြင့်တဲ့အပြင် ပိုတောင် နိမ့်မှာ။ ပြီးတော့ ခင်ချမ်းသာရဲ့ အဖေ အရက်သမားကြီး၊ လောဘကြီးထဲ မိထွေး၊ မိထွေးက မွေးတဲ့ ကလေးဆိုးပေနှစ်ယောက်။ အဲဒါတွေကိုပါ ရှာဖွေကျွေးမွေးနေရဦးမယ်။

စဉ်းစားကြည့်စမ်းပါ။ ဆရာဝန်ကြီးဆိုတဲ့ ကျုပ်သားရဲ့ ထည်ဝါမှုနဲ့ ဒီမိန်းမတွေရဲ့ စုတ်ပြတ်နံချာမှု ဘယ်လိုများ လိုက်ဖက်သလဲလို့။

မဖြစ်ဘူး။ မဖြစ်ဘူး။ အခုကတည်းက ကျုပ်ရဲ့ သဘောထားကို ပြထားရမယ်။ ကျုပ်ကိုဆို ကြောက်နေပြီဖြစ်တဲ့ နှယ်ချိုကိုလည်း သူနဲ့ ကျုပ်သားကို သဘောတူနိုင်ပြီဆိုတဲ့အကြောင်း ပြပါမှ။

မတန်တရာ တက်မှန်းချင်တဲ့ မိန်းမကိုလည်း ကျုပ်ဟာ မေခေတ်လို ဒိတ်ဒိတ်ကြဲကို မရနိုင်တောင် သူ့လောက်ကိုတော့ ချွေးမတော်ဖို့ တစ်သက်မစဉ်းစားဘူးဆိုတာ ပြထားပါမှ။





"ညည်းအေ မိန်းကလေးဖြစ်ပြီး ကြက်သွန်လေးတောင် မလှီးတတ်တာကတော့ လွန်လွန်းပါတယ်၊ ဒီမှာ ကြည့်စမ်း၊ နှယ်ချိုလေးဆိုရင် သူဌေးသမီး ဖြစ်တာတောင်မှ ကြက်သွန် လှီးတတ်လိုက်တာ၊ ညည်းတို့က ပစ်စလက်ခတ် အပါးခို တတ်တဲ့အကျင့်ကို ရနေတာ"

"အိမ်မှာ ဟင်းချက်မစားရပါဘူးဆို၊ တစ်နေ့တစ်နေ့ လမ်းထပ်ဆိုင်က လက်ဖက်သုပ်၊ ဂျင်းသုပ်၊ ဒါမှမဟုတ် ဘူးသီးကြော်၊ ဘယာကြော်၊ ခေါက်ဆွဲသုတ်၊ အကောင်းဆုံး စားနိုင်လည်း ထမင်းဆိုင်က ဘဲဥဟင်းလောက် ဝက်သား ဟင်းလောက်ပဲ စားရတာ၊ ကြက်သွန်ဆိုတာများ လှီးတတ် ဖို့နေနေသာသာ ကိုင်တောင်မကြည့်ဖြစ်တာ ကြာပြီ၊ ကြက်သွန်မလှီးတတ်ပေမဲ့ အလုပ်ကြမ်းဆိုရင်တော့ ကျွန်မ က ဘာခိုင်းခိုင်း ရတယ်နော်"

ကျုပ်က ပေါ်ပေါ်တင်တင်ကြီးကို နှာခေါင်းရှုံ့ပြ ပြီး ...

www.burmeseclassic.com



"ဒါ ကြွားစရာ မဟုတ်ဘူးအေ့ ရှက်စရာ၊ မိန်းမတန်မဲ့ မိန်းမအလုပ် မလုပ်တတ်ဘဲ အလုပ်ကြမ်းလုပ်နိုင်တာ ကိုယ့်ဘဝပေးကံ မကောင်းတာကို ပြတာ၊ ကြွားစရာ ထင်မနေနဲ့"

ကျုပ် စိတ်ထဲတော့ ဒီလို ပြောချလိုက်ရင် ခင်ချမ်းသာ အတော်ဝမ်းနည်းအားငယ်သွားမယ် ထင်တာ။ မဟုတ်ဘူးတော့။ အတော်အကြောမာပုံရတဲ့ ကောင်မလေးက အဲဒီတော့မှ ခေါင်းလေး ပိုမတ်လာပြီး ...

"ကျွန်မ ဆင်းရဲတာကို မရှက်ပါဘူး၊ အားငယ်စရာလည်း မထင်ဘူး၊ ကိုယ့်ကုသိုလ်နဲ့ကိုယ်ပဲဟာ၊ ချမ်းသာဖို့အတွက် မရိုးမသားနည်းနဲ့ ကိုယ်ကျိုးရှာရင်သာ ရှက်စရာကောင်းတာ"

ဒါ ကျုပ်ကို စောင်းပြောလိုက်တာလား။ ကျုပ်က ကိုယ်ချမ်းသာဖို့ ကိုယ့်သားကို အရင်းပြုပြီး မရိုးမသား ကြံစားနေတယ်လို့များ စွပ်စွဲချင်သလား။





ဟုတ်တာ မဟုတ်တာ အသာထား၊ ကျုပ်ကတော့ ကိုယ်လိုတာဆွဲတွေးပြီး ခင်ချမ်းသာကို ဒေါသတွေ ထွက်နေမိတယ်။

"ညည်းကလည်း ကက်ကက်လန် တစ်ခွန်းမခံပါလား၊ လူကြီးကို လူကြီးမှန်းလည်း သိစမ်းပါဦးအေ"

"ကျွန်မ ဘာတွေများ ရိုင်းရိုင်းစိုင်းစိုင်း ပြောမိလို့လည်း ဒေါ်ဒေါ်စိန်ရဲ့၊ အကောင်းပြောတာပဲဟာ၊ ဘယ်သူ့ကိုမှလဲ စောင်းရွဲ့မပြောပါဘူး"

"တော်ပြီအေ ... တော်ပြီ၊ စကားပြောရတာ လက်မပါတ်ကတ်တယ်"

ကျုပ်က ခပ်မြန်မြန်ပဲ စကားစကို ဖြတ်ပစ်လိုက်ရတော့တယ်။ မဟုတ်ရင် ဒီဟာမလေးက ကျုပ်ကို လူရှေ့သူရှေ့ အရှက်ခွဲဖို့လည်း ဝန်လေးမှာ မဟုတ်ဘူးလေ။

◎❖◎



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ပဲ ကိုအောင်ကြည်နဲ့ တွေ့ခဲ့တယ်"

အမေ့ရဲ့မျက်နှာ ဂုဏ်ယူဝင့်ကြွားဟန်ကြီးနဲ့ တစ်ခုခုကို ကျေနပ်ပီတိ ဖြစ်ပုံပေါက်ပြီဆိုရင်ဖြင့် အလိမ္မာတို့က လန့်ပြီ။

ဦးအောင်ကြည်ဟာ နှယ်ချို့အဖေ။ တစ်ရပ်ကွက်တည်းသားချင်း ဖြစ်ပေမဲ့ အမေနဲ့ ဦးအောင်ကြည်ဟာ သိပ်မရင်းနှီးပါ။ လမ်းမှာ တွေ့ရင် အသိအမှတ်ပြုရုံ ပြုံးပြနှုတ်ဆက်တာမျိုးလောက်သာ လုပ်ကြတာ။

ဦးအောင်ကြည်တို့က သူ့အတိုင်းအတာနဲ့ သူတော့ သူဌေးကြီးပါပဲ။ ဒါပေမဲ့ အမေကတော့ အဲ့ဒီလောက်ကိုတောင်မှ အထင်ကြီးစရာရယ်လို့ မထင်။ ဦးအောင်ကြည်တို့နဲ့ ရင်းနှီးဖို့လည်း မကြိုးစား။ ဘာသိဘာသာပဲ နေခဲ့တာ။





အခုမှ ဦးအောင်ကြည်နဲ့ တွေ့ခဲ့တာကို ဝမ်းမြောက်ဝမ်းသာ ပြန်ပြောနေရသည်ဆိုတော့ အကြောင်းတစ်ခုခုတော့ ရှိရမည်။

"သူက သားကို မေးနေသေးတယ်၊ ကျောင်းပြီးတော့ မလားတဲ့၊ သားအကြောင်းလည်း ချီးကျူးလိုက်ရတာ မိုးကိုမွှန်လို့"

"ဟုတ်ကဲ့"

"အမေ့စိတ်ထင်တော့ သူက သားနဲ့ သူ့သမီးကို အသာသာညာညာ စဉ်းစားဖို့ရတယ်၊ အဲဒါနဲ့ ..."

"အဲဒါနဲ့ အမေက မဖြစ်နိုင်ဘူးလို့ ပိတ်ပြောပစ်လိုက်ရောလား"

"အို ... ဘယ့်နှယ် ... မပြောပါဘူး သားရဲ့၊ အားနာစရာကြီး"

ဩော် ... အမေ။ အမေ။ အခုတော့ အားနာရကောင်းမှန်း သိတတ်ပြီပေါ့။

"အမေကလည်း နှယ်ချိုတော်ကြောင်း၊ ကောင်းကြောင်းတွေ ပြန်ပြောလိုက်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျုပ် စိတ်ထင်တော့ သား မျက်နှာလေး ပျက်သွားသလား။

နှယ်ချိုဆိုတာ သားရဲ့ သူငယ်ချင်းပဲ မဟုတ်လား။ ကျုပ်ကြောင့်သာ မဟုတ်ရင် သူတို့အချင်းချင်း သံယောဇဉ်တောင် တွယ်မိစရာအကြောင်း ရှိတာပဲ မဟုတ်လား။ ဘာဖြစ်လို့ နှယ်ချိုနဲ့ စီစဉ်မယ်လို့ ထင်တာနဲ့ မျက်စိပျက် မျက်နှာတွေပျက်သွားရတာလဲ။

သားဟာ တကယ်ပဲ ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားတာလား။ အိမ်ထောင်ပဲ မပြုချင်သေးတာလား။ ဒါမှမဟုတ် အမေ သဘောကျ အဆင့်အတန်း မြင့်မြင့်မားမားနဲ့ မိန်းကလေးတစ်ယောက်ကိုရမှပဲ ယူမယ်လို့ ဆုံးဖြတ်ချက်ချထားတာလား။

ကျုပ်များ စိတ်လောသွားသလားလို့ တွေးပြီး နှောင်တရချင်ချင် ဖြစ်သွားရသေးတယ်။ နောက်တော့မှ မသေချာမရေရာသေးတာတွေ လျှောက်တွေးနေမဲ့အစား သေချာတာတစ်ခုကို ဖမ်းဆုပ်မှ ဖြစ်မယ်လို့ ပြန်ပြီး စိတ်ဖြေရတယ်။





"သားလည်း ရှေ့တစ်နှစ်ပြီးရင် ဘွဲ့ရပြီဆိုတော့ သားနောင်ရေးအတွက် အမေ စီစဉ်ပေးစရာရှိတာတွေ စီစဉ်ပေးချင်လို့ပါ သားရယ်"

"စိတ်မလောပါနဲ့ အမေရယ်၊ ကျွန်တော်က အခုမှ အိမ်ထောင်မပြုရင် မရတော့တဲ့ အခြေအနေမျိုးမှ မဟုတ်တာ၊ စိတ်မချရအောင်လည်း မိန်းကလေးမဟုတ်၊ ဘွဲ့ရပြီး အလုပ်အကိုင်လေး ဘာလေးနဲ့ အခြေတကျ ဖြစ်တော့မှ အိမ်ထောင်ရေးကို စဉ်းစားတာပေါ့"

သားပုံစံက အိမ်ထောင်မပြုချင်သေးတာထက် အမေ စီစဉ်တဲ့အတိုင်း လိုက်နာလိုက်ရမှာကို စိုးရိမ်နေတဲ့ပုံစံပါလားလို့ သတိထားလိုက်မိချိန်မှာ ကျုပ်ရဲ့ စိတ်ကူးကို မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်မှ ဖြစ်မယ်လို့ တစ်ခါတည်း ဆုံးဖြတ်ချက်ချသွားတော့တယ်။



www.burmeseclassic.com

"အလုပ်ရုံမှာ ပြောနေသံကြားတယ်"

"ဘာလဲ ... သူတို့ ဆီးထုပ်တွေ အစားအသောက်နဲ့ဆေးဝါး စစ်ဆေးမှုဌာနက စစ်ဆေးပြီး မလွတ်လို့ အပိတ်ခံလိုက်ရ တယ်တဲ့လား"

"တော်စမ်းပါ၊ သူများစီးပွားရေးကို ပိတ်ပိတ်ပင်ပင် ဆီး ထုပ်တွေ အပိတ်ခံလိုက်ရရင် ခင်ချမ်းပါ ဝင်ငွေမရှိတော့ ဘူး ဖြစ်သွားမှာပေါ့"

"ဖြစ်တော့ရော ဘာဖြစ်သေးလဲ၊ ခင်ချမ်းက ကိုယ့်အတွက် ကိုယ်ရှာနေရတာမှ မဟုတ်တာ၊ တစ်အိမ်လုံးကို လုပ်ကျွေး နေရတာပဲ၊ တစ်အိမ်လုံးဆိုရာမှာလည်း ခင်ချမ်းနဲ့ တကယ်



www.burmeseclassic.com



ပတ်သက်တာဆိုလို့ အဖေတစ်ယောက်တည်း ရှိတာမဟုတ် လား၊ မိထွေးနဲ့ သူ့သားသမီးတွေက သက်သက်ဝင်ပြီး ခေါင်းပုံဖြတ်နေကြတာ"

ခင်ချမ်းသာက အလီမွှာကို နားမလည်ရကောင်း လားဆိုသည့် အကြည့်လေးနဲ့ ကြည့်လိုက်ပြီး ...

"ခေါင်းပုံဖြတ်တယ်တော့ မဆိုနိုင်ပါဘူး၊ သူလည်း ခင်ချမ်းတို့ သားအဖကို သူ့အိမ်ပေါ် တင်ထားရတာ၊ ပြီးတော့ အမေ့ကို ပြုစုလုပ်ကိုင်ပေးတဲ့ ကျေးဇူးလည်း ရှိသေးတယ်၊ အဲဒီ အတွက်တော့ ခင်ချမ်းက တတ်နိုင် သလောက် ပြန်ပေးရမှာပေါ့"

"အဖေက သူ့ယောကျ်ားပဲဟာ"

"ယောကျ်ားဆိုတော့ သူ မကြည်ဖြူရင် ပစ်ထားလို့ရတာ ပဲလေ"

"ကဲကွာ ... တော်ကြပါစို့၊ ခင်ချမ်းပြောမဲ့အကြောင်းသာ ဆက်ပြော"



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်ရုံမှာ ပြောနေကြတာက နွယ်ချို့နဲ့ အလိမ္မာ
လူကြီးချင်း သဘောတူပြီး စကားပြောဆိုနေကြပြီဆို"

"အား ... မဟုတ်တာ"

"သူကသာ ငြင်းနေ ဟိုကဖြင့် အခိုင်အမာကို ပြောနေ

"ဘယ်သူတွေက ပြောတာလဲ၊ အလုပ်ရုံက မိန်းက
တွေက ပါးစပ်ပါတိုင်း ပြောနေကြတာ၊ သူတို့ စကား
ယုံလို့မှ မရဘဲ"

"တခြားသူတွေ ပြောတာ မဟုတ်ဘူးနော်၊ နွယ်ချို့ အ
မသစ္စာကိုယ်တိုင်က ပြောတာ"

"ဟင်"

"ဒီလောက်ဆိုရင်တော့ မှားစရာမရှိလောက်တော့ဘူး
တယ်"

"မဖြစ်နိုင်တာကွာ၊ ဘယ်တုန်းကမှ မပြောဖူးတဲ့ဟာ

"အလိမ္မာ မသိပေမဲ့ ဒေါ်ဒေါ်စိန်က သူ့ဘာသာ ပြော
ဆိုထားမှာပေါ့၊ ဒေါ်ဒေါ်စိန် အစီအစဉ်တွေကို အလိ
အကုန်လုံး သိနိုင်လို့လား"





"အမေက ဘာပဲဖြစ်ဖြစ် ကျွန်တော့်ကို တိုင်ပင်ပါတယ်၊ နွယ်ချို့နဲ့ ကိစ္စလည်း အမေစိတ်ဝင်စားသလို ရှိနေတာတော့ ကျွန်တော် သိတယ်၊ ဒါပေမဲ့ အတိအကျ စကားပြောဆိုထားတာတော့ မရှိတာ သေချာတယ်၊ သူတို့ဘာသာ ဖြစ်လာရင် ဆိုပြီး စိတ်ကူးနဲ့ ကြိုပြောထားတာပဲ ဖြစ်ရမယ်"

"ဒါဆိုလည်း ဒေါ်ဒေါ်စိန့်ဘက်က စိတ်ပါတာတော့ ရှိနေပြီ ဟုတ်လား၊ ဒေါ်ဒေါ်စိန် ဖြစ်ချင်ပြီဆိုမှတော့ အလိမ္မာလည်း လိုက်လုပ်ရမှာပါပဲ"

"ဒါ အရင်ကပါ၊ တစ်သက်စာ ကိစ္စဆိုရင်တော့ ကိုယ့်ဆုံးဖြတ်ချက်နဲ့ ကိုယ်ပဲ လုပ်မှာပေါ့"

"ဟုတ်ပါ့မလား"

"မယုံရင် စောင့်သာကြည့်နေပေါ့ ခင်ချမ်းရယ်၊ အလိမ္မာဆိုတာလည်း တစ်သက်လုံးတော့ ညွှန်နေမဲ့အကောင် မဟုတ်ပါဘူး"

"ဟင် ... ဟိုမှာ ဒေါ်ဒေါ်စိန်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... ဘာလဲ ... ဘယ်မှာလဲ"

အလိမ္မာက ထွက်ပဲ ပြေးရတော့မလို၊ ခင်ချမ်းသာရဲ့ သေးကွေးသော ခန္ဓာကိုယ်လေးနောက်မှာပဲ သူ့ကိုယ်ကြီးကို ကွယ်ဝှက်ပုန်းအောင်းရတော့မလိုလို ဣန္ဒြေ အပျက်ပျက် ဖြစ်သွားရလေသည်။

"အဟင်း ... ဟင်း ... ဘယ်လိုလဲ အလိမ္မာရဲ့၊ ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ်လုပ်မဲ့ လူကလည်း အမေဆိုတဲ့ အသံကြားတာနဲ့ ပြေးစရာမရှိ ဖြစ်သွားတော့တာပါလား"

"ဒါကတော့ အချိန်စောသေးလို့ပါ"

အလိမ္မာက ရှက်ရှက်နဲ့ ရယ်ပြီး ပျက်သွားသည့် မျက်နှာကို ပြန်ပြင်ယူရသည်။

နှစ်ယောက်သား စကားတပြောပြောနဲ့ လမ်းလျှောက်လာကြသည့် မြင်ကွင်းကို ဒေါ်စိန်မြိုင် တကယ်ပဲ မြင်သွားခဲ့သည် ဆိုတာကိုတော့ အလိမ္မာရော ခင်ချမ်းသာပါ မသိလိုက်တော့ချေ။

❁ ❖ ❁





"ကြွပါရှင် ... ကြွကြပါ"

ရပ်ကွက်လူကြီးတွေနဲ့ ဦးအောင်ကြည်တို့ မိသားစု အိမ်ပေါ်တက်လာတဲ့ အချိန်မှာ ကျုပ်က ကြိုတင်မြင်ဆင်ထားတဲ့ အတိုင်း ဖော်ဖော်ရွေရွေလည်းဖြစ်၊ အသည်းအသန် လှိုက်လှိုက်လှဲလှဲပုံစံလည်း မပေါက်တဲ့ နှုတ်ဆက်ခြင်းမျိုးနဲ့ နှုတ်ဆက်လိုက်တာပေါ့။

ဒီနေ့ ကျောင်းမရှိလို့ အိမ်မှာနားနေတဲ့ သားက လူကြီးတွေ မြင်တော့ သူ့စာအုပ်လေး ပိတ်ပြီး ဧည့်ခန်းက ထွက်သွားဖို့ပြင်တယ်။ ဒါကို ကျုပ်က ...

"သား စာအုပ်ထားပြီးရင် ပြန်လာနော်"



www.burmeseclassic.com

www.burmeseclassic.com



သားက နားမလည်နိုင်သလို မျက်မှောင်ကုတ်နေတယ်။ ခဏနေလို့ လူကြီးတွေ စကားပြောကြရင်တော့ သူ့အမေ စောစောစီးစီးကတည်းက ဟိုနား ဒီနား သွားရင်းဝတ်တဲ့ ခပ်လတ်လတ် ပါတိတ်လုံချည်နဲ့ ဖော့ရှန်လက်စက ရင်ဖုံးအင်္ကျီကို ဘာကြောင့် ထုတ်ဝတ်ထားသလဲ ဆိုတာ သားလည်း နားလည်သွားမှာပေါ့။

"သားက စာတွေ တအားဖတ်ရတယ် ဆင်တယ်၊ အမြဲ စာပဲ လုံးပမ်းနေရတာပေါ့၊ ဟုတ်လား"

"ဟုတ်ကဲ့ခင်ဗျ"

"အေး ... ကောင်းတယ်၊ ကောင်းတယ်၊ လူငယ်ဆိုတာ အခုလို အမြဲကြိုးစားနေမှ မကောင်းတဲ့စိတ် မဝင်မှာ၊ သားကတော့ တို့ရပ်ကွက်ထဲက လူငယ်တွေထဲမှာ စံပြပဲ"

ရပ်ကွက်လူကြီးတွေနဲ့ ဦးအောင်ကြည်တို့ရဲ့ အချီအချ ချီးမွမ်းသံတွေ ကြားမှာ သားက မနေတတ် မထိုင်တတ်နဲ့ စိတ်ညစ်နေပုံပဲ။





ကျုပ်ကတော့ ကျေနပ်တာပေါ့။ ကျုပ် ဝမ်းနဲ့လွယ်ပြီး ...ထားရတဲ့ သားကို ချီးမွမ်းတာပဲဟာ။

"သမီးလေးကလည်း ဒီရပ်ကွက်ထဲမှာ အချောဆုံးပါပဲဗျာ"

"လိမ်လည်း အလိမ်မာဆုံးပဲ"

တစ်ယောက်တစ်လှည့် ချီးမွမ်းခန်းဖွင့်နေပုံကတော့ ...လမ်းတွေထဲမှာ စကားဝိုင်းဖွဲ့ကြလို့ ကိုယ့်အလှည့် မရောက် ...စေရအောင် အပြိုင်အဆိုင် ဝင်ပြောကြတဲ့အတိုင်းပါပဲ။

ကျုပ်သား မဟုတ်တဲ့ သူကို ချီးမွမ်းတာကိုတော့ ...က မကြိုက်လှဘူး။ ဒါပေမဲ့ သည်းခံနေရမှာပေါ့။ ဒါက ...တွေလေ။

"ကိုင်း ... တခြားစကားတွေ အသာထားလို့ လာရင်းကိစ္စကို ပြောကြရအောင်"

"ကျုပ်တို့ လာရင်းကိစ္စကတော့ ယောဒိက မစိန်မြိုင်က ဖိတ်ခေါ်ထားတာရယ်၊ ကိုအောင်ကြည်တို့က အဖော်ခေါ်တာရယ်ကြောင့်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ဦးဘသန်းတို့ကိုရော ကိုအောင်ကြည်တို့ကိုရော အားနာပါတယ်၊ ကျွန်မတို့အိမ်ကို တကူးတက လာရတဲ့ အတွက်ပါ၊ ကျွန်မတို့ကလည်း သားလေးက စာတစ်ဖက်နဲ့ ဆိုတော့"

ကျုပ်ရဲ့ အကြောင်းပြချက်က အဓိပ္ပာယ် မရှိလှပေမဲ့ အားလုံးက မသိဟန်ဆောင်နေကြတယ်။ ဦးအောင်ကြည်တို့ ဘက်ကလည်း ဒီကိစ္စကို ဖြစ်စေချင်လွန်းလို့။ အဖော်လိုက်လာတဲ့ လူကြီးတွေကတော့ နှစ်ဦးနှစ်ဖက် ပြေလည်နေတဲ့ကိစ္စမှာ ဘာမှ စွက်ဖက်စရာ မရှိလို့။

အမှန်တော့ သားကို နှုယ်ချိုနဲ့ စေ့စပ်ကြောင်းလမ်းဖို့ ဦးအောင်ကြည်တို့အိမ် သွားရအောင်လို့ ခေါ်ရင် မလိုက်မှာစိုးလို့ ချုပ်မိနှောင်မိဖြစ်အောင် အိမ်ကို ခေါ်ရတာ။ နောက်တစ်ချက်ကတော့ မတတ်သာလို့သာ စီစဉ်လိုက်ရပေမဲ့ သူတို့သမီးနဲ့ ကျုပ်သားက သိပ်မတန်သေးဘူး ထင်လို့ နည်းနည်းအကြောတင်လိုက်တဲ့သဘောလည်း ပါတယ်။



"ရပါတယ်၊ ရပါတယ်၊ ဒီလူနဲ့ ဒီလူ ဘာမှ ပြောနေစရာ မရှိပါဘူး၊ တစ်ရပ်ကွက်တည်းသားချင်းတွေပဲ၊ ဘယ်သူ့ဆီ ဘယ်သူလာလာ အကြောင်းမဟုတ်ပါဘူး"

"အခု ကျွန်မက သားရှင်ဆိုတော့ သမီးတောင်းတဲ့ စကား စပြီး ပြောရမှာပေါ့၊ ဒီက သမီး နှုယ်ချိုကို ကျွန်မ သားလေးနဲ့ သဘောတူပေးဖို့ ကျွန်မက တောင်းပါတယ်"

ဒီစကားတွေ ပြောနေချိန်မှာ ဦးအောင်ကြည်ရဲ့ မျက်နှာကိုပဲ တည့်တည့်စိုက်ကြည့်နေလိုက်တယ်။ သားဘက်ကိုတော့ တစ်ချက်ကလေးမှ လှည့်မကြည့်တော့ဘူး။

❂ ❖ ❂

www.burmeseclassic.com

www.burmeseclassic.com



ပြီးပြီ။ အားလုံး ပြီးဆုံးသွားပြီ။

ကျုပ် တော်တော်လေး ကျေနပ်သွားတယ်။ ဒီနေ့က တော့ အားလုံး အဆင်ပြေပြေပဲ။

မိန်းကလေးဘက်ကလည်း ရပ်ကွက်ထဲမှာ အချမ်းသာဆုံး လုပ်ငန်းရှင်တွေ ဖြစ်တာတောင် မာန်မာန မထား။ ကျုပ် ဖြစ်စေချင်တာတွေအားလုံးကို သဘောတူလက်ခံကြတာပဲ။

အင်းလေ။ သူတို့အတွက်ကလည်း လူ့အဖိုးတန် ဆရာဝန်လောင်းတစ်ယောက်ကို ရမှာကိုး။ ဒီခေတ်ထဲမှာ ကျုပ်သားလေးလို ရိုးသားလိမ္မာပြီး အလှအလာကောင်းတဲ့ လူမျိုးကို ရှာတွေ့ဖို့ကလည်း ခဲယဉ်းလှပြီလေ။





အခုမှပဲ စိတ်အေးသွားရတော့တယ်။

အရင်ကတော့ သားကိစ္စကို သိပ်အလောတကြီး ခေဉ်ဖို့ စိတ်ကူးမရှိပါဘူး။ သားလေး ကျောင်းပြီးလောက်မှ ခေဉ်မလို့ပါပဲ။

ဒါပေမဲ့ လွန်ခဲ့တဲ့ တစ်ပတ်လောက်က သားနဲ့ ခင်ချမ်းသာ ဆိုတဲ့ မိန်းကလေးကို ရယ်ရယ်မောမော အတူတွဲပြီး တွေ့လိုက်ရကတည်းက ကျုပ်စိတ်တွေ ပူခဲ့ရတာ။

တကယ်လို့များ သားဟာ ခင်ချမ်းသာနဲ့ ကြိုက်သွား ခဲ့ကတော့ ဘဝပျက်မှာ။ ဟိုဘက်က တစ်မျိုးလုံး တစ်ဆွေလုံး ာျပ်သားလေး ခေါင်းမွေးဆွဲနုတ်ကြလို့ လူမွေးလူတောင် ပြောင်မှာ ောင် မဟုတ်ဘူး။

ခုလိုဆိုတော့ ကျုပ်ဘက်က အုပ်မိသွားပြီလေ။ ာကြီးတွေပါ ခေါ်ပြီး အသိအမှတ်ပြုပြီးသွားပြီဆိုတော့ သားတော် ာင်လည်း ရှေ့ဆက် မတိုးရဲတော့ဘူးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ညှို့သည်တွေလာတုန်းက ညှို့ခံကျွေးမွေးထားတဲ့ ကော်ဖီခွက်တွေ မုန့်ပန်းကန်တွေကို သိမ်းဆည်းပြီး အဝတ်အစားကို ဝတ်နေကျ အိမ်နေရင်းဝတ်စုံနဲ့ပဲ ပြန်လဲ။

ကျုပ်သားလေးတော့ ဇွတ်ကြီး ဖြစ်သွားရတဲ့ကိစ္စကို ဘယ်လိုသဘောထားလဲ မသိဘူး။ မသိမသာ စုံစမ်းဦးမှ။

"သားရေ"

သားလေးရဲ့ အခန်းထဲ ဝင်လိုက်သွားတော့ မရှိဘူး။ ဒါနဲ့ ရေချိုးခန်း၊ အိမ်သာ၊ ထမင်းစားခန်း အနှံ့ လိုက်ရှာလည်း မရှိ။

ခြံထဲဆင်းသွားသလားလို့ မျှော်ကြည့်တော့လည်း မရှိပြန်။

ဒါနဲ့ သားအခန်းထဲနောက်တစ်ခေါက် ပြန်ဝင်ကြည့်ရပြန်ရော။ ကျုပ်အိမ်က ကျဉ်းကျဉ်းလေးပဲဟာ။ လူတစ်ယောက်လုံးကို ဒီလောက် တပင်တပန်း လိုက်ရှာစရာ မလိုပါဘူး။





ဒါနဲ့ သားအခန်းထဲက စားပွဲပေါ်မှာ တင်ထားနေကျ ကျောပိုးအိတ်လည်း မရှိပါလား။ စားပွဲပေါ်မှာလည်း ခါတိုင်းထက် ရှင်းလင်းနေသလိုပဲ။ စာအုပ်အတော်များများ မရှိတော့ဘာ။

သားလေး သူငယ်ချင်းအိမ်မှာ စာကျက်သွားကျက်သလား၊ ဒါတော့ မဖြစ်နိုင်ဘူး။

သားက သူ ဘယ်သွားသွား အမေကို ပြောနေကျ။

သားအခန်းထဲကနေ ပြန်ထွက်ဖို့အပြင်မှာပဲ စားပေါ်မှာ ပေတံတစ်ချောင်းနဲ့ ဖိထားတဲ့ စာရွက်ပိုင်းလေးတစ်ခုကို တွေ့လို့ အမှတ်မထင် ကြည့်လိုက်တော့ ...

"အမေ ...

သားတစ်သက် အမေ့ စကားကို နားထောင်ပြီး လိမ္မာခဲ့ပါတယ်နော်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ သား မလိမ္မာနိုင်တော့ဘူး။ သားရဲ့ ဘဝတစ်သက်စာ အရေးမို့ပါ။

အမေ စီစဉ်တာကို သား လက်မခံနိုင်ပါဘူး။ သားမှာ ချစ်ရမဲ့သူ ရှိပြီးသားမို့ပါ။ သားရဲ့ ချစ်သူကတော့ ခင်ချမ်းသာပါပဲ။ သူနဲ့ အမေ ဘယ်လိုမှ သဘောမတူနိုင်တာကို သိပေမဲ့ သားကို သနားချစ်နဲ့ ချစ်မိသွားလို့ပါ။

အမေ့အစီအစဉ်တွေ ရှေ့တိုးပြီး အားလုံး မလွန်ခင် သားက လက်ဦးအောင် သားချစ်သူနဲ့ ထွက်သွားပါပြီ။

မလိမ္မာတဲ့

အမေ့သား အလိမ္မာ"

စာရွက်ကလေးကို ကိုင်ပြီး ကျူပ် ဒူးတွေ ညွတ်ခွေကျသွားတော့တယ်။

ကျူပ် တစ်သက်လုံး အပိုင်အနိုင် ထားပြီး မွေးမြူလာတဲ့ သားက အခုတော့ ကျူပ်ကို ခြေစုံကန်၊ ကျူပ်လက်နဲ့ ရေးသမျှ ခြေနဲ့ ဖျက်ပြီး ထွက်သွားခဲ့ပြီကိုး။





သားနှင့် အတူပါသွားတာကတော့ အနှစ်နှစ်အလလက တည်ဆောက်ထားခဲ့ရတဲ့ ကျူပ်ရဲ့ မျှော်လင့်ချက်တွေ။

❂❖❂



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိန်မြိုင်တစ်ယောက် ငိုရမှန်းလည်းမသိ၊ ရယ်ရမှန်းလည်း မသိလောက်အောင် အပူလုံးဆို့ပြီး ကျန်ရစ်ခဲ့ချိန်မှာ သူမရဲ့ သားအလိမ္မာကတော့ အမေ သဘောမတူသည့် ချစ်သူ ခင်ချမ်းသာနဲ့အတူ အမေနဲ့ ဝေးရာသို့ ဦးတည်ထွက်ခွာသွားခဲ့လေပြီ။

ခင်ဦးဆင်ခင်

(ဆေးတက္ကသိုလ်)

7:00 P.M

2. 1. 2006

MONDAY.

www.burmeseclassic.com